# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၅၀)


# ဦးကိုနီနှင့် ဦးနေဝင်းတို့အတွက် အောက်မေ့ဖွယ် အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ကျန်ရစ်သူ နှစ်ဖက်မိသားစုဝင်များကို အားပေးစကားပြောကြားသည်။

ရှေးဦးစွာ အခမ်းအနားမှူးက တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးကိုနီသည် ဥပဒေအထောက်အကူပြု အဖွဲ့ထဲတွင် ပါဝင်ခဲ့ခြင်းမှာ ယုံကြည်ချက်နှင့် တရားဥပဒေစိုးမိုးရေးအတွက် တက်တက်ကြွကြွ တတ်နိုင်သလောက် ပါဝင်ကူညီခဲ့သူ ဖြစ်ပါကြောင်း၊ မိမိတို့သည် ဦးကိုနီအား ရဲဘော်ရဲဘက် တစ်ယောက်အနေဖြင့်ရော၊ ဥပဒေပညာရှင်တစ်ယောက်အနေဖြင့်ပါ အင်မတန်မှ လေးစားပါကြောင်း၊ တန်ဖိုးထားပါကြောင်း၊ အလားတူ ပုဂ္ဂိုလ်မျိုး များများရှိမှသာ မိမိတို့နိုင်ငံတွင် ကိုယ်လုပ်ချင်သည့်ကိစ္စကို တရား

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့် အငှားယာဉ်မောင်း ဦးနေဝင်းတို့အတွက် အောက်မေ့ဖွယ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများ လျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက် ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။

(ဂ) မြေဝင်အိမ်တိုင်များအား ချောင်း၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## Yangon Book Plaza ဖွင့်ပွဲမှ စာပေချစ်မြတ်နိုးသူများ၏ ရင်တွင်းပီတိစကားသံများ

*စာမျက်နှာ - ၅*

## နှစ်ကျိပ်ရှစ်ဆူ သမ္ဗုဒ္ဓေဘုရားရှင်များ မြို့တွင်းသို့ လှည့်လည်ပူဇော်ခံ

*စာမျက်နှာ - ၉*


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ကြက်ဥ၊ ကြက်သားနှင့် ကြက်ငှက်တုပ်ကွေး

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အသိပေးနှိုးဆော်ချက်တစ်ရပ် ထုတ်ပြန်ထားပြီးဖြစ်သည်။ မိမိတို့၏အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိကာလအတွင်း လူ ၂၅၉ ဦးတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး ($H_7N_9$) ဖြစ်ပွားခဲ့ရာ ၈၈ ဦး သေဆုံးခဲ့ကြောင်းသတင်းထုတ်ပြန်ထားခဲ့သဖြင့် ပြည်တွင်းသို့ဝင်ရောက်ကူးစက်မလာစေရေးအတွက် ယင်းသို့ အသိပေးနှိုးဆော်ခဲ့ခြင်းလည်းဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ လူအများထံသို့ကူးစက်ရာတွင် ယင်းရောဂါဖြစ်ပွားစေသော $H_7N_9$ ခေါ် ဗိုင်းရပ်စ်ပိုးက ကြက်နှင့်ကြက်ထွက်ပစ္စည်းများ၊ ၎င်းတို့နှင့်ထိစပ်နေသော ပတ်ဝန်းကျင်တို့မှ တစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားကာ လူအများအပြားသေဆုံးမှုဖြစ်ပေါ်နေသည့် နေရာဒေသမှ ကြက်သား၊ ကြက်ဥအပါအဝင် ကြက်၊ ဘဲတို့မှ ထွက်ကုန်ပစ္စည်းများကို ရှင်းလင်းဖယ်ရှားပစ်ရမည့် အစား နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် မိမိတို့ပြည်တွင်းဈေးကွက်များသို့ရောက်အောင် ဝိသမလောဘသမားတို့က တင်သွင်းလျက်ရှိကြောင်း သတင်းများထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိသေးသော်လည်း တရုတ်နိုင်ငံနှင့်ထိစပ်နေသည့် နယ်စပ်ဒေသများရှိ စစ်ဆေးရေးစခန်းများတွင် ကြက်၊ ဘဲနှင့် ကြက်ထွက်ပစ္စည်းများတင်သွင်းမှုများကို စစ်ဆေးနေပြီး ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များကလည်း ရှမ်းပြည်နယ် မူဆယ်ဒေသသို့ ကွင်းဆင်း၍ ရောဂါဆိုင်ရာစူးစမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အသိပေးနှိုးဆော်ချက်တွင် ဖော်ပြထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် ကြက်ခြံ၊ ငုံးခြံများတွင် ဇီဝလုံခြုံမှုဆိုင်ရာမြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊ အသား၊ ဥစသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်နှင့် ကြက်ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန် စသည့် အချက်အလက်များအပါအဝင် စုစုပေါင်းအချက် (၈)ချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်ပြန်ကာ အသိပေးနှိုးဆော်ထားသည်။

ကြက်ဥ၊ ကြက်သားစသည်တို့မှာ ပြည်တွင်း၌ နေ့စဉ်စားသုံးမှုများပြားသည့်အလျောက် နယ်စပ်ဒေသများမှ တရားမဝင်နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာမည့် ကြက်သား၊ ကြက်ဥအပါအဝင် မွေးမြူရေးထွက်ကုန်ပစ္စည်းများက စားသုံးသူပြည်သူများအတွက် ကူးစက်ရောဂါအန္တရာယ်သယ်ဆောင်လာနိုင်သည့်အပြင် စီးပွားရေးဈေးကွက်အရလည်း ပြည်တွင်းမွေးမြူရေးလုပ်ငန်းရှင်များကို ထိခိုက်စေနိုင်မည်ဖြစ်ရာ နိုင်ငံနှင့်ပြည်သူများအတွက် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်မလာစေရန် ကြိုတင်ကာကွယ်တားဆီးမှုများ ပြုလုပ်ကြရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြည်တွင်းရှိ ကြက်ဥ၊ ကြက်သားလက်လီလက်ကားဈေးကွက်များ၌ တရားမဝင် ကြက်ဥ၊ ကြက်သားများရောင်းချမှုမရှိစေရေးနှင့် ကြက်ငှက်တုပ်ကွေးကင်းစင်ရေးအတွက် လိုအပ်သောစစ်ဆေးမှုများပြုကာ စားသုံးသူပြည်သူများကို ကာကွယ်ပေးရန်လည်း လိုအပ်မည်ဟု တိုက်တွန်းလိုပါကြောင်း။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# အစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း



**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါရှင်းလင်းပွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများကို တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်းတို့က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများ စုစုပေါင်း ၁၀၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

**ထူးခြားသည့် ညအပူချိန်များ**

၂၆-၂-၂၀၁၇

**နမ့်စန်မြို့**
၃ ဒီဂရီစင်တီဂရိတ်

**ဟားခါးမြို့**
၃ ဒီဂရီစင်တီဂရိတ်

**မိုင်းယန်းမြို့**
၆ ဒီဂရီစင်တီဂရိတ်

**လွိုင်လင်မြို့**
၇ ဒီဂရီစင်တီဂရိတ်



သဲကုန်းမြို့နယ် ပုတီးကုန်းမြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ မုန့်ဈေးဆိုင်များနှင့် သားငါးဆိုင်များတွင် ပြည်သူများ စားသုံးရန်သင့်/မသင့် စားသောက်ကုန်များ၊ အေးခဲအသားများ ရောင်းချခြင်းမရှိစေရေးအတွက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များ ဖေဖော်ဝါရီ ၂၄ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်    (မြို့နယ် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၆-၂-၂၀၁၇    ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၈ · ၇ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၁ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

✻ *ရှေ့ဖုံးမှ*

ဥပဒေဘောင်အတွင်းမှ လုပ်သည် ဆိုသည့် အစဉ်အလာခိုင်မြဲသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် "အပြစ်တစ်ခုကျူးလွန်ပြီးတော့ အလွတ်ရုန်းသွားမယ့်သူကို ဖမ်းတယ်ဆိုတာ သူ့ကို မုန်းလို့ မဟုတ်ဘူး။ ဒီလိုအပြစ်တွေကို ကျူးလွန်ချင်တိုင်း ကျူးလွန်လို့မရဘူး။ ကိုယ်မလုပ်သင့်တဲ့၊ မလုပ်ထိုက်တဲ့ကိစ္စတွေ၊ ရာဇဝတ်မှုတွေ၊ အပြစ်တွေ၊ သူတစ်ပါးကို ထိပါးစေတဲ့ အလုပ်တွေကို လုပ်ချင်တိုင်းလုပ်ပြီး လွတ်လွတ်လပ်လပ်နဲ့ ပြေးချင်တိုင်း ပြေးလို့ရတယ်ဆိုတာ ဒါမဖြစ်သင့်ဘူး။ တရားဥပဒေစိုးမိုးတဲ့ အသိုင်းအဝိုင်းမှာ ဒါမျိုးဟာ မဖြစ်သင့်ဘူးဆိုတဲ့ ယုံကြည်ချက်နဲ့ ဦးနေဝင်းက လုပ်တယ်လို့ ကျွန်မ ယုံကြည်တယ်"ဟု ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူသားတိုင်းသည် အခြေခံအားဖြင့် စိတ်ချမ်းသာချင်ကြောင်း၊ လူကျန်းမာချင်ကြောင်း၊ ကိုယ်မကျန်းမာလျှင် စိတ်ချမ်းသာရန်ခက်ကြောင်း၊ ကိုယ်ကျန်းမာသော်လည်း ပူပင်သောကများနေလျှင်၊ စိတ်လုံခြုံမှုမရှိဘူးဆိုလျှင်၊ ကိုယ့်ပတ်ဝန်းကျင်တွင် လုံခြုံမှုမရှိဘူးဆိုလျှင်၊ အေးငြိမ်းမှုမရှိဘူးဆိုလျှင် စိတ်လည်း မချမ်းသာပါကြောင်း၊ နိုင်ငံသူနိုင်ငံသားအားလုံး၊ မိမိတို့နိုင်ငံတွင် မှီတင်းနေထိုင်သူများအားလုံး ကျန်းမာရန်၊ ချမ်းသာရန်ဆိုသည့် ရည်ရွယ်ချက်သည် မိမိတို့၏မူဖြစ်ပါကြောင်း၊ လူသားများအတွက် ရည်ရွယ်ချက်၊ ယုံကြည်ချက် ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းအတွက်၊ အစိုးရတစ်ခုအတွက် ၁၀ လ၊ တစ်နှစ်ဆိုသည်မှာ ဘာမျှမဟုတ်ပါကြောင်း၊ ကာလတိုသာရှိပါသေးကြောင်း၊ ဒီလိုကာလတိုလေးအတွင်း မိမိတို့ဘာကျေနပ်ဖွယ်ရာတွေရှိခဲ့သလဲဆိုလျှင် ကျေနပ်ဖွယ်ရာများအသီးသီးရှိပါကြောင်း၊ ထိုကျေနပ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးတို့ ကျန်ရစ်သူနှစ်ဖက်မိသားစုဝင်များအား အားပေးစကားပြောကြားစဉ် (သတင်းစဉ်)



စရာများထဲတွင် မိမိတို့၏ အဖွဲ့ချုပ်ထဲတွင် ဦးကိုနီ၊ ဦးနေဝင်းတို့လို ပုဂ္ဂိုလ်များ ပါခဲ့သည်မှာလည်း မိမိတို့အတွက် အင်မတန်ကျေနပ်စရာတစ်ခု၊ ဂုဏ်ယူစရာ ကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဘယ်တော့မှ မမေ့ပါကြောင်း၊ မိမိတို့လုပ်သင့်လုပ်ထိုက်သည်ကို မလုပ်ရဲသေးသည့်အချိန်မှာ၊ မလုပ်သင့်မလုပ်ထိုက်တာကို ကြောက်လို့ မလွန်ဆန်ရဲသည့်အချိန်မှာ မိမိတို့အဖွဲ့ချုပ်၏ အဖွဲ့ဝင်များထဲမှ အာဇာနည်သူရဲကောင်းများ၊ နိုင်ငံသားကောင်းများ ရှိခဲ့သည်ဆိုသည့်အသိကို အမြဲအောက်မေ့ပြီး အင်အားဖြစ်ကြပါစို့လို့ ဆန္ဒပြုပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နာယက သူရဦးတင်ဦးတို့ အငှားယာဉ်မောင်း ဦးနေဝင်း မိသားစုအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ် (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်ရစ်သူ နှစ်ဖက်မိသားစုဝင်များနှင့် သီးသန့်တွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ယနေ့ကျင်းပသည့် အောက်မေ့ဖွယ်အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နာယက သူရဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းထိန်၊ ဦးဉာဏ်ဝင်း၊ ဦးဟံသာမြင့်၊ ဦးကိုနီ၏ ကျန်ရစ်သူမိသားစုဝင်များ၊ ဦးနေဝင်း၏ ကျန်ရစ်သူမိသားစုဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဇော်ဇော်ကြီး**

# ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.HOR Namhong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညေ ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(သတင်းစဉ်)**



**ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.HOR Namhong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက်ခြင်း -ဥပမာ)

(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။

(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ဇ) အိမ်များကြွခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါအချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

(ခ) မဖြစ်မနေ အိမ်ပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။

(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။

(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ်ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

| | |
|---|---|
| ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) | -၀၆၇-၄၀၄၆၆၆ |
| Hot Line No များ | -၀၆၇-၄၀၄၇၇၇ |
| | - ၀၆၇-၄၀၄၂၂၂ |

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။ **(မိုး/ဇလ)**

# ၂၀၁၇ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆုတံဆိပ်အများဆုံးရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၇ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ(က)အဆင့်ဗိုလ်လုပွဲအဖြစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ (ခ)အဆင့်နှင့် (က)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့်အသင်းများ၊ (ခ)အဆင့်နှင့် (က)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသော အသင်းများ၊ (ခ)အဆင့်နှင့်(က) အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အသင်းများ၊ (ခ) အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆုများနှင့် (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်း၊ (က)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆုများနှင့်(က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းတို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက ဘောလုံးပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ပြီး ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ(က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၁၆ ဆု၊ ငွေတံဆိပ် ၅၇ဆုနှင့် ကြေးတံဆိပ် ၄၉ ဆု စုစုပေါင်းဆုတံဆိပ် ၂၂၂ ဆုဖြင့် ဆုအများဆုံးရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများကိုပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိက လက်ခံရယူသည်။

ထို့နောက် မီးရှူးမီးပန်းများ ပစ်ဖောက်၍ ၂၀၁၇ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို အောင်မြင်စွာပိတ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာစာအုပ်လောကကို တိုးတက်မြင့်မားစေမည့် Yangon Book Plaza ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

Yangon Book Plaza ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သံဈေးအဆောက်အအုံငါးလွှာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် Yangon Book Plaza ဥက္ကဋ္ဌ ဒေါ်သက်သက်နိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ထို့နောက် ဆရာ မောင်သွေးသစ်က Yangon Book Plaza ဖွင့်ပွဲအထိမ်းအမှတ် စာအုပ်တက္ကသိုလ်ကျောင်းဗဟိုကဗျာကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာဖတ်ဝါသနာပါသူများသည် စာအုပ်ဆိုင်သို့ရောက်ကြကြောင်း၊ စာပေသမားသည် စာကြည့်တိုက်နှင့် စာအုပ်ဆိုင်ပတ်ဝန်းကျင်များ၌သာ ပျော်မွေ့သည့်သဘောရှိကြောင်း၊ နိုင်ငံတကာ စာအုပ်ဆိုင်များနည်းတူ ယခု Yangon Book Plaza သည်လည်း အကောင်းဆုံး၊ အပြည့်စုံဆုံးဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်ဟု မြင်ပါကြောင်း၊ Yangon Book Plaza သည် မြန်မာစာပေ၊ မြန်မာစာအုပ်လောကကို တစ်ခေတ်ပိုပြီးတိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ပါစေ၊ မြန်မာစာပေလောကကို ဒီထက်မကတိုးတက်အောင် မြှင့်တင်ပေးနိုင်ပါစေ၊ Yangon Book Plaza အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက Yangon Book Plaza ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Yangon Book Plaza အတွင်း ခင်းကျင်းစီစဉ်ထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် ပထမဆုံး Yangon Book Plaza ကို နေ့စဉ် နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ Yangon Book Plaza ၌ ကလေးကစားကွင်း၊ ကော်ဖီဆိုင်၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်၊ စာအုပ်မျိုးစုံရောင်းချမည့် စာအုပ်ဆိုင်ကြီးနှစ်ဆိုင်၊ စာပေတိုက် ၃၀ မှ စာအုပ်ဆိုင်ခန်းများ၊ ဖျော်ဖြေရေးစင်မြင့်များ၊ စာအုပ်အဟောင်း အရောင်းဆိုင်တန်း၊ အင်္ဂလိပ်စာအုပ် သီးသန့်အရောင်းဆိုင်နှင့် စာချစ်သူအများပြည်သူနားနေရန် နေရာများပါရှိသည်။



ထို့အပြင် Yangon Book Plaza ကော်မတီက တစ်နှစ်လျှင် လက်ရွေးစင်စာအုပ် ၁၂ အုပ်ကို ရွေးချယ်ကာ စာအုပ်ရေးသားသူ စာရေးဆရာ၊ ဆရာမကြီးများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၇ ရက်အထိ ဝယ်ယူသော စာအုပ်တန်ဖိုး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေး

**တောင်ငူ ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက တောင်ငူမြို့ရှိ ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သိန်းလွင်က ဆွေးနွေးပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ဆွေးနွေးပြောကြားပြီး KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ပဒိုစောတာဒိုမှူးက ငြိမ်းချမ်းရေးနှင့်ပတ်သက်သည်များကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးက ဆွေးနွေးပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တောင်ငူခရိုင်မှ ကိုယ်စားလှယ်တစ်ဦး၊ ပဲခူးခရိုင်မှ ကိုယ်စားလှယ်တစ်ဦး၊ ပြည်ခရိုင်မှကိုယ်စားလှယ်တစ်ဦး၊ သာယာဝတီခရိုင်မှ ကိုယ်စားလှယ်တစ်ဦးတို့က နိုင်ငံရေးဆိုင်ရာ စာတမ်းများကို ဆွေးနွေးဖတ်ကြားခဲ့သည်။

စီးပွားရေးဆိုင်ရာ စာတမ်းများကို တိုင်းဒေသကြီးအတွင်းရှိ လေးခရိုင် မြို့နယ်များမှ ကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးဖတ်ကြားခဲ့သည်။

ထို့နောက် UPDJC ၏ တာဝန်ရှိသူ ဦးလှမောင်ရွှေက ဆွေးနွေးပွဲ၏ ရလဒ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားများ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၈ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# Yangon Book Plaza ဖွင့်ပွဲမှ စာပေချစ်မြတ်နိုးသူများ၏ ရင်တွင်းပီတိစကားသံများ

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ရဲထွဋ်

**မြန်မာစာအုပ် စာပေလောက ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးဆက်သစ်လူငယ်လူရွယ်များ စာပေနှင့်ရင်းနှီးကျွမ်းဝင်ကာ စာအုပ်စာပေများမှတစ်ဆင့် စာပေအသိပညာ ဗဟုသုတဖြင့် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ရည်မှန်းချက်ရှိရှိ အနှစ်သာရထိမိစွာဖြင့် စွမ်းဆောင်နိုင်စေရန်ရည်ရွယ်ကာ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သံဈေးအဆောက်အအုံငါးလွှာ၌ Yangon Book Plaza ကို ဖွင့်လှစ်သည်။**

**ယင်းသို့ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းစဉ် သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည့် စာပေချစ်မြတ်နိုးသူများ၏ ရင်တွင်းစကားသံများကို ရေးသားဖော်ပြလိုက်ရပါသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မီဒီယာသမားများ၏ မေးမြန်းချက်ကို ဖြေကြားနေစဉ်

**စာအုပ်သမားတွေအတွက် စာအုပ်အဟောင်းတန်းလေးပါ ပြည့်စုံအောင် လုပ်ပေးထားတယ်။ အသစ်ရော၊ အဟောင်းပါ မဖတ်ရသေးတဲ့ စာအုပ်တွေ၊ ရှားပါးစာအုပ်တွေ စုဆောင်းတဲ့လူတွေအတွက်လည်း အဆင်ပြေအောင် လုပ်ပေးထားတာ တွေ့ရပါတယ်**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**

စာအုပ်တွေအပြည့်အစုံနဲ့ စာအုပ်ဆိုင်ကြီးကိုတွေ့ရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ ငယ်ငယ်လေးကတည်းက စာအုပ်ဆိုင်တို့၊ စာကြည့်တိုက်တို့ သွားရတာ ပျော်တယ်။ စာပေပတ်ဝန်းကျင်မှာပဲ နေချင်တယ်။ ဒီလိုစာအုပ်ဆိုင်တွေမှာ စာအုပ်လည်း ကြည့်လို့ရမယ်။ လက်ဖက်ရည်ဆိုင်ထိုင်ပြီး စာအုပ်အကြောင်းတွေလည်း ထိုင်ပြောလို့ရတယ်။ ဒီလိုနေရာမျိုးကို အရင်ကတည်းက ရှိစေချင်တာ။ ဒီမှာ စာအုပ်တွေယူပြီး စားပွဲမှာထိုင်ပြီး ဖတ်လို့ရတယ်။ ကြိုက်တဲ့ စာအုပ်ဝယ်နိုင်တယ်။ ဒီလိုနေရာမျိုးမှာ ကလေးတွေအတွက်ရော၊ လူကြီးတွေအတွက်ပါ အဆင်ပြေအောင် လုပ်ပေးထားတယ်။ ဒီ့ထက်မက ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုတောင်းပါတယ်။ စာအုပ်သမားတွေအတွက် စာအုပ်အဟောင်းတန်းလေးပါ ပြည့်စုံအောင်လုပ်ပေးထားတယ်။ အသစ်ရော၊ အဟောင်းပါ မဖတ်ရသေးတဲ့ စာအုပ်တွေ၊ ရှားပါးစာအုပ်တွေ စုဆောင်းတဲ့လူတွေအတွက်လည်း အဆင်ပြေအောင် လုပ်ပေးထားတာ တွေ့ရပါတယ်။



ဦးစန်းမွန်အောင်(မြေမှုန်လွင်)



ဦးမျိုးနိုင်ကျော်



ကိုခွန်ရှားလှိုင်



မသက်မွန်ခြူး



ဒေါ်တုတ်တုတ်



မောင်ညီညီထူး

**ဦးစန်းမွန်အောင်(မြေမှုန်လွင်)Yangon Book Plaza တည်ထောင်သူ**

ရည်ရွယ်ချက်ကတော့ Yangon Book Plaza ဆိုတာ မြန်မာပြည်မှာ အကြီးမားဆုံးနဲ့ အစုံလင်ဆုံး ပလာဇာကြီး ဖြစ်ပါတယ်။ စာပေနဲ့ ပြည်သူတွေ ဝေးကွာနေရာကနေ ပြန်ပြီးနီးစပ်စေချင်တယ်။ ပလာဇာမှာ စာအုပ်ဝယ်ရုံတင် မကဘူး၊ စာအုပ်ဝယ်နေရင်းနဲ့ လူတွေ အပန်းဖြေရအောင်ဆိုပြီးတော့ ကော်ဖီဆိုင်တွေရှိတယ်၊ ကလေးကစားကွင်းတွေရှိတယ်။ သူတို့လာပြီး အပန်းဖြေလို့ရတဲ့ နေရာတစ်နေရာဖြစ်တယ်။ အပန်းဖြေရင်း စာအုပ်တွေကို စိတ်ဝင်စားလို့ တစ်စုံတစ်ခု ယူဖတ်မိသွားမယ်ဆိုရင် ကျွန်တော်တို့အတွက်၊ တိုင်းပြည်အတွက် အကျိုးအမြတ် ဖြစ်မယ်။ အဓိက လုပ်ချင်တာက စာပေနဲ့လူထု ဝေးကွာနေတဲ့ကြားက တံတားလေးတစ်ခု ဖြစ်စေချင်ပါတယ်။

Yangon Book Plaza က အဲဒီလို ရည်ရွယ်ရင်းနဲ့ တည်ထောင်ထားတာပါ။ ဒီထဲမှာ အပန်းဖြေစရာတွေ အများကြီးပါပါတယ်။ ဒါကြောင့် စာအုပ်စိတ်မဝင်စားရင်လည်း လာရောက်အပန်းဖြေရင်း ကလေးကစားကွင်းမှာ သားသမီးတွေ လာကစားလို့ရတယ်။ ကော်ဖီဆိုင်ထိုင်လို့ရတယ်။ လူထုအပန်းဖြေလို့ရတဲ့ နေရာလေးတစ်ခုအဖြစ် တည်ဆောက်ထားတာ ဖြစ်ပါတယ်။ စာပေဖွံ့ဖြိုးရေးအတွက် တစ်နှစ်စာ အကောင်းဆုံး လက်ရွေးစင်စာအုပ် ၁၂ အုပ် ရွေးထားတယ်။ အဲဒီ ၁၂ အုပ်ကို လတိုင်းမှာ လူငယ်တွေ ဆွေးနွေးမယ်၊ ဆွေးနွေးရင်း အဲဒီလူငယ်တွေက စာရေးဆရာတွေရဲ့စာပေလက်ရာတွေကို သိလာမယ်၊ ကျွမ်းကျင်လာမယ်။ အမြင်တွေ ကျယ်လာမယ်။ မျိုးဆက်သစ် စာရေးဆရာတွေ ပေါ်ထွက်လာရင် တိုင်းပြည်အတွက်၊ ရသစာပေအတွက် ကောင်းကျိုးဖြစ်လာမယ်။

အလားတူ စာရေးဆရာကြီး ၁၂ ယောက်ထဲက တစ်လတစ်ဦးနှုန်းနဲ့ စာပေဟောပြောပွဲတွေ လုပ်သွားမယ်။ ဒါမှလူငယ်တွေက စာပေကို ပိုပြီးစိတ်ဝင်စားလာမယ်။ တိုင်းပြည်ရဲ့စာပေလောက ဖွံ့ဖြိုးလာမယ်။ စာအုပ်နဲ့ ပတ်သက်ပြီးတော့ ပွဲလမ်းသဘင်တွေအများကြီး လုပ်မယ်။ ပန်းချီသင်တန်း၊ ဂစ်တာသင်တန်းရှိမယ်။ အနုပညာရဲ့ရပ်ဝန်းလေး တစ်ခုဖြစ်နေမယ်။ လူတွေနဲ့ အနုပညာ ပြန်နီးလာမယ်။ ပိုပြီးယဉ်ကျေးလာမယ်။ နှလုံးသားရင့်ကျက်လာမယ်။ ဒီလို ရည်ရွယ်ထားပါတယ်။ လူငယ်တွေ လာရောက်အပန်းဖြေကြပါလို့ ပြောချင်ပါတယ်။

**ဦးမျိုးနိုင်ကျော်(ကဗျာဆရာ နိုင်သစ်နီ-ဇွန်ပွင့်စာအုပ်တိုက်)**

Yangon Book Plaza ဖွင့်လိုက်တဲ့အတွက် ရသစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တစ်ဒေသ ကဏ္ဍတစ်ခု အနေနဲ့ ပါဝင်ပတ်သက်တယ်လို့ ခံယူပါတယ်။ ထူးခြားတာက Yangon Book Plaza မှာက တစ်နေရာတည်းမှာတင် မိမိကြိုက်နှစ်သက်ရာ စာအုပ်အမျိုးအစားပေါင်းစုံကို ရွေးချယ်ဝယ်ယူနိုင်တဲ့ အခွင့်အရေးရှိတယ်။ မြို့ထဲမှာရှိတဲ့ ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် သွားနေတာထက်စာရင် ဒီမှာက အားလုံးတိုက်ပေါင်းစုံက စာအုပ်ပေါင်းစုံ အမျိုးအစားပေါင်းစုံကို မိမိကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်တဲ့အတွက် စာဖတ်တဲ့မျိုးဆက်သစ်ပရိသတ်တွေအတွက် အခွင့်ထူးလို့ ခံစားမိပါတယ်။ Yangon Book Plaza ရဲ့ ထူးခြားတဲ့အစီအစဉ်က လက်ဆောင်တွေပေးမယ်၊ စာအုပ်အရောင်းမြှင့်တင်ရေးပွဲတွေလုပ်မယ်၊ စာရေးဆရာတွေ ကိုယ်တိုင် လက်မှတ်ထိုးတဲ့အစီအစဉ်တွေပါမယ်၊ ကဗျာရွတ်ပွဲတွေပါမယ်။ ရေးသူဖတ်သူ ဆွေးနွေးပွဲတွေပါမယ်။ စာပေနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ တစ်လနဲ့တစ်လ မရိုးအောင်၊ မထပ်အောင်စီစဉ်ထားတာရှိသလို စာအုပ်ကို လာဝယ်တဲ့ မိသားစုတွေ ကလေးပါလာရင် ကလေးကစားကွင်းရှိတယ်။ ကလေးနဲ့ ပတ်သက်တဲ့ စာအုပ်ဆိုင်တွေလည်း တစ်နေရာတည်းဝယ်လို့ရတယ်။ လူငယ်တွေအတွက် မိမိကြိုက်နှစ်သက်ရာ စာအုပ်ကို ရွေးချယ်ခွင့်အများကြီးရတယ်။ တစ်ထိုင်တည်းမှာ စာမြည်းလို့လည်းရတယ်။ ကော်ဖီဆိုင်လည်းရှိတယ်။ စာပေဆွေးနွေးပွဲတွေကိုလည်း ဝင်ရောက်လေ့လာပြီး ကိုယ်ကိုယ်တိုင် ဆင်နွှဲနိုင်တယ်။ စာချစ်သူတွေအတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ပါတယ်။

**စာရေးဆရာ ကိုခွန်ရှားလှိုင်**

Yangon Book Plaza က မြန်မာပြည်ရဲ့ အကြီးဆုံးမို့ လာရောက်ကြည့်ရှုတာပါ။ စာအုပ်ဆိုင်တွေမှာ ဘယ်လိုစာအုပ်မျိုးတွေ ရှိမလဲဆိုပြီး လာရောက်ကြည့်ရှုတာပါ။ အများကြီး အကျိုးသက်ရောက်မှုတွေရှိတယ်။ ဒီမှာ တစ်စုတစ်ဝေးတည်း စာအုပ်ပေါင်းစုံကို ရနိုင်တယ်။ လူငယ်တွေအတွက်သာ မဟုတ်ဘူး။ ကလေးတွေအတွက်ပါ အဆင်ပြေတယ်။ စီစဉ်ပေးထားတာတွေ ရှိတယ်။ ကဗျာရွတ်ပွဲတွေလည်း လုပ်ပေးမယ်။ စာအုပ်ကို အေးအေးဆေးဆေး ဝယ်လို့ရအောင်လို့ နားစရာနေရာတွေ၊ အပန်းဖြေစရာတွေ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး မြည်းစမ်းကြည့်ပြီး ဝယ်လို့ရတယ်။ အဓိက က ရသစာပေနဲ့ ပတ်သက်တဲ့စာအုပ်တွေ အများကြီးရနိုင်တယ်။ အမျိုးအစားအများကြီး ရှိတယ်။ ဒီကိုလာခြင်းဖြင့် မိမိကြိုက်တဲ့ စာအုပ်မျိုးစုံကို စိတ်ကြိုက်ရွေးချယ်နိုင်တယ်။ လူကြီးလူငယ်တွေအတွက် အခွင့်အရေးပါ။ စာပေဝါသနာပါသူတွေ လာစေချင်တယ်။ စာအုပ်တန်းတွေမှာ ကိုယ်ဖတ်ချင်တဲ့ စာအုပ်ကိုရှာရတာ အခက်အခဲရှိမယ်။ ဒီမှာက တော်တော်စုံတယ်။ တစ်နေရာတည်းမှာပဲ ကိုယ်ကြိုက်တဲ့စာအုပ်ကို ဝယ်ယူနိုင်တယ်။ လူကြီးလူငယ်တွေ လာရောက်ကြည့်ရှုစေချင်တယ်။ ရသစာပေကို တကယ်ဖတ်မှ စာဖတ်တယ်လို့ ခေါ်တယ်။ ရသစာပေကိုဖတ်မှ ကိုယ်ချင်းစာတရားတွေ၊ နားလည်မှုတွေ ရှိလာမယ်။ စာဖတ်တဲ့ အလေ့အကျင့်ကို မွေးဖို့ လိုတယ်။ စာများများဖတ်ဖို့ လိုတယ်။ စိတ်ဓာတ်မြှင့်တင်ပေးတဲ့ အတွေးအမြင်ကို သင်ကြားပေးတဲ့ စာမျိုးတွေ များများ ဖတ်ပါ။ စာဖတ်တဲ့ အလေ့အကျင့်ရသွားရင် လောကကြီးရော၊ လူ့အဖွဲ့အစည်းအတွက်ရော ပိုကောင်းလာမယ်။ ကိုယ်ချင်းစာတရားတွေရှိလာပြီး အချင်းချင်း ဖေးမပြီးတော့ မှုခင်းတွေလည်း လျော့နည်းသွားမယ်။

**မသက်မွန်ခြူး(အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်)**

Online ကသိပြီး လာတာပါ။ ဂျာနယ်လစ်ဇင်သင်တန်းကျောင်းတက်နေသူ တစ်ယောက်ဖြစ်တဲ့အတွက် ဂျာနယ်လစ်နဲ့ ပတ်သက်တဲ့ စာအုပ်တွေ လာကြည့်တာပါ။ ဒီလို Yangon Book Plaza ဖွင့်ခြင်းဖြင့် လူငယ်တွေအတွက်လည်း တစ်နေရာတည်းမှာ စာအုပ်မျိုးစုံရမယ်။ စာမျိုးစုံကိုလည်း ရှာဖတ်လို့ရမယ်။ ရသစာပေကို အများဆုံးဖတ်တယ်။ လူငယ်တွေက စာများများ ဖတ်ဖို့လိုတယ်။ ကမ္ဘာ့အကြောင်း၊ နိုင်ငံအကြောင်းကို စာအုပ်ထဲက သိရှိနိုင်မယ်။ Yangon Book Plaza ဖွင့်လိုက်တဲ့အတွက် စာအုပ်မျိုးစုံကို တစ်နေရာတည်းမှာ အေးအေးဆေးဆေး လေ့လာဖတ်ရှု ဝယ်ယူနိုင်မယ်လို့ ထင်ပါတယ်။

**ဒေါ်တုတ်တုတ်(ရွှေရည်ဦးစာအုပ်ဆိုင်)**

စာအုပ်ဆိုင်ဖွင့်ဖြစ်တာက အမျိုးသားက သည်းခြေကျောက်ဖြစ်တယ်။ ပန်းသီးစားပြီး သည်းခြေကျောက်ပျောက်တဲ့အကြောင်း ရေးလိုက်တယ်။ အဲဒါနဲ့ စာရေးဆရာဖြစ်သွားတယ်။ စာအုပ်ဆိုင်ဖွင့်ခွင့်ရတယ်။ ထုတ်ဝေခွင့်တွေပါ မှတ်ပုံတင်လိုက်တယ်။ ဒီမှာ စာအုပ်ဆိုင်တစ်ဆိုင် ဖွင့်လိုက်ပါတယ်။ ကိုယ်က စာဖတ်တာဝါသနာပါတယ်။ အမျိုးသားကလည်း စာရေးတယ်။ ဒါကြောင့် စာအုပ်ဆိုင်ဖွင့်ဖြစ်သွားတာပါ။ စာအုပ်ဆိုင်မှာ ကလေးစာပေ/ရသစာပေ ဗဟုသုတဖြစ်ဖွယ်ရာစာပေ၊ အင်္ဂလိပ်စာပေနဲ့ ပတ်သက်တာတွေ ဆိုင်မှာရှိပါတယ်။ စာအုပ်အမျိုးပေါင်း ၁၀၀ လောက်ရှိပါတယ်။ ဒီနေ့ကတော့ ၁၀ ရာခိုင်နှုန်းလျှော့ပေးမှာပါ။ Yangon Book Plaza ပေါ်ထွန်းလာတဲ့အတွက် ဝမ်းသာပါတယ်။

**မောင်ညီညီထူး (စာပေချစ်မြတ်နိုးသူ)**

ဒီ Yangon Book Plaza ဒီနေ့ဖွင့်တယ်ဆိုတာ Online မှာ တွေ့တယ်။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးဖွင့်တာဆိုတော့ လာပြီးလေ့လာတာပါ။ ဝမ်းလည်းသာပါတယ်။ ကိုယ်လိုချင်တဲ့ စာအုပ်တွေ ဘယ်လိုရနိုင်မလဲဆိုတာ လာကြည့်တာပါ။ ကျွန်တော်က လူငယ်တွေရေးထားတဲ့ စာအုပ်တွေကို ဖတ်ပါတယ်။ နိုင်ငံရေးစာပေတွေလည်း ဖတ်ပါတယ်။ စာပေမြှင့်တင်ဖို့အတွက်က လူငယ်တွေ စာများများ ဖတ်စေချင်တယ်။ Yangon Book Plaza ဖွင့်လိုက်တဲ့အတွက် လူငယ်တွေအတွက် အကျိုးကျေးဇူးအများကြီးရမှာပါ။ ဒီပေါ်မှာ အသုံးချနိုင်ရင် ချနိုင်သလောက် စာပေရဲရင့် ပွဲလယ်တင့်မှာပါ။ လူငယ်တွေအတွက် စာအုပ်စာပေဖတ်ခြင်းဖြင့် အခွင့်အလမ်းမျိုးစုံ ရနိုင်ပါတယ်။ စာများများဖတ်ပါလို့ ပြောချင်တယ်။

# ကျွန်တော်နှင့်ကင်ဘာရာ



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ငယ်ငယ်တုန်းက ပထဝီဘာသာသင်ခဲ့တဲ့အခါ ကမ္ဘာမြေကြီးဟာ တိုက်ကြီးခုနစ်ခုနဲ့ဖွဲ့စည်းထားကြောင်းသိခဲ့ရတယ်။ အာရှတိုက်၊ ဥရောပတိုက်၊ အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဩစတြေးလျတိုက်နဲ့ အန္တာတိကတိုက်တွေ (မကြာသေးမီကာလမှာတော့ တိုက်အသစ်တစ်ခုထပ်မံတွေ့ရှိရတယ်လို့ ကြားသိရတယ်) ဒီတိုက်ခုနစ်တိုက်မှာ အန္တာတိကတိုက်မှာ ရေခဲတွေနဲ့ပြည့်ဖုံးနေပြီး လူအရောက်အပေါက်ကနည်းပါတယ်။ ကျွန်တော့်အနေနဲ့ကုလသမဂ္ဂတာဝန်အရ တိုက်ငါးတိုက်ကိုရောက်ဖူးခဲ့ပေမယ့် ဩစတေးလျတိုက်ကိုတော့ မရောက်ဖြစ်ခဲ့ဘူး။ သင်တန်းတွေပေးဖို့ကျန်တဲ့တိုက်တွေဆီ သွားခွင့်ရခဲ့တယ်။

လွန်ခဲ့တဲ့အပတ်က ကျွန်တော်မထင်မှတ်ဘဲ ဩစတြေးလျကို သွားခွင့်ရခဲ့တယ်။ ဩစတြေးလျရဲ့ထူးခြားချက်က တစ်ဖက်က တိုက်တစ်တိုက်ဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ နိုင်ငံတော်ရဲ့တာဝန်ပေးချက်အရ ဩစတြေးလျရဲ့မြို့တော် ကင်ဘာရာမြို့မှာရှိတဲ့ အမျိုးသားတက္ကသိုလ်မှာ ဆွေးနွေးခွင့်ရခဲ့တယ်။ အခုလိုအမှတ်မထင်ဘဲတာဝန်ပေးခဲ့တာကို အံ့ဩမိတာ။ ဒါပေမယ့်စာတမ်းဖတ်ရမှာမို့ ကျေနပ်ခဲ့တယ်။ တာဝန်ရှိတဲ့သူတွေက ခရီးသွားဖို့ ပုံစံအမျိုးမျိုးနဲ့ ကူညီကြတယ်။ ဗီဇာလျှောက်တဲ့အခါ ဘယ်လောက်တောကျတာ သိခဲ့ရတယ်။ သံရုံးက ဗီဇာရပြီလို့ အကြောင်းကြားတဲ့အခါ ကျွန်တော်ဘယ်တော့လောက်တုံးထုရမလဲလို့ မေးမိပါတယ်။ သံရုံးက တာဝန်ရှိသူကရယ်ပြီးတုံးမလိုဘူး။ ခင်ဗျားဗီဇာရကြောင်း သက်ဆိုင်ရာတွေက သိပြီးပြီ။ နိုင်ငံကူးလက်မှတ်အပေါ်မှာ ဘာမှထုစရာ မလိုဘူးလို့ ပြောခဲ့တယ်။ ကင်ဘာရာမြို့ကို စင်ကာပူနိုင်ငံက တစ်ဆင့်သွားရတာ။ လေယာဉ်အချိန်တွေကြောင့် စင်ကာပူမှာ ၈ နာရီလောက် စောင့်ခဲ့ရတယ်။ ညှော်ခန်းက သက်သောင့်သက်သာရှိပေမယ့် ၈ နာရီဆိုတဲ့အချိန်က အတော်ကြာတာ။ ဒီကြားထဲ အင်တာနက်ကလည်းကောင်းတော့ ကိုယ်ဖတ်ချင်တာတွေကို ဖတ်ရှုရင်း အချိန်ကုန်ခဲ့တာ။ လေယာဉ်ထွက်ခါနီး အပေါက်ဝရောက်တော့ နောက်လေယာဉ်နဲ့ရန်ကုန်ကလာသူတွေ အချိန်မီရောက်ဖို့ပြေးခဲ့ရကြောင်း သိခဲ့ရတယ်။

ကင်ဘာရာကို မနက် ၁၀ နာရီလောက်ရောက်တယ်။ လူဝင်မှုကြီးကြပ်ရေးကိုဖြတ်တော့သူတို့ဆီမှာ လူတွေကိုသက်သာအောင်လုပ်ထားတဲ့အစီအစဉ်တွေကို မျက်ဝါးထင်ထင်တွေ့ခဲ့ရတယ်။ လူနဲ့လုံးဝဆက်ဆံမှုမရှိဘဲ စက်တွေနဲ့ ထိတွေ့ခဲ့ရ တယ်။ နိုင်ငံကူးလက်မှတ်ကို စက်နဲ့ဖတ်ပြီး ဓာတ်ပုံကလည်း အလိုအလျောက်ရိုက်တော့ တာဝန်ရှိသူတစ်ယောက်နဲ့မှ ထိတွေ့ရမှုမရှိဘဲ ကိုယ့်ပစ္စည်းရွေးတဲ့နေရာကို ရောက်ခဲ့တာ။ အချိန်ကလည်း ခဏလေး။ လုပ်ဆောင်မှုကလည်း ပေါ့ပေါ့ပါးပါး။ မြန်မာပြည်မှာအကောင်အထည်ဖော်နိုင်ရင် သိပ်ကောင်းမှာပဲလို့ စိတ်ကူးယဉ်မိတယ်။ ဩစတြေးလျနိုင်ငံမှာ လူဝင်မှုကြီးကြပ်ရေးက ကြပ်ကြပ်မတ်မတ်လုပ်ထားပေမယ့် ဗီဇာရပြီးရင်ကျန်ခဲ့တဲ့ကိစ္စတွေကို လွယ်ကူအောင်စီစဉ်ဆောင်ရွက်ခြင်းဖြစ်တယ်။ ဗီဇာရပြီးထားသူကိုထပ်ပြီး အနှောင့်အယှက်မပေးတော့ဘဲ အဆင်ပြေအောင်လုပ်တာ။

လေဆိပ်မှာမြန်မာနိုင်ငံသံအမတ်ကြီး ဦးသာအောင်ညွန့်က လာကြိုနေတယ်။ သံအမတ်ကြီးက ကျွန်တော်တည်းခိုမယ့် ဟိုတယ်ကိုပို့ပေးတယ်။ နေ့လယ်စာကိုတော့ အမျိုးသားတက္ကသိုလ်က တာဝန်ရှိသူသုံးဦးက တည်ခင်းဧည့်ခံတယ်။ သူတို့အထဲမှာ မြန်မာပြည်က ကိုချစ်ဝင်းပါတယ်။ သူက နိုင်ငံခြားရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူး၊ တက္ကသိုလ်မှာ ပါရဂူဘွဲ့လာယူနေတာ။ သူ့ရဲ့ဖခင်ကို ကျွန်တော်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတုန်းက သိခဲ့တယ်။ နေ့လယ်စာစားပြီး သံအမတ်ကြီးနဲ့အတူ ကင်ဘာရာမြို့တော်မှာ နာမည်ကြီးတဲ့စစ်သမိုင်းပြတိုက်ကို သွားခဲ့ကြတယ်။ ပြတိုက်က ခမ်းနားကြီးကျယ်လှတာ။ သူတို့နိုင်ငံရဲ့ ကြည်း၊ ရေ၊ လေတပ်ဖွဲ့တွေရဲ့ သမိုင်းတစ်လျှောက် ဆောင်ရွက်ချက်တွေ၊ အသုံးပြုခဲ့တဲ့ လေယာဉ်၊ သင်္ဘောအစရှိတဲ့ စစ်လက်နက်ပစ္စည်းမျိုးစုံကို ခမ်းခမ်းနားနားခင်းကျင်းပြသထားတာ။ ညဘက်မှာတော့ သံအမတ်ကြီးရဲ့အိမ်မှာညစာစားကြတယ်။ ဖိတ်ထားသူတွေအနက် ကျွန်တော်နဲ့ညီအစ်ကိုလိုရင်းနှီးတဲ့ ဒေါက်တာသိန်းအုပ်ကျော်မြင့်နဲ့ ခဲ့ပြီး အမြင်ချင်းဖလှယ်ခဲ့ကြတယ်။ နေ့လယ်စာကို တူရကီထမင်းဆိုင်တစ်ခုမှာ စားခဲ့တယ်။

ညဘက်မှာတော့ အမျိုးသားတက္ကသိုလ်မှာ တက်နေတဲ့ မြန်မာကျောင်းသား ကျောင်းသူ ၃၀ ကျော်နဲ့ တွေ့ဆုံခဲ့တယ်။ ပါရဂူသင်တန်း၊ မဟာသင်တန်းနဲ့ ဘွဲ့ကြိုသင်တန်းတက်နေသူတွေ၊ အစိုးရဝန်ထမ်းတွေပါဝင်သလို ဝန်ထမ်းမဟုတ်သူတွေလည်း ပါဝင်ကြတယ်။ ကျွန်တော်နဲ့သံအမတ်ကြီးက အားပေးစကားပြောခဲ့တယ်။

မနက်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲကျင်းပမယ့်ခန်းမကို သံအမတ်ကြီးနဲ့ အတူသွားခဲ့တယ်။ ဟိုတယ်မှာလာကြိုတဲ့သံအမတ်ကြီးက ကျွန်တော်အမျိုးသားဝတ်စုံဝတ်ထားတာမို့ သူလည်း ဝတ်ဆင်ဖို့ အိမ်ပြန်ပြီး အဝတ်လဲခဲ့တယ်။ အခမ်းအနားမစမီ သံအမတ်ကြီးနဲ့အတူ အထူးဧည့်ဆောင်မှာ ဧည့်ခံတယ်။ အခမ်းအနားစတဲ့အချိန်မှာ ပရိသတ်တွေက အပြည့်။ မြန်မာတွေပါဝင်သလို နိုင်ငံခြားသားတွေလည်း ပါကြတယ်။ အမျိုးသားတက္ကသိုလ်ရဲ့ မဟာဌာနမှူးက အဖွင့်မိန့်ခွန်းပြောပြီး ကျွန်တော့်ကို ပရိသတ်တွေနဲ့မိတ်ဆက်ပေးတယ်။ ကျွန်တော့်အတွက် ဒီတစ်ခါ ပြောရတာက ထူးခြားလှတဲ့ပွဲတစ်ပွဲဖြစ်ပါတယ်။ ပညာရှင်တစ်ယောက်သာမက နိုင်ငံ့ မြန်မာနိုင်ငံသား ဒေါက်တာအောင်မျိုးက ဖတ်ခဲ့တယ်။ သူတို့တင်ပြပြီးချိန်မှာ ကျွန်တော်ကဝင်ရောက် ဆွေးနွေးခဲ့ပါတယ်။ ငြင်းခုံတာမဟုတ်ဘဲ အမြင်ချင်းဖလှယ်ခဲ့တာ။ ကိုယ်မှန်တယ် သူမှားတယ်ဆိုတာကို ဦးထိပ်မထားဘဲ သူ့အမြင်နဲ့ ကိုယ့်အမြင်ကို ဖလှယ်တာပဲလို့ ခံယူမိတယ်။ တစ်ခါတစ်ရံကျတော့ တင်ပြချက်တွေက အစွန်းရောက်နေတာမို့ အခြေအနေအမှန်ကိုသိအောင် ဝင်ရောက်ဆွေးနွေးခဲ့တယ်။

ညဘက်မှာတော့ အမျိုးသားတက္ကသိုလ်က တည်ခင်းတဲ့ ညစာစားပွဲကို တက်ရောက်ခဲ့တယ်။ ထမင်းစားချိန်မှာ မြန်မာကျောင်းသား ကျောင်းသူတွေက တိုင်းရင်းသားဝတ်စုံတွေဝတ်ပြီး ကိုဇော်ဝင်းထွဋ်သီချင်းနဲ့ပရိသတ်တွေကို ဖျော်ဖြေပေးခဲ့ကြတယ်။ လူမျိုးစုပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့နိုင်ငံကို ဖော်ထုတ်နိုင်ခဲ့တယ်။

နောက်တစ်နေ့မနက်မှာ စာတမ်းဖတ်ပွဲကို သွားခဲ့တယ်။ ဖတ်ကြားနေတဲ့စာတမ်းအချို့ဟာ အမြင်မတူတာတွေများနေတာကြောင့် ဝင်ရောက်ဆွေးနွေးခဲ့ပြန်တယ်။ တစ်ခုတော့ရှိတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို အခြားသူတွေဝေဖန်တာကိုတော့ ခံရခက်တယ်။ ပြန်ပြီး တုံ့ပြန်ချင်စိတ်တွေကို မထိန်းချုပ်နိုင်ခဲ့ဘူး။

နေ့လယ်ပိုင်းမှာ ကင်ဘာရာမြို့မှာ နှစ်စဉ်ကျင်းပတဲ့ ယဉ်ကျေးမှုပွဲကို တက်ရောက်ခဲ့တယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက မိမိတိုင်းရင်းသားအစားအသောက်၊ အသုံးအဆောင်ပစ္စည်းတွေကို ရောင်းချပေးခဲ့ကြတယ်။ ဈေးထဲမှာ လူမျိုးပေါင်းစုံက အစားအသောက်တွေရောင်းချကြတယ်။ ညဘက်မှာ မြန်မာကျောင်းသား ကျောင်းသူတွေ တည်ခင်းတဲ့ ညစာစားပွဲကို တက်ရောက်ခဲ့တယ်။ ကျွန်တော့်ရဲ့ဆွေးနွေးပွဲနဲ့ကြုံကြိုက်နေတာမို့ နှုတ်ဆက်ကြတယ်။ သီချင်းတွေဆိုကြတယ်။ နောက်ပိုင်းမှာ ကျောင်းသား ကျောင်းသူတွေက သူ့ဇနီးဒေါ်မာရီပါတယ်။ ဆရာရဲ့မျိုးရိုးက မြန်မာနိုင်ငံမှာ ထင်ရှားလှတယ်။ ဦးတင်ထွဋ်၊ ဦးကျော်မြင့်၊ ဒေါက်တာထင်အောင်၊ ဦးမြင့်သိန်း ထူးချွန်လှတဲ့ပညာရှိတွေ။ ဆရာသိန်းအုပ်နဲ့ကျွန်တော် အင်္ဂလန်ကို ပညာတော်သင်အနေနဲ့ အတူတူသွားခဲ့တာ။ ဆရာရဲ့ကျေးဇူးက ကျွန်တော့်အတွက် ကြီးမားလှပါတယ်။ အင်္ဂလန်မှာရှိစဉ်က မိခင်ဖြစ်သူနှလုံးခွဲပြီး ဦးနှောက်သွေးလွန်တာကို အရင်ဆုံးသိတာက ဆရာသိန်းအုပ်၊ သူ့ကြောင့်မေမေ့ကို အောင်အောင်မြင်မြင်ကုသနိုင်ခဲ့တယ်။ ကျွန်တော်တို့ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့အစည်းမှာ အတူတူ အလုပ်လုပ်ခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှာ အတူတူနေထိုင်ခဲ့ကြတယ်။ သမီးသက်ထားသက်နေမကောင်းဖြစ်ရင် ဆရာဆီပြေးခဲ့တယ်။ရန်ကုန်တုန်းကလည်း ကျွန်တော့်ရဲ့တူတွေကို ဆရာနဲ့ပဲပြခဲ့တာ။

နောက်တစ်နေ့တော့သံအမတ်ကြီးနှင့်အတူ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာနကို သွားခဲ့တယ်။ တာဝန်ရှိသူတွေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေ အရပ်ရပ်ကိုဆွေးနွေး ကိုယ်စားပြောရမှာမို့ တင်ပြချက်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ခဲ့တာ။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေး အခြေအနေတွေအပြင် မြန်မာတွေရဲ့ အိပ်မက်တွေကိုလည်း မျှဝေခဲ့တယ်။ ပေးထားတဲ့အချိန်က မိနစ် ၂၀ သာရှိတာမို့ ရတဲ့အချိန်အတွင်း တင်ပြစရာတွေကို တင်ပြခဲ့တယ်။ ကျန်တဲ့အချိန် မိနစ် ၄၀ ကတော့ အမေးအဖြေကဏ္ဍမေးခွန်းတွေက မျိုးစုံ၊ ကျွန်တော်က ကြိုးစားပြီးဖြေခဲ့တယ်။ မေးခွန်းဖြေရမှာကို ကျွန်တော် မကြောက်ပါဘူး။ အခုခေတ်မှာ အရှိကိုအရှိတိုင်း ပြောဆိုခွင့်ရတဲ့ကာလ။ ဘာမှဖုံးကွယ်စရာ မရှိတော့ ကျွန်တော်ဖြေတာကို ပရိသတ်တွေက လက်ခံကြတယ်။ တချို့မေးခွန်းတွေက ကလိတဲ့မေးခွန်း။ ဒါပေမယ့် မဆန်းပါဘူး။ သူတို့မှာ မေးခွင့်ရှိပါတယ်။ အခုလို အပြန်အလှန် မေးကြ၊ ဖြေကြ၊ ဆွေးနွေးကြမှလည်း နားလည်မှုတည်ဆောက်နိုင်မှာ။ နေ့လယ်စာစားပြီး စာတမ်းဖတ်ပွဲကိုပြန်လည်တက်ရောက်ခဲ့တယ်။ မြန်မာပြည်ရဲ့နိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေတွေကို ပညာရှင်သုံးဦးက စာတမ်းတွေတင်ခဲ့တယ်။ နိုင်ငံရေးနဲ့ ပတ်သက်လို့ ကာရာအိုကေနဲ့ သီချင်းတွေဆိုပြီး ဧည့်ခံကြတယ်။ သံအမတ်ကြီးကလည်း အဆိုကောင်းသူမို့ ဝင်ပြီးဆိုပေးတယ်။ သံအမတ်ကြီးနဲ့အတူ သံအမတ်ကြီးကတော်ကလည်း စုံတွဲသီချင်းနဲ့ ဖျော်ဖြေတယ်။ အမျိုးသားတက္ကသိုလ်မှာ မြန်မာစာကို ဆရာတစ်ဦးအနေနဲ့ သင်ကြားနေတဲ့ ဂျပန်လူမျိုးဆရာမ ယူရီကလည်း အကနဲ့သီချင်းဆိုပြီး ဧည့်ခံခဲ့တယ်။ ပါရမီထူးလှတဲ့သူ။

မနက်မှာ သံအမတ်ကြီးနဲ့အတူ ကင်ဘာရာမြို့ကနေ သုံးနာရီလောက်သွားရတဲ့ ဆစ်ဒနီမြို့ကို ခရီးထွက်ခဲ့တယ်။ ညဘက်ပြန်ရောက်ပြီး ရန်ကုန်ကို စင်ကာပူကနေတစ်ဆင့် ပြန်ခဲ့တယ်။ ခရီးစဉ်က တိုပေမယ့် တန်ဖိုးရှိလှတယ်။ အထူးသဖြင့် ကိုယ့်နိုင်ငံရဲ့ ပကတိအခြေအနေတွေကို တင်ပြခွင့်ရတာကို ကျေးဇူးတင်မိတယ်။ အပြင်လူတွေဟာ မီဒီယာရဲ့ လွှမ်းမိုးမှုတွေကြောင့် ကျွန်တော်တို့ကို မြင်တဲ့ပုံစံကမှားယွင်းနေတာ။ အမှန်ကိုသိတဲ့အခါ အမြင်တွေ ပြောင်းလဲလာတာကို တွေ့ရတယ်။ ဒါကကျွန်တော့်အတွက် အမြတ်ပါ။

**လူနဲ့လုံးဝဆက်ဆံမှုမရှိဘဲ စက်တွေနဲ့ ထိတွေ့ခဲ့ရတယ်။ နိုင်ငံကူးလက်မှတ်ကို စက်နဲ့ဖတ်ပြီး ဓာတ်ပုံကလည်း အလိုအလျောက်ရိုက်တော့ တာဝန်ရှိသူတစ်ယောက်နဲ့မှ ထိတွေ့ရမှုမရှိဘဲ ကိုယ့်ပစ္စည်းရွေးတဲ့နေရာကို ရောက်ခဲ့တာ။ အချိန်ကလည်း ခဏလေး။ လုပ်ဆောင်မှုကလည်း ပေါ့ပေါ့ပါးပါး။ မြန်မာပြည်မှာ အကောင်အထည်ဖော်နိုင်ရင် သိပ်ကောင်းမှာပဲလို့ စိတ်ကူးယဉ်မိတယ်**



## ကွန်ကရစ်ရေတံလျှောက်များကြံ့ခိုင်မှုပြုလုပ်စဉ် မြို့နယ်အချို့ရေအားနည်းခြင်း၊ ပြတ်တောက်ခြင်းရှိမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနပိုင်ဝါးဒလယ်ကွန်ကရစ်ရေတံလျှောက်အထွက်မြောင်း ကြံ့ခိုင်မှုဆောင်ရွက်မည့်လုပ်ငန်းကို မတ် ၁ ရက်မှ ၆ ရက်အတွင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်စဉ်ကာလအတွင်း ညောင်နှစ်ပင်ရေသန့်စင်စက်ရုံသို့ ရေဝင်ရောက်မှုပြတ်တောက်မည်ဖြစ်ပြီး ညောင်နှစ်ပင်ရေသန့်စင်စက်ရုံမှ ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ သာကေတ၊ ဒေါပုံ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ ဒဂုံ၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်နှင့် ရန်ကုန်မြို့တွင်းမြို့နယ်များတွင် မတ် ၁ ရက် နံနက် ၆ နာရီမှ မတ်လ ၆ ရက် ည ၈ နာရီအထိ ရေပြတ်တောက်မှုနှင့် ရေအားလျော့နည်းမှုများဖြစ်ပေါ်လာမည်ဖြစ်ကာ ရေကြိုတင်စုဆောင်းအသုံးပြုနိုင်ရန်နှင့် ရေလိုအပ်ချက်ရှိပါက အရှေ့ပိုင်းခရိုင် ၀၉-၅၁၈၄၂၈၊ အနောက်ပိုင်းခရိုင်ဖုန်း ၀၉-၇၃၀၀၀၀၅၈၊ တောင်ပိုင်းခရိုင်ဖုန်း ၀၉-၅၀၅၄၅၆၅၊ မြောက်ပိုင်းခရိုင်ဖုန်း ၀၉-၅၀၈၁၂၂၉တို့ သို့ဆက်သွယ်တောင်းခံနိုင် ကြောင်းသိရသည်။

"ကွန်ကရစ်ရေတံလျှောက်များကြံ့ခိုင်မှုပြုလုပ်နေစဉ်လေးခရိုင်လုံးရေဖြတ်တောက်မှာမဟုတ်ပါဘူး။ အဓိကဖြစ်နိုင်ခြေများတာကတော့ အရှေ့ပိုင်းခရိုင်ထဲက မြို့နယ်အချို့သာဖြစ်ပါတယ်။ အနောက်ပိုင်း၊ တောင်ပိုင်းနှင့်မြောက်ပိုင်းခရိုင်ရှိ မြို့နယ်တွေဟာဂျိုးဖြူ၊ ဖူးကြီးနဲ့ လှော်ကား ရေလှောင်ကန်တွေက နေ့စဉ်ဖြန့်ဝေမှုကို ပုံမှန်အတိုင်းဖြန့်ဝေပေးသွားမှာပါ"ဟု အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဒုတိယဌာနမှူး ဦးမျိုးသိန်းက ပြောသည်။

**တင်စိုး(မြန်မာ့အလင်း)**

ခမီးလူမျိုး(၂)ဦး တိုက်ခိုက်ခံရသည့် နေရာပြမြေပုံ




# မောင်တောမြို့နယ်၌ လူသုံးဦးက ခမီးလူမျိုး နှစ်ဦးအား ပုဆိန်၊ ဓားတို့ဖြင့် တိုက်ခိုက်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မောင်တောမြို့နယ် သရေကုန်းဘောင် (နတလ)ကျေးရွာအနီး၌ ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းက ခမီးလူမျိုး နှစ်ဦးအား အမည်မသိ လူသုံးဦးက ပုဆိန်၊ ဓားများဖြင့် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါ ခမီးလူမျိုး နှစ်ဦးသည် မောင်တောမြို့နယ် သရေကုန်းဘောင် (နတလ) ကျေးရွာအနီးတောစပ်သို့ ဟင်းစားရှာရန် ရောက်ရှိလာစဉ် အမည်မသိ လူသုံးဦးက ပုဆိန်၊ ဓားများဖြင့် လာရောက်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် ခမီးလူမျိုး အောင်ကျော်စိန် (၄၆ နှစ်)၏ ယာကျောတွင် ပြတ်ရှဒဏ်ရာ တစ်ချက် (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဘူးသီးတောင်ဆေးရုံသို့ ပို့ဆောင်ထားပြီး ထွန်းသာမောင် (၂၈ နှစ်)မှာ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် လုံခြုံရေးအဖွဲ့များက လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



❍ *ကျောဖုံးမှ*

ကျင်းပမည်ဖြစ်ပြီး ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား ခြေစစ်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်လျက်ရှိပြီး ဝါရင့်ကစားသမားများ ပြန်လည်ပါဝင်လာသလို လူငယ်ကစားသမားများကိုလည်း အားဖြည့်ရွေးချယ်ထားသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာက ကိုင်တွယ်လျက်ရှိပြီး ပြီးခဲ့သည့်နှစ်က ချန်ပီယံအောင်မြင်မှု ရယူနိုင်ခဲ့ခြင်းမရှိသော်လည်း ခြေစွမ်းအဆင့်မြင့်မားအောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားခြေစစ်ပွဲတွင် ဗီယက်နမ်၊ အီရန်၊ ဆီးရီးယား၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား ခြေစစ်ပွဲအပြီးတွင် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဆက်လက်ပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလကတည်းက ပြင်ဆင်ခဲ့ပြီး ဇန်နဝါရီလက တရုတ်၊ ယူကရိန်းနှင့် ထိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သော တရုတ်ဖိတ်ခေါ်ပြိုင်ပွဲတွင် အတွေ့အကြုံရရှိစေရန် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲ၌ ထိုင်းအသင်းနှင့် တွေ့ဆုံရာတွင် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းသည် ၂၀၁၆ ခုနှစ် ဇူလိုင်လက မန္တလာသီရိကွင်း၌ နောက်ဆုံးအကြိမ် ခြေစမ်းခဲ့ရာ မြန်မာအသင်းက ရီရီဦး သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။



၂၀၁၆ ခုနှစ်က မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းတို့ မန္တလေးမြို့၌ ခြေစမ်းပွဲ ကစားစဉ် ဓာတ်ပုံ-စိုးညွှန့်

● *ကျောဖုံးမှ*

လက်ဝှေ့ပြိုင်ပွဲတွင် တွဲဆိုင်း ၁၀ ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ငါးချီအထူးစိန်ခေါ်ပွဲများတွင် စောမင်းအောင်(တောင်ကလေး)က ဝမ်းစတား(တိုက်ဂါး)ကို ဒုတိယအချီ ၅၀ စက္ကန့်မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ စောဒါဝိတ်(တောင်ကလေး)က မင်းထက် ကျော်(တိုက်ဂါး)ကို စတုတ္ထအချီ ၁ မိနစ် ၀၉ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ တိမ်တိုက်(ထွန်းသွင်)က ကျန်ကျောင်း (ဗမာ့သွေး)ကို ဒုတိယအချီ ၂ မိနစ် ၂၆ စက္ကန့် တွင် အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရခဲ့ပြီး ပတ်ကျော်လင်းနိုင်(တိုက်ဂါး)နှင့် ထူးနေသူ(တောင်ကလေး)တို့ပွဲတွင် အလူးအလဲနှင့် ပူးတွဲသရေဖြစ်ခဲ့သည်။

တစ်ဖန်မျိုးဆက်သစ် သုံးချီအထူးစိန်ခေါ်ပွဲများတွင် နေလင်းမာန်(Mandalay 1886)က စောသန့်ဇင်(အဖြူရောင်သွေးသစ်)ကို ဒုတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ခွန်အာကာ(Mandalay 1886)က ပါပါး(ထွန်းသွင်)ကို ဒုတိယအချီ ၂ မိနစ် ၂၂ စက္ကန့်တွင်အလဲထိုးဖြင့် လည်းကောင်း၊ ဇာမဏီသွေး(ရန္တမိတ်)က မျိုးဇော်(အဖြူရောင်သွေးသစ်)ကို ဒုတိယအချီမှာပင် လက်ရည်မမျှသဖြင့် ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးခဲ့ရပြီး ကျန်ပွဲစဉ်များဖြစ်သည့် ဂျိုကာ (အဖြူရောင်သွေးသစ်)နှင့် ကျားရဲ(AMT)၊ နေသွေး (ရန္တမိတ်)နှင့် နေဒေါင်း ( AMT) တွဲဆိုင်းများမှာ အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါ မြန်မာ့လက်ရွေးစင်ဟောင်းများအသင်းရန်ပုံငွေ ရိုးရာလက်ဝှေ့ပြိုင်ပွဲ တွင် ဦးခင်ရွှေ(နာယက ဇေကမ္ဘာကုမ္ပဏီ)က ငွေကျပ် သိန်း ၃၀၊ ဦးကျင်ဦး (နာယက ပေါ်ပြူလာပလတ်စတစ်)က ငွေကျပ် သိန်း ၃၀၊ ဦးဇော်ဝင်းဆွေ (မန်နေဂျင်းဒါရိုက်တာ victory Myanmar Co., Ltd)က ငွေကျပ် ၁၅ သိန်း၊ ဦးခင်မောင်ထွန်း (နာယက ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ် ၁၀ သိန်း၊ ဦးသောင်းထိုက်မင်း (ဂျူးဝဲလ် Luck Co., Ltd )က ငွေကျပ် ၁၀ သိန်း၊ ဦးခင်မောင်ကျော်( မန်နေဂျင်း ဒါရိုက်တာ United KMK Co,. Ltd) က ငွေကျပ် ၁၀ သိန်း၊ ဦးလင်းထက်အောင် (CEO Myanmar Media Group) က ငွေကျပ် ငါးသိန်း၊ ဦးထွန်း(ကားပွဲစားများ အဖွဲ့)က ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းခဲ့ကြပြီး မြန်မာနိုင်ငံလက်ရွေးစင်ဟောင်းများအသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းက အလှူငွေများ ပေးအပ်ခဲ့သည်။ ယနေ့ကျင်းပသော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့အားကစားကို နှစ်သက်သဘောကျသော ပြည်ပနိုင်ငံခြားသားများ စိတ်ဝင်တစား လာရောက်ကြည့်ရှုသူ များပြားခဲ့ကြောင်း သိရသည်။

❊ *ကျောဖုံးမှ*

“ဓာတ်ဆားဖျော်ရည်သောက်တယ်ဆိုတာက ဝမ်းပျက်ဝမ်းလျှောဖြစ်လို့ သောက်တာချည်း မဟုတ်ဘူး။ သွေးလွန်တုပ်ကွေးဖြစ်တဲ့ ကလေးတွေသောက်တာလည်း ရှိပါတယ်။ သောက်ကြတဲ့အခါမှာ ပြည်သူတွေအနေနဲ့ ဆင်ဆင်ခြင်ခြင်ဖြစ်စေချင်ပါတယ်။ အခုအခါမှာ ဓာတ်ဆားထုပ်တွေမျိုးစုံပေါ်နေပါတယ်။ ဖျော်နည်းက တစ်ထုပ်နဲ့ တစ်ထုပ် မတူဘူး။ တချို့က တစ်လီတာနဲ့ဖျော်တယ်။ တချို့က ၂၀၀ နဲ့ တချို့က ၂၅၀ နဲ့ ဖျော်တယ်။ ဖျော်တဲ့နည်းမှားလို့ မရဘူး။ တချို့က ဓာတ်ဆားထုပ်ကိုခွဲဖျော်တာလည်းရှိသေးတယ်။ ဒီလိုဖျော်လို့ မရဘူး။ အထုပ်မှာပါတဲ့ အညွှန်းအတိုင်း ဖျော်ရမှာဖြစ်ပါတယ်။ သောက်တဲ့အခါကျတော့လည်း ပမာဏရှိသေးတယ်။ လူနာတစ်ယောက် ဘယ်လောက်သောက်ဆိုတာက ဆရာဝန်ညွှန်ကြားတဲ့အတိုင်း ဖြစ်သင့်ပါတယ်။ သောက်ချင်သလောက်သောက်ဆိုပြီး တစ်နေ့တည်း ငါးထုပ်သောက်တာတော့ မလုပ်ပါနဲ့။ ဝမ်းပျက်ဝမ်းလျှောဖြစ်ရင် ဓာတ်ဆားချည်း သောက်ရမှာ မဟုတ်ပါဘူး။ အရည်ပါတဲ့ အစားအသောက်တွေလည်း တွဲဖက်စားသုံးရမှာ ဖြစ်ပါတယ်။ ဓာတ်ဆားရည်လည်း သောက်၊ အရည်ပါတဲ့ အစားအသောက်တွေလည်း စားသုံးဖို့ လိုပါတယ်။ ဝမ်းသွားတာနည်းသွားပြီဆိုရင် ဓာတ်ဆားကို လျှော့သောက်ရမှာ ဖြစ်ပါတယ်။ ခန္ဓာကိုယ်ထဲက ဆုံးရှုံးသွားတာနဲ့အညီ ပြန်ဖြည့်ဆည်းနိုင်ရင် လုံလောက်ပါပြီ။

တချို့က ပိုပြီးထိရောက်အောင်ဆိုပြီး ဓာတ်ဆားကို ပျစ်ပျစ်ဖျော်တာလည်း ရှိတတ်ပါတယ်။ ဒီလိုဖျော်လို့ မရပါဘူး။ အပျစ်ဖျော်ရင် ဆားဓာတ်များလို့ ဦးနှောက်ပျက်ပြီး သေသွားနိုင်ပါတယ်။ ဓာတ်ဆားကို ကျဲကျဲဖျော်ရင်လည်း အူက မစုပ်ရင် ဝမ်းက လျှောမြဲအတိုင်း လျှောနေပါလိမ့်မယ်။

တချို့ဓာတ်ဆားတွေက ကျန်းမာရေးအတွက်သောက်တဲ့ ဓာတ်ဆားမဟုတ်ဘဲ အားကစားသမားတွေအတွက် သောက်တဲ့ဓာတ်ဆားတွေ ဖြစ်တယ်။ အဲဒီလို မှားပြီးသောက်မိရင် ဝမ်းလျှောတာ ပိုဖြစ်နိုင်ပါတယ်။ ဓာတ်ဆားမှာ ဆင်ခြင်စရာတွေ အများကြီးရှိပါတယ်။ ယူနီဆက်ကထုတ်တဲ့ ဓာတ်ဆားမှာတောင် အပြာရောင်ထုပ်နဲ့ အစိမ်းရောင်ထုပ်ဆိုပြီး ရှိတယ်။ Old Formular နဲ့ New Formular ဆိုပြီး ခွဲခြားထားပါတယ်။ Old Formular က တစ်ချိန်တုန်းက ဆင်းရဲတဲ့ တတိယကမ္ဘာ့နိုင်ငံတွေမှာ ကာလဝမ်းရောဂါ ဖြစ်ပွားတဲ့အချိန်က ထုတ်ခဲ့တာဖြစ်ပါတယ်။ ဒီအမျိုးအစားက ဝမ်းဒလဟောသွားတဲ့အဆင့်အတွက် ထုတ်ခဲ့တာဖြစ်ပါတယ်။ New Formular ကတော့ ဒီဘက်ခေတ်မှာ ဝမ်းလျှောမှု အတန်အသင့်ဖြစ်တဲ့သူတွေအတွက် ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ဒီအချက်ကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်တဲ့ ပြည်သူတွေသိသင့်တဲ့ အချက်ဖြစ်ပါတယ်။

ဝမ်းပျက်ဝမ်းလျှောရောဂါဟာ Rota လို့ခေါ်တဲ့ ဗိုင်းရပ်စ်ကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဗိုင်းရပ်စ်ကြောင့်ဖြစ်တယ်ဆိုရင် New Formular နဲ့ ဖော်စပ်ထားတဲ့ ဓာတ်ဆားကို သုံးသင့်ပါတယ်။ ဗိုင်းရပ်စ်ကြောင့်ဖြစ်ရတဲ့ ဝမ်းပျက် ဝမ်းလျှောရောဂါဟာ ကာကွယ်ဆေးရှိပါတယ်။ လာမယ့်နှစ်အနည်းငယ်အတွင်း ကာကွယ်ဆေးတိုက်ကျွေးတဲ့ အစီအစဉ်မှာ သောက်ဆေးအဖြစ်ပါလာနိုင်ပါတယ်။”

ဆရာဝန်ကြီးပြောကြားချက်များကို ပြန်ချုပ်ကြည့်မည်ဆိုလျှင် ဝမ်းပျက် ဝမ်းလျှောဖြစ်သည့်အခါ၊ ဓာတ်ဆားထုပ်များ ဖျော်သည့်အခါ သတ်မှတ်ထားသော အညွှန်းအတိုင်း ဖျော်သင့်ကြောင်း၊ ဆရာဝန်ညွှန်ကြားချက်ဖြင့် သောက်သုံးသင့်ကြောင်း၊ အားကစားသမားများအတွက် ထုတ်ထားသော ဓာတ်ဆားထုပ်များကို မှားယွင်းမသောက်သင့်ကြောင်း၊ ယူနီဆက်ဓာတ်ဆားသည်ပင်လျှင် New Formular ဖြင့် ထုတ်ထားသည့် ဓာတ်ဆားကို သောက်သုံးသင့်ကြောင်း၊ ဓာတ်ဆားကိုဖျော်ပြီး ၂၄ နာရီအတွင်းသာ အသုံးပြုသင့်ကြောင်း၊ နှစ်အနည်းငယ်အတွင်း ဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝမ်းပျက် ဝမ်းလျှောရောဂါများအတွက် ကာကွယ်ဆေးတိုက်ကျွေးသည့် အစီအစဉ်များတွင် သောက်ဆေးအဖြစ် ပါဝင်လာနိုင်ကြောင်း စသည့် ကျန်းမာရေးဗဟုသုတများ ရရှိပါသည်။

# တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူများကို လဝကရုံးသို့ လွှဲပြောင်းပေး



တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူ ကိုးဦးအား တွေ့မြင်ရစဉ်

**မြဝတီ ဖေဖော်ဝါရီ ၂၆**
ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ဆီးဂဲလ်ဂိတ်အနီး တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူများအား ဖမ်းဆီးရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက် ည ၉ နာရီခွဲခန့်က တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာသူများအား တွေ့ရှိသဖြင့် သွားရောက်စစ်ဆေးရာတွင် တရားမဝင် ဝင်ရောက်လာသူ ကိုးဦးကို တွေ့ရကြောင်း သိရသည်။

တရားမဝင် ဝင်ရောက်လာသူများကို စစ်ဆေးရာ ကျော်နိုင်(ခ)စာစီကာဖူး (၂၆နှစ်) (ဘ)ဦးတင်မောင်(ခ)ဦးရမ်ဂနေစ် ကူရိမီးတိုလာကျေးရွာအမဲခေါင်ကျေးရွာအုပ်စု ဖြူးမြို့နယ် ပဲခူးတိုင်းဒေသကြီး၊ ဆူရေဒါးကုမာ(၂၇နှစ်)(ဘ)ဦးမာဟာသား မစ္စဝါးပီးယားကျေးရွာ အမဲခေါင်ကျေးရွာအုပ်စု ဖြူးမြို့နယ် ပဲခူးတိုင်းဒေသကြီး၊ ချစ်ရင်ထူး(ခ)ဂျီဘား(၂၇နှစ်)(ဘ)ဦးမောင်လှ(ခ)ဦးကစ်တနား ရန်ကင်းလမ်း လိပ်အင်းရပ်ကွက် သထုံမြို့မွန်ပြည်နယ်၊ တင်မောင်လတ်(ခ)ကူးမား (၃၀နှစ်)(ဘ)ဦးသန်ဒါဘာလီ(ခ)ဦးတင်ဆွေ ဒိုင်းဝန်ကွင်းလိုင်ရပ်ကွက် မော်လမြိုင်မြို့ မွန်ပြည်နယ်၊ မင်းနိုင်(ခ)နားကားရား (၃၅နှစ်)(ဘ)ဦးတလအမူး သံလယ်ကျေးရွာ ကော့ပန်းကုန်းကျေးရွာအုပ်စု ဘားအံမြို့နယ် ကရင်ပြည်နယ်၊ မောင်စိုး(ခ)မောင်ကာလီ (၂၉နှစ်)(ဘ)ဦးသော်ဒယ် ဇာသပြင်အနောက်ကျေးရွာအုပ်စု ဘားအံမြို့နယ် ကရင်ပြည်နယ်၊ မမန်ချူးလား(၃၃နှစ်)(ဘ)ဦးမောင်မောင် ဘူတာရုံလမ်း (၁၁)ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ မသက်သက်ခိုင်(၂၀နှစ်)(ဘ)ဦးအာရမွန် သဲကုန်းကျေးရွာ ပေါင်မြို့နယ် မွန်ပြည်နယ်၊ မမြင့်မော်(ခ)မဂဒါးနီ(၃၀နှစ်) (ဘ)ဦးနော့ဝေ ယင်းငြိမ်ကျေးရွာ ပေါင်မြို့နယ် မွန်ပြည်နယ်တို့ဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး ၎င်းတို့အား မြဝတီမြို့နယ် လဝကရုံးသို့ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် သွားရောက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# T N L A လက်နက်ကိုင်အဖွဲ့ ကောင်းခါးကျေးရွာနှင့် မန်ဘိန်း ကျေးရွာများသို့ရောက်ရှိ လူသစ်စုဆောင်း

**မူဆယ် ဖေဖော်ဝါရီ ၂၆**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀နာရီခန့်တွင် T N L A အဖွဲ့မှ ၁၅ ဦးခန့် လူသစ်စုဆောင်းရန်အတွက် မန်လွယ်အုပ်စု ကောင်းခါးကျေးရွာနှင့်မန်ဘိန်းကျေးရွာများသို့ ရောက်ရှိနေကြောင်း သိရသည်။

အဆိုပါ လူသစ်စုဆောင်းရန်ရောက်ရှိလာသော T N L A လက်နက်ကိုင်အဖွဲ့ဝင် ၁၅ ဦးခန့်သည် မန်ဘိန်းဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး အုပ်စုအတွင်း အစည်းအဝေးခေါ်၍ တစ်အိမ်တစ်ယောက် မဖြစ်မနေ စုဆောင်းပေးရန် ပြောသော်လည်း ကျေးရွာများတွင် မရှိသည့်အတွက် အသက်ကြီးဘိုးဘွားများနှင့် ရွာသားလေးဦးတို့ကို ခေါ်ဆောင်သွားခြင်း၊ ၎င်းကျေးရွာ၌ နေထိုင်သော ပန်းတကာအား ရိုက်နှက်ထိုးကြိတ်သွားခဲ့ခြင်းများ ပြုလုပ်သွားကြောင်း သိရသည်။

ထို့နောက် ခေါ်ဆောင်သွားသော အသက်ကြီးဘိုးဘွားများနှင့် ရွာသားများအား ပြန်လည်ရွေးယူရန် ငွေကျပ်သိန်း ၆၀၀၀၀၀ တောင်းခံခဲ့သော်လည်း အဆင်မပြေသောကြောင့် မြန်မာငွေကျပ် ၄၆၀၀၀၀ တိတိနှင့် တရုတ်ယွမ်ငွေ ၂၀၀ တို့ကို ယူဆောင်သွားခဲ့ပြီး ညနေ နေဝင်မိုးချုပ်အချိန်ခန့် T N L A လက်နက်ကိုင်အဖွဲ့သည် မန်လွယ်အုပ်စု ကောင်းခါးကျေးရွာအတွင်းရှိ ကျိုက်ထီးရိုးဘုရားနောက်ကျောအတိုင်း ပြန်လည်ထွက်ခွာသွားပြီး လမ်း၌တွေ့ရှိသော တောင်ယာလယ်လုပ်ကိုင်သူများကို ခြိမ်းခြောက်သွားခဲ့ကြောင်း သိရသည်။ **ရိုးသျှား**

# မန္တလေးချမ်းမြသာစည်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၂၆**
မန္တလေး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၃)ရပ်ကွက် ၆၂ လမ်းနှင့် ၆၄ လမ်းကြား မနော်ဟရီလမ်း ၈-၆/၁၅၆ ရှိ အသည်းပန်းအလှပြုပြင်ရေးဆိုင်ရှင် ဦးအောင်ကျော်စိုး၏နေအိမ် နောက်ဖေးအဖီထရံကာအနီး ခြင်ဆေးခွေထွန်းထားရာမှ ဖေဖော်ဝါရီ ၂၅ ရက် နံနက်က မီးကူးစက်လောင်ခဲ့သဖြင့် အသည်းပန်းအလှပြုပြင်ရေးဆိုင်ရှေ့ခန်းနှင့် နောက်ဖေးအဖီအဆောက်အအုံတစ်လုံး၊ အနီးရှိပုလဲသွယ်သွားနှင့်ခံတွင်း ဆေးခန်း၊ နှင်းဝတ်ရည်အလှပြုပြင်ရေးဆိုင်ရှေ့ခန်းနှင့် နောက်ဖေးအဖီ အဆောက်အအုံတစ်လုံး၊ ရွှေအရိပ်အထည်ဆိုင်ရှေ့ခန်း၊ အနောက်ဖေးအဖီအဆောက်အအုံတစ်လုံး၊ နီယွန်မိတ္တူဆိုင်တို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးမင်းမင်းစိုးနှင့်အဖွဲ့ဝင်များ၊ ဒေသခံများပူးပေါင်း၍ မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း မီးပေါ့ဆစွာသုံးစွဲသူအား တာဝန်ရှိသူတို့က ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**တင်မောင်(မန်းကိုယ်ပွား)**

# စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကျော် ဖမ်းဆီးရမိ

**ထားဝယ် ဖေဖော်ဝါရီ ၂၆**
တနင်္သာရီတိုင်းဒေသကြီး၌ ဖေဖော်ဝါရီ ၂၄ ရက်က ရေဖြူမြို့မှ ထားဝယ်မြို့ဘက်သို့ ယာဉ်မောင်း အောင်မြတ်သူ မောင်းနှင်၍ ကျော်နိုင်၊ ဒေါ်ခင်ဆွေဝင်းတို့ လိုက်ပါစီးနင်းလာသော မော်တော်ယာဉ်အတွင်း ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် ၁၁ ပြား၊ ဆင်းကတ်ပါ Samsaung အမျိုးအစား ဖုန်းနှစ်လုံးနှင့် ငွေစက္ကူ ၃၆၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းနောက် စစ်ဆေးမေးမြန်းရာတွင် အောင်မြတ်သူက ဆေးပြားများအား ထားဝယ်မြို့သို့ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထားဝယ်မြို့သို့ရောက်လျှင် မမေသွယ်စိုးဝင်း(ခ)မမေသွယ် (ထိုင်းနိုင်ငံနေ)၏ အစ်ကိုဖြစ်သူ အောင်ဘိုဘိုထွန်းမှ လာရောက် ယူမည်ဖြစ်ကြောင်း သိရှိရပြီး အောင်ဘိုဘိုထွန်းအား ၎င်းကိုင်ဆောင်သောဟန်းဖုန်းဖြင့် ဆက်သွယ်ပြီး ထပ်မံဖမ်းဆီးရာ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၄ နာရီတွင် ထားဝယ်မြို့ အဝေးပြေးကားဝင်းတွင် ဆင်းကတ်ပါဟန်းဖုန်းတစ်လုံး၊ ငွေစက္ကူ ၃၄၁၀၀၀ နှင့်အတူ ဖမ်းဆီးရမိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်မြတ်သူ၊ ကျော်နိုင်၊ ဒေါ်ခင်ဆွေဝင်း၊ အောင်ဘိုဘိုထွန်း၊ မမေသွယ်စိုးဝင်းတို့အား ရေဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**




# ဒဂုံ(မြောက်)ပြည်ထောင်စုလမ်းမကြီးပေါ်တွင် YBS ယာဉ် မီးလောင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်) ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အမှတ်(၄၅)ရပ်ကွက်နှင့်(၄၆)လမ်းဆုံကြားတွင် ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီက YBS(၁၂)မှန်လုံယာဉ်တစ်စီး မီးလောင်ခဲ့ကြောင်း သိရသည်။



အဆိုပါမွန်းလွဲပိုင်းက ဆူးလေ (ဗန္ဓုလပန်းခြံ)-ဒဂုံ(မြောက်)ငါးဆယ်ကွေ့သို့ပြေးဆွဲနေသော YBS(12) YGN/1F4428 မှန်လုံယာဉ်မှာ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဒဂုံ(မြောက်)(၄၅)ရပ်ကွက်နှင့်(၄၆)လမ်းဆုံကြားတွင် ယာဉ်၏ခေါင်းခန်းရှိ CNG ဂက်စ်အိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒဂုံ(မြောက်) မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီး၊ နာရေးကူညီမှုအသင်း ရန်ကုန်မှရေသယ်ယာဉ်နှစ်စီးနှင့် လူနာတင်ယာဉ်နှစ်စီးတို့ဖြင့် ဒဂုံ(မြောက်) မီးသတ်တပ်ဖွဲ့မှသန္ဓေ ၁၆ ဦး၊ အရန် ၁၀ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ခရီးသည် တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ဘဲ ခရီးသည် ၃၅ ဦး သေဆုံးသည် ဆိုသောသတင်းမှာ ကောလာဟလ သာဖြစ်ကြောင်း ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ သိရသည်။

**သတင်း၊ ဓာတ်ပုံ**
**သန်းထိုက်(လှိုင်သာယာ)၊**
**မျိုးမင်းသိန်း(မရမ်းကုန်း)**

# လှိုင်ကော် လေးမိုင်သုသာန်တွင် မြေနေရာအခက်အခဲကြောင့် မီးသင်္ဂြိုဟ်စက်အသုံးပြုစေလို

**လှိုင်ကော် ဖေဖော်ဝါရီ ၂၆**
ကယားပြည်နယ် လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လေးမိုင်သုသာန်တွင် မြေလွတ်မြေလပ်နည်းပါးလာပြီဖြစ်၍ မြေနေရာအခက်အခဲကို မီးသင်္ဂြိုဟ်စက်အသုံးပြုခြင်းဖြင့် ဝိုင်းဝန်းဖြေရှင်းသင့်ကြောင်း နာရေးကူညီမှုအသင်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က လွိုင်ကော်သုသာန်သည် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးကြီး၏ တောင်ဘက်အနီးတွင်တည်ရှိခဲ့ပြီး လူနေအိမ်ခြေများ တိုးပွားလာသောကြောင့် သုသာန်အား ယခုလက်ရှိနေရာသို့ ၁၉၉၅ ခုနှစ်က ပြောင်းရွှေ့ထားရှိခဲ့သည်။ အဆိုပါ လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လေးမိုင်သုသာန်တွင် ဗုဒ္ဓဘာသာသုသာန် ၁၀ ဧက၊ နှစ်ခြင်းခရစ်ယာန် ငါးဧက၊ တရုတ် ငါးဧက၊ မူဆလင် ငါးဧက၊ ကက်သလစ်ခရစ်ယာန် ငါးဧကနှင့် စနေအသင်းတစ်ဧက၊ စုစုပေါင်းမြေဧက အကျယ်အဝန်း ၃၁ ဧကရှိပြီး မြေမြှုပ်၊ ဂူသွင်းသင်္ဂြိုဟ်ကြသဖြင့် မြေလွတ်မြေလပ်နည်းပါးလာလျက်ရှိသည်။

ယင်းသုသာန်အတွင်း မြေမြှုပ်သင်္ဂြိုဟ်ခြင်းနှင့် အုတ်ဂူသွင်းသင်္ဂြိုဟ်ခြင်းတို့အား အခွန်အခတိုးမြှင့်ကောက်ခံခြင်းဖြင့် လျော့နည်းလာ စေလိုသောကြောင့်မြေမြှုပ်သင်္ဂြိုဟ်ခြင်းအား ငွေကျပ် ၅၀၀၀၀၊ အုတ်ဂူသွင်းသင်္ဂြိုဟ်ခြင်းအား ငွေကျပ် ၁၀၀၀၀၀၊ ကောက်ခံမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆ ခုနှစ် ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၆) ကို ထုတ်ပြန်ခဲ့သော်လည်း ကန့်ကွက်မှုများရှိ၍ ယင်းအစီအစဉ်ကို ပယ်ဖျက်ခဲ့ကြောင်း သိရသည်။
**ကြီးမြင့်နိုင်(လွိုင်ကော်)**

# နှစ်ကျိပ်ရှစ်ဆူသမ္ဗုဒ္ဓေဘုရားရှင်များ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံ

**လွိုင်လင် ဖော်ဖော်ဝါရီ ၂၆**

လွိုင်လင်မြို့ ရတနာစည်စာသင်တိုက်၌ နှစ်စဉ်မပျက်ကျင်းပသော (၂၁) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ သမ္ဗုဒ္ဓေဘုရားရှင်များ မြို့တွင်းသို့ လှည့်လည်ပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ရတနာစည်စာသင်တိုက်မှ မြို့တွင်းရှိ တပ်နယ်ရုံး၊ ဌာနဆိုင်ရာရုံးများနှင့် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံခဲ့ကြောင်း သိရသည်။

ရတနာစည်စာသင်တိုက် ရတနာစည်ဆရာတော် (လွိုင်လင်) က ဦးစီး၍ တပ်နယ်မှူးနှင့် အရာရှိ အရာခံအကြပ်စစ်သည်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရတနာစည်နဂ္ဂဟအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၊ ရပ်ဝေးရပ်နီးမှ စေတနာရှင်အလှူရှင်များ၊ ဓမ္မစကူးအဖွဲ့များ စုပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်အပါအဝင် (၂၁) ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနှစ်ကျိပ်ရှစ်ဆူ သမ္ဗုဒ္ဓေဘုရားရှင်များ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉နာရီတွင် ဘုရားအနေကဇာတင်လှူခြင်း၊ တရားတော်နာယူခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေခြင်းများ ဆင်ယင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**





# အောင်စည်ဟိန်းပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီတော်မြတ် ပထမအကြိမ် ဌာပနာတော်သွင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု ဝင်ပြန်ကျေးရွာရှိ နေမျိုးနွယ်ပရိယတ္တိစာသင်တိုက်အတွင်း၌ တည်ထားကိုးကွယ်မည့် အောင်စည်ဟိန်းပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်ကြီး ပထမအကြိမ် ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အလှူရှင်များက ဌာပနာတော်များကို အစီအစဉ်အတိုင်း လှည့်လည်ပူဇော်ကြပြီး နေမျိုးနွယ်ပရိယတ္တိ စာသင်တိုက်ဆရာတော်ထံမှ တရားဒေသနာများနာယူ ဆောက်တည်ကြသည်။

ထို့နောက် အလှူရှင်များ၏ နေ့နံအလိုက် ဌာပနာများကို ထည့်သွင်းပူဇော် ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# သဘင်္ဘောသားလောက ခေတ်မီတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ကမ္ဘာ့ရေကြောင်းသွားလာမှုဆိုင်ရာ နည်းပညာများ တိုးတက်လာသည့်အလျောက် မြန်မာသင်္ဘောသားလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီ သင်္ဘောသားလောကဖြစ်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ကပ္ပတိန် ဦးဇင်မောင်ထွန်းက ပြောသည်။

"၁၉၉၈-၁၉၉၉ ခုနှစ်က ကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းဆင်းသွားတဲ့ကျောင်းသားတွေဟာ ယခုအခါမှာ အရာရှိကြီးတွေ ဖြစ်နေကြပါပြီ။ တချို့ သင်္ဘောသားလောကမှာ ဆရာအဖြစ်အနေနဲ့ လုပ်ကိုင်နေသူတွေလည်း ရှိပါတယ်။ သင်္ဘောသားနဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေမှာ လုပ်ငန်းရှင်တွေအဖြစ်နဲ့ လုပ်ကိုင်နေသူလည်း ရှိပါတယ်။ ခေတ်မီသင်္ဘောသားအတတ်ပညာများ၊ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ကြခြင်းဖြင့် အတွေ့အကြုံကောင်းများရရှိပြီး သင်္ဘောသားလောက ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ခေတ်မီသင်္ဘောသားလောက ရှင်သန်ရေးအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်" ဟု ဒုတိယပါမောက္ခချုပ် ဦးဇင်မောင်ထွန်းက ကုန်သွယ်ရေကြောင်းကောလိပ်ကျောင်းသားဟောင်းများ တွေ့ဆုံနှီးနှောဖလှယ်ပွဲအခမ်းအနားတွင် ပြောသည်။

ယခုအခါ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ကုန်သွယ်ရေကြောင်းကောလိပ်(ကုန်သွယ်ရေကြောင်း ပညာသိပ္ပံ)တို့တွင် အရည်အချင်းပြည့်ဝသော မြန်မာသင်္ဘောသားများပေါ်ထွန်းလာစေရေးအတွက် ကမ္ဘာ့ရေကြောင်း အဖွဲ့ချုပ်၏ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ ခေတ်မီနည်းပညာများနှင့်အညီ သင်ကြားပို့ချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်တွင် ပညာသင်နှစ် ငါးနှစ်တက်ရပြီး ကုန်သွယ်ရေကြောင်းကောလိပ်မှာမူ နှစ်နှစ်တက်ရ၍ ဒီပလိုမာများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

"ရေကြောင်းပညာတက္ကသိုလ်မှ ဘွဲ့ရတဲ့သူဖြစ်စေ၊ ကုန်သွယ်ရေကြောင်းကောလိပ်မှ ဒီပလိုမာရသူဖြစ်စေ၊ ရေကြောင်းအတတ်ပညာရပ်တွေကို ခေတ်နဲ့အညီ မျက်ခြည်မပြတ် လေ့လာဆည်းပူးနေရာမှ ခေတ်မီသင်္ဘောသားကောင်းတစ်ဦး ဖြစ်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု ရေကြောင်းအတတ်ပညာများ သင်ကြားပို့ချပေးနေသော အင်ဂျင်နီယာမှူး ဦးအောင်လင်းချိုက ပြောသည်။

မြန်မာနိုင်ငံ၌ သင်္ဘောသားများ အလုပ်အကိုင်ခန့်ထားရာတွင် ရေကြောင်းပညာတက္ကသိုလ်နှင့် ရေကြောင်းသိပ္ပံတို့မှ ကျောင်းဆင်းသော ကျောင်းသားများအား သင်္ဘောကုမ္ပဏီများက အလုပ်အကိုင်များခေါ်ယူရာတွင် ဦးစားပေးခေါ်ယူလျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# စစ်တွေမြို့၌ မရမာကြီးတိုင်းရင်းသားလူငယ်များ ဖိုရမ်ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၆**

မရမာကြီးတိုင်းရင်းသားလူငယ်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာခြင်းဖြင့် မရမာကြီးလူငယ်များ၏ အသံနှင့် ဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထစဉ်ဆက်မပြတ် အားကောင်းစေရန်၊ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စုဝင်လူငယ်များ အချင်းချင်းကြားတွင်သွေးစည်းညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း ပုံသဏ္ဌာန်တစ်ရပ် ပေါ်ပေါက်လာစေရေန်၊ မြန်မာတစ်နိုင်ငံလုံးရှိ လူငယ်များနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရာတွင် တက်ကြွ၍ စွမ်းဆောင်ရည် အားကောင်းသော မရမာကြီး လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်၊ မရမာကြီးတိုင်းရင်းသားလူငယ်ထု စုစည်းညီညွတ်မှု အားကောင်းစေရန် စသည့်ရည်ရွယ်ချက်များဖြင့်ပြုလုပ်သော မရမာကြီးတိုင်းရင်းသားလူငယ်များ ဖိုရမ်ကို စစ်တွေမြို့ ကုန်သည်လမ်းကျောင်းတက်လမ်းရပ်ကွက်ရှိ မရမာကြီးကျောင်းဟောင်း ပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီကစတင်ကျင်းပရာ မရမာကြီးကျောင်းဟောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဇောတိကမှ ဩဝါဒမြွက်ကြားပေးသည်။



၎င်းနောက် အဖွဲ့အစည်းအသီးသီးမှ ပေးပို့သောသဝဏ်လွှာများကို ဖတ်ကြားကြသည်။ ထို့နောက် ဥပဒေပညာရှင် ဆရာကြီးဦးသာပွင့်က လူငယ်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ လည်းကောင်း၊ ရခိုင်သမိုင်းသုတေသီ ဆရာကြီး ဦးမောင်ဗသိန်းက မရမာကြီး သမိုင်းနှင့်ပတ်သက်၍ လည်းကောင်း၊ မရမာကြီး အမျိုးသားခေါင်းဆောင် ဦးမောင်နုနက မရမာကြီးတိုင်းရင်းသား လူငယ်များနှင့်ပတ်သက်၍ လည်းကောင်း ဟောပြောကြသည်။

"ကျွန်တော်တို့ မရမာကြီး လူငယ်တွေဟာ ကစဉ့်ကလျားဖြစ်နေတာ ရှိနေပေမယ့် မရှိသလိုဖြစ်နေပါတယ်။ ဒါကြောင့် စုစည်းမှုအများကြီး လိုအပ်နေပါတယ်။ ယနေ့အချိန်မှာ ဘယ်နေရာမှာဖြစ်ဖြစ် လူငယ်ထုအင်အားဟာ မရှိမဖြစ် လိုအပ်ပါတယ်။ လိုအပ်နေတဲ့ အင်အားတွေမှာ စုစည်းမှုအင်အားက ပိုကောင်းပြီး ပိုမိုထိရောက်ပါတယ်။ မရမာကြီးလူငယ်များ စုစည်းနိုင်ခြင်းဖြင့် ညီနောင်တိုင်းရင်းသား လူငယ်တွေနဲ့ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီး မရမာကြီး လူငယ်တွေရဲ့အသံကိုလည်း တစ်သံတည်း တင်ပြနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် စုစည်းမှုတစ်ခုကို ရစေချင်လို့ ဒီဖိုရမ်ကို ပြုလုပ်ရတာပါ" ဟု မရမာကြီးတိုင်းရင်းသားလူငယ် ကိုအောင်ဆန်းဝင်းက ပြောသည်။

မရမာကြီး တိုင်းရင်းသားလူမျိုးသည် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် တိုင်းရင်းသားလူမျိုးဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**

**ဓာတ်ပုံ-ဥညစော**

# လမ်းမတော်နှင့် အနော်ရထာလမ်းဆုံ၌ ယာဉ်စည်းကမ်းမဲ့မှု မြင်တွေ့နေရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့တွင်းလမ်းမများတွင် ယာဉ်ထိန်းရဲများရှိနေသော်လည်း လမ်းဘေးရပ်ယာဉ်အချို့ရှိသဖြင့် ကရိန်းဖြင့်ဆွဲယူသွားသည်ကို ယင်းနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် မြင်တွေ့ရသည်။ လမ်းမတော်နှင့် အနော်ရထာလမ်းဆုံအလွန် ၁၅ လမ်းမှတ်တိုင် အနော်ရထာလမ်းပေါ်နေရာဘေး အဝါရောင်ဆေးရေးဆွဲထားသော ပလက်ဖောင်းရှေ့တွင် ယာဉ်ငယ်များ စီတန်းရပ်ထားသည်ကို မြင်တွေ့ရသည်။ မြို့နယ်တစ်မြို့နယ်လျှင် ယာဉ်စည်းကမ်းထိန်းသိမ်းရာတွင် အထောက်အကူပြုရန် မော်တော်ဆိုင်ကယ်များ သက်ဆိုင်ရာမှ ထုတ်ပေးခဲ့သည်။ ယင်းကဲ့သို့ထုတ်ပေးမှုကြောင့် အနော်ရထာလမ်းဘေးတစ်လျှောက် လမ်းဘေးရပ်ယာဉ်များ အရေးယူမှုများ ပိုမိုမြင်တွေ့ရသည်ဟု အငှားယာဉ် DD/---- ပရိဘောက်ယာဉ်မောင်း ကိုသန်းဝင်းက ပြောသည်။

ရန်ကုန်မြို့တွင်း ယာဉ်စည်းကမ်းချိုးဖောက်မှုကြောင့် အရေးယူရသည့် ယာဉ်စီးရေးများပြားလာခြင်းနှင့်အတူ အရေးယူသည့်အချိန်တွင်မူ အချေအတင်ပြောဆိုခြင်းနှင့်အတူ ယာဉ်နှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားကို သက်ဆိုင်ရာတာဝန်ရှိသူများက တောင်းခံသည့်အခါ အလွယ်တကူထုတ်ပေးခြင်းမရှိသည့်မြင်ကွင်းများ ကားလမ်းမများပေါ်တွင် မြင်တွေ့ရဆဲဖြစ်သည်။

**ခင်ဆိုင်**

# အန္တရာယ်ရှိသည့်အဆိပ်ဖြင့် တိုက်ခိုက်ခံရပြီးနောက် မလေးရှားလေဆိပ်၌ အန္တရာယ်ကင်းစွာသွားလာနိုင်ပြီဖြစ်ကြောင်းကြေညာ



**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၆**

ပြီးခဲ့သည့်ရက်သတ္တပတ်က မြောက်ကိုရီးယားခေါင်းဆောင်ကင်၏ အဖေတူအမေကွဲ အစ်ကိုအား မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်၌ ပြင်းထန်သည့် ဓာတုအဆိပ်လက်နက်ဖြင့် တိုက်ခိုက်ခံခဲ့ရပြီးသည့်နောက်တွင် အခင်းဖြစ်ပွားခဲ့ရာ လေဆိပ်၌ လုံခြုံရေးဆိုင်ရာ ရှင်းလင်းမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည့်အတွက် ဘေးကင်းသွားပြီဖြစ်သောကြောင့် ခရီးသည်များ အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ပြီဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ကြေညာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသား ကင်ဂျုံနမ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၃ ရက်က ကွာလာလမ်ပူလေဆိပ်၌ လူပေါင်းမြောက်မြားစွာကို သေကျေပျက်စီးစေနိုင်သည့် အစွမ်းထက်ဓာတုလက်နက်ဟု ကုလသမဂ္ဂအဖွဲ့က သတ်မှတ်ထားသည့် ဗွီအိတ်စ်အဆိပ်ငွေ့ဖြင့် လုပ်ကြံသတ်ဖြတ်မှုခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

လေဆိပ်၌ ဘေးအန္တရာယ်ကင်းရှင်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးနောက်တွင် ထောင်ပေါင်းများစွာသော ခရီးသည်များသည် သတ်မှတ်ထားသည့် ဂိတ်အသီးသီးမှ ဖြတ်ကျော်သွားလာနိုင်ခဲ့ကြသည်။

မှုခင်းဆေးပညာဆိုင်ရာ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် အဏုမြူစွမ်းအင်လိုင်စင်အဖွဲ့တို့သည် ဖေဖော်ဝါရီ ၂၆ ရက် ညသန်းခေါင်အချိန်တွင် ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်ရှိ ငွေစာရင်းစစ်ရေးဂိတ်ကို ရှင်းလင်းရေးလုပ်ဆောင်ခဲ့သည်။

**(ရိုက်တာ)**

## အိန္ဒိယအရှေ့မြောက်ပိုင်းတွင် ကုန်တင်ယာဉ်တိမ်းမှောက် ၁၇ ဦးသေဆုံး လူများစွာထိခိုက်ဒဏ်ရာရရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၆**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မက်ဂါလာရာဒေသတွင် တနင်္ဂနွေနေ့က အရှိန်လွန်မောင်းနှင်လာသည့် ထရပ်ကားတစ်စီး တိမ်းမှောက်ခဲ့ရာ ကားပေါ်လိုက်ပါလာသူ ၁၇ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူမှာ ၆၂ဦး ရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုသည် မက်ဂါလာရာဒေသ ရှီလုံမြို့အနောက်ဘက် ၉၅ ကီလိုမီတာအကွာခန့်ရှိ အနောက် ခါစီတောင်ကုန်းဒေသအတွင်းရှိ ဒေါ်ခရိုကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထရပ်ကားပေါ်လိုက်ပါလာသူများအနက် သေဆုံးသွားသူအချို့မှာ ဘာသာရေးအခမ်းအနားတစ်ခုတက်ရောက်ရန် လိုက်ပါလာကြသည့် ခရစ်ယာန်ဘာသာဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု ဆိုသည်။

ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ အလျင်အမြန်ပို့ဆောင်ခဲ့ကြသည်။ အချို့မှာ အသက်အန္တရာယ် စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ဒေသသတင်းရင်းမြစ်များက ဖော်ပြသည်။ ကနဦးစုံစမ်းစစ်ဆေးမှုများအရ ထရပ်ကားသည် အရှိန်ပြင်းစွာ မောင်းနှင်လာသဖြင့် တိမ်းမှောက်ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ယာဉ်များသည် ခံနိုင်ဝန်ထက် အလေးချိန်ပိုမိုတင်ဆောင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေဆိုးရွားခြင်းနှင့် ယာဉ်ဂရုတစိုက်မောင်းနှင်မှုမရှိခြင်းကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဗြိတိန်၌ အကြမ်းဖက်တိုက်ခိုက်ရန် အိုင်အက်စ်အဖွဲ့ ကြံစည်နေကြောင်း သတင်းရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၆**

အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွအဖွဲ့သည် လွန်ခဲ့သောနှစ်လေးဆယ်ကျော်အကြာက အိုင်ယာလန်ရီပတ်ဘလစ်ကန် ကြည်းတပ်ဖွဲ့က ပြုလုပ်ခဲ့သည့် တိုက်ခိုက်မှုများနှင့် အလားတူစွာပင် ဗြိတိန်၌ အပြစ်မဲ့ပြည်သူများအား ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်နေကြောင်း ဗြိတိန်ရှိ အကြမ်းဖက်တိုက်ခိုက်မှုစောင့်ကြည့်ရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်။

တနင်္ဂနွေနေ့က ပုံနှိပ်ထုတ်ဝေခဲ့သည့် Sunday Telegraph နှင့် အမေးအဖြေပြုလုပ်မှု အင်တာဗျူးတစ်ခုတွင် အကြမ်းဖက်မှုဆိုင်ရာ တာဝန်ရှိသူ ဥပဒေအရာရှိ မက်စ်ဟီးလ်က စစ်သွေးကြွများသည် မြို့ကြီးများကို ပစ်မှတ်ထားကာ အန္တရာယ်များသည့် တိုက်ခိုက်မှုများကို အကြီးအကျယ်လုပ်ဆောင်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။

လွန်ခဲ့သော ၁၉၇၀ ပြည့်နှစ်များအတွင်းက ပြည်မကြီး၌ ထကြွသောင်းကျန်းလျက်ရှိသည့် အိုင်ယာလန်ရီပတ်ဘလစ်ကန် ကြည်းတပ်ဖွဲ့က လန်ဒန်ကို အကြီးအကျယ်ခြိမ်းခြောက်ခဲ့သည့် တိုက်ခိုက်မှုကဲ့သို့ အကြမ်းဖက်မှုကြီး ဖြစ်ပွားလာမည့်အန္တရာယ်ကို ကြိုတင်ခံစားမိနေကြောင်း ၎င်းက ဖြေကြားခဲ့သည်။

**(ရိုက်တာ)**

## အမေရိကန်နှင့် ဆက်ဆံရေးတင်းမာလျက်ရှိသော်လည်း ရေတပ်စစ်ရေးလေ့ကျင့်မှုများ အီရန်ပြုလုပ်

**တီဟီရန် ဖေဖော်ဝါရီ ၂၆**

အီရန်သည် အိန္ဒိယသမုဒ္ဒရာနှင့် ပင်လယ်ကွေ့အဝတို့တွင် တနင်္ဂနွေနေ့က ရေတပ်စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ကြောင်း ရေတပ်မတော်အရာရှိချုပ်တစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တီဟီရန်အား သတိထားစောင့်ကြည့်ရမည့်နိုင်ငံအဖြစ် စာရင်းသွင်းလိုက်ပြီးနောက်တွင် အီရန်နှင့် အမေရိကန်နိုင်ငံတို့အကြား တင်းမာမှုများ ပိုမိုပြင်းထန်လာလျက်ရှိရာ အီရန်က ယင်းစစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့်လအတွင်းက သမ္မတရာထူးကို ရရှိခဲ့ပြီးနောက်တွင် ဒေါ်နယ်ထရန့်သည် အီရန်အရေးကို ကိုင်တွယ်ဖြေရှင်းမည်ဟု အလေးအနက် ကတိပေးအပ်ခဲ့သည်။ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ဒုံးကျည်စမ်းသပ်မှု လုပ်ဆောင်ခဲ့သည့် အီရန်နိုင်ငံကို ထရန့်က သတိပေးခဲ့ပြီး ပိတ်ဆို့အရေးယူမှုများ လုပ်ဆောင်ရန် စားပွဲထိုင်ဆွေးနွေးခဲ့သည်။

အီရန်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပင်လယ်ဓားပြရန်ကိုတိုက်ခိုက်နှိမ်နင်းရေးအတွက် လေ့ကျင့်ရန် နှစ်စဉ်ပုံမှန်ပြုလုပ်မြဲဖြစ်သည့် စစ်ရေးလှုပ်ရှားမှုများကို ဟော်မုတ်ရေလက်ကြား၊ အိုမန်၊ ဘက်အယ်လ်မန်ဒက်ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းတို့တွင် လေ့ကျင့်သွားမည်ဖြစ်ကြောင်း ရေတပ်အကြီးအကဲ ရီယာအက်ဒမိုင်ရယ်လ် ဟာဘီဘိုလက်က ပြောကြားခဲ့ကြောင်း ဒေသသတင်းမီဒီယာတွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်လအတွင်းက ဟော်မုတ်ရေလက်ကြားအနီးတွင် အရှိန်ဖြင့် နီးကပ်စွာခုတ်မောင်းလာသည့် အီရန်အမြန်ရေယာဉ်လေးစင်းကို အမေရိကန်ရေတပ်ဖျက်သင်္ဘော တစ်စင်းက သတိပေး အမြောက်ပစ်ခတ်မှုပြုလုပ်ခဲ့သည်။ **(ရိုက်တာ)**



## အသေခံဗုံးခွဲတိုက်ခိုက်မှုများက ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲကို ခြိမ်းခြောက်

**အလက်ပို ဖေဖော်ဝါရီ ၂၆**

ဆီးရီးယားနိုင်ငံအနောက်ပိုင်း ဟွမ်စ်မြို့တွင် စနေနေ့က အစိုးရလုံခြုံရေးဌာနရုံးများတွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားပြီး လူ ၄၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

နှစ်ကြိမ် ဆင့်ကဲဖြစ်ပွားခဲ့သည့် အသေခံ ဗုံးခွဲတိုက်ခိုက်မှုများအတွင်း အကြီးတန်းလုံခြုံရေးအာဏာပိုင်တစ်ဦးအပါအဝင် လူ ၄၂ ဦးထက်မနည်း သေဆုံးသွားကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေး လှုပ်ရှားမှုဆိုင်ရာ လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ဆီးရီးယားအစိုးရနှင့် အတိုက်အခံအဖွဲ့အစည်းများကြားတွင် ကုလသမဂ္ဂက ကြားဝင် စေ့စပ်ညှိနှိုင်းမှုပြုလုပ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်နေစဉ်အတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဝင်ရောက်လာခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးမှုကို ကြာသပတေးနေ့က ဂျိနီဗာ၌ စတင်ခဲ့သည်။

တိုက်ခိုက်မှုကိုအယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်စပ်နေသည့် စစ်သွေးကြွအဖွဲ့များက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် စတီဖန်ဒီမစ်တူရာက ယင်းတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့သည်။ ငြိမ်းချမ်းရေးကိစ္စရပ်များ ဆောင်ရွက်တော့မည် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်တော့မည်ဟုကြံရွယ်လိုက်သည်နှင့် အဖျက်အမှောင့်များသည် နေရာပေါင်းစုံမှ ဝင်ရောက်လာစမြဲဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။



**(အင်န်အိတ်ချ်ကေ)**

# ဘားအံမြို့နယ် သံလွင်အနောက်ဘက်ခြမ်း ရသေ့ပုံကျေးရွာအုပ်စု၌ မူးယစ်ဆေးဝါးဆန့်ကျင် ရှုတ်ချပွဲပြုလုပ်

**ဘားအံ ဖေဖော်ဝါရီ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ရသေ့ပုံကျေးရွာ၌ မူးယစ်ဆေးဝါးဆန့်ကျင်ရှုတ်ချပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းကကျင်းပရာ ရသေ့ပုံ၊ ဘားကပ်၊ ပန်းကုံး၊ ငနက်ပြာ၊ ကော့ဂွန်း၊ နှစ်ခြား၊ ဆင်ကျုံး၊ တရုတ်လှကျေးရွာတို့မှ ကျောင်းသားပြည်သူများ၊ ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့အစည်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအသီးသီးမှ ပြည်သူစစ်အဖွဲ့အစည်းများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် လူငယ်ဒုံးယိမ်းအဖွဲ့များ စုစုပေါင်းအင်အား ၁၀၀၀ ခန့်တက်ရောက်ခဲ့ပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးကြွေးကြော်သံများဖြင့် ကျေးရွာလမ်းမကြီးတစ်လျှောက် စနစ်တကျချီတက် ဆန္ဒဖော်ထုတ်ခဲ့ကြကာ ရသေ့ပုံကျေးရွာဘောလုံးကွင်း၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရသေ့ပုံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစောစံတင်က အမှာစကားပြောကြားပြီး ဘားကပ်ရဲကင်းစခန်းမှူး ဒုရဲအုပ် စိုးခိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည်များ၊ ပြစ်မှုပြစ်ဒဏ်များအားရှင်းလင်းပြောကြားခဲ့ပြီး ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ၂၀၁၆ ခုနှစ်အတွင်း ဖော်ထုတ်ဖမ်းဆီးမှု ၅၅၁ မှု၊ ကျား/မ တရားခံပေါင်း ၈၁၀ ဦး ဖမ်းဆီးနိုင်ခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၆၀၀၇၃၈ ပြား၊ ဆေးခြောက် ၃၀၉၆၅ ဂရမ်၊ ဘိန်းမည်း ၅၂ ဂရမ်၊ ဘိန်းစိမ်း ၇ ကီလို၊ အိုက်စ် ၄၅၄ ဒသမ ၅၇ ဂရမ်၊ မြန်မာကျပ်ငွေ ၅၆၆၃၇၀၅၀၊ ထိုင်း ဘတ်ငွေ ၃၁၃၄၃၂၀ ဘတ်၊ လက်နက်မျိုးစုံ ၄၉ လက်၊ကျည်မျိုးစုံ ၁၆၈၄ တောင့်၊ လက်ပစ်ဗုံး ၁၃ လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းအမှုများထဲတွင် ဘားကပ်ရဲကင်းအပိုင်နယ်မြေအတွင်းမှ နှစ်ခြားကျေးရွာ၌ နှစ်မှု၊ ကော့ဂွန်းကျေးရွာ၌ တစ်မှု၊ တရုတ်လှကျေးရွာ၌ လေးမှု စုစုပေါင်းခုနစ်မှုသာ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေးအတွက် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လူငယ်များအကြား မူးယစ်ဆေးသုံးစွဲမှု ပျံ့နှံ့မြင့်တက်လာခဲ့ရခြင်းမှာ ငွေနည်းနည်းရင်းပြီး ငွေများများအမြတ်ရယူလိုသည့် မူးယစ်ရာဇဝတ်သမလောဘသားများကြောင့် ရောင်းဝယ်သုံးစွဲမှုများ ကျယ်ပြန့်လာခဲ့ခြင်းဖြစ်ကြောင်း ယင်းဒေသခံများက ပြောသည်။

ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ဆန့်ကျင်ရေးလုပ်ငန်းများကို ရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဖော်ထုတ်ဆောင်ရွက်လာခဲ့ခြင်းကြောင့် ယခင်ကာလများထက် မူးယစ်ဆေးဝါးမှုများကို ပိုမိုဖမ်းဆီးရမိလာခဲ့ခြင်းဖြစ်ကာ ပြည်သူများ၏စောင့်ကြည့်ပူးပေါင်းဆောင်ရွက်လာခဲ့ခြင်းကြောင့်လည်း ဒေသအတွင်း သုံးစွဲရောင်းဝယ်မှုများမှာ ယခင်ကထက် ၇၀ ရာခိုင်နှုန်းအထိ သိသိသာသာလျော့နည်းသွားသည်ဟု ဒေသခံများပြောကြားချက်အရ သိရသည်။




ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးသုံးစွဲသူများကို ဖမ်းဆီးအရေးယူခြင်းအပြင် ကုသမှုပိုင်းဆိုင်ရာများဖြင့် ပူးတွဲလုပ်ဆောင်ရန်လိုအပ်လျက်ရှိရာ ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးစွဲသူများ ဆေးဖြတ်ရန် စီစဉ်ဆောင်ရွက်မှုတွင် အလေးထားပူးတွဲပါဝင်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ ထောင်နှင့်အချုပ်ခန်းတွင် မူးယစ်ဆေးမှုဖြင့် အကျဉ်းကျခံနေရသူ များပြားနေပြီး ထောင်နှင့် အချုပ်များ၌ လူဦးရေမမျှမတဖြစ်နေကြောင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဘားအံပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင်၌ မူးယစ်ဆေးစွဲရောဂါကုသမှု ရက်တိုသင်တန်းဖွင့်ပွဲတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ကြည်လင်းက ပြောကြားခဲ့သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ထရန်စဖော်မာသစ်နှင့် ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ပြီး၍ ပြည်သူများအဆင်ပြေ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့သီလဝ(၁)ကွက်သစ်ရပ်ကွက်၌ 200 KVA ထရန် စဖော်မာအသစ်တိုးချဲ့တပ်ဆင်ခြင်းနှင့် (၁၁)ကေဗွီအေ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး၍ ဖေဖော်ဝါရီ ၂၄ ရက်က ဓာတ်အားစတင်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထရန်စဖော်မာသစ်နှင့် ဓာတ်အားလိုင်းတပ်ဆင်ခြင်းလုပ်ငန်းများကို ခရိုင်လျှပ်စစ်မန်နေဂျာ ဦးအေးမင်းဝင်းနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးတိုးတိုးအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက်က အပြီးသတ်စစ်ဆေးကာ ညနေ ၅ နာရီတွင် လျှပ်စစ်မီးစတင်လွှတ်ပေးခဲ့ကြောင်း သိရသည်။ သီလဝ(၁)ရပ်ကွက်တွင် လျှပ်စစ်အိမ်သုံးမီတာ တပ်ဆင်သုံးစွဲသူ အိမ်ခြေ ၈၀၀ ခန့်ရှိပြီး ထရန်စဖော်မာအသစ်တိုးချဲ့တပ်ဆင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားပြည့် သုံးစွဲနိုင်၍ မီးသုံးသူပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရပ်ကွက်များအတွင်း တိုးချဲ့တပ်ဆင်ပေးသော ထရန်စဖော်မာများကို ADB ၏ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရမည်းသင်းမြို့၌ ထရန်စဖော်မာ ငါးလုံး တည်ဆောက်တပ်ဆင်လျက်ရှိရာတွင် ယခုအခါ သုံးလုံးမှ လျှပ်စစ်ဓာတ်အားလွှတ်ပေးနိုင်ပြီဖြစ်ပြီး ကျန်ထရန်စဖော်မာနှစ်လုံးမှလည်း အမြန်ဆုံး လျှပ်စစ်ဓာတ်အားလွှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**တင်ဦး(ရမည်းသင်း)**

# လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ထီးချိုင့် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ရောဝတီတံတားအဆင်း(ကြက်သွန်ခင်း) ကားလမ်းမပေါ်၌ ဖေဖော်ဝါရီ ၂၆ ရက်က ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်သက်လွင်နှင့်အဖွဲ့သည် ယာဉ်အဝင်/အထွက်များကို ကြပ်မတ်စစ်ဆေးနေစဉ် ယာဉ်မောင်း ဘရန်ရှောင် မောင်းနှင်လာသည့် TOYOTA MARK II အဖြူရောင် လေးဘီးယာဉ်အားရပ်တန့်စစ်ဆေးခဲ့ရာ ယင်းယာဉ်နှင့်ပတ်သက်သည့် ယာဉ်လိုင်စင်၊ စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာမှန်ကန်စွာ ပြသနိုင်ခြင်းမရှိသည့်အပြင် တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းသယ်ဆောင် မောင်းနှင်လာသည့် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

လိုင်စင်မဲ့မော်တော်ယာဉ်ကို မောင်းနှင်လာသူ ဘရန်ရှောင် (၂၄ နှစ်) ကို ထီးချိုင့်မြို့မရဲစခန်းက စစ်ဆေးနေကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

**မီးဘေးရှောင် မလောင်ခင်တား**

# ကျောက်မဲမြို့ ဇောတိကုန်းကျေးရွာ ပန့်ဆီဆိုင် မီးလောင်မှုဖြစ်ပွား

**ကျောက်မဲ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်နမ့်ဟူးတောင်းကျေးရွာအုပ်စု ဇောတိကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၃ နာရီ ၂၅ မိနစ်က အသေးစားပန့်ဆီဆိုင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇောတိကုန်းကျေးရွာ၌ ဦးစိုင်းဆန်းမျိုးဦး ဖွင့်လှစ်ရောင်းချနေသော အသေးစားပန့်ဆီဆိုင်ငယ် ဓာတ်ဆီဂါလန် ၃၀ ဆံ့ DOCANDO အမျိုးအစား ဆီပန့်စက်တို့သွယ်တန်းထားသောဆီပိုက်မှ ဆီယိုစိမ့်ခဲ့ပြီး အဆိုပါ ဆီပန့်စက်နှင့်တွဲ၍ တပ်ဆင်ထားသည့် ဘက်ထရီအိုးကလစ်မှ မီးပွင့်ထွက်ခဲ့သဖြင့် ယိုစိမ့်ဆီများနှင့် ဆီပိုက်အား မီးကူးစက်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ ယင်းမီးလောင်ကျွမ်းမှုကို ကျေးရွာသူ ရွာသားများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# လက်ရှိချန်ပီယံ ရတနာပုံအပါအဝင် အသင်းကြီးများ နိုင်ပွဲရ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက်သရေရလဒ်ကြောင့် ဖိအားများနေသည့် ရတနာပုံအသင်းအတွက် ယခုပွဲ အနိုင်ရလဒ်မှာ ဖိအားလျော့သွားစေခဲ့သည်။ ထိပ်ဆုံးမှ ရန်ကုန်နှင့် ဒုတိယနေရာမှ ရှမ်းယူနိုက်တက် အသင်းတို့မှာ နိုင်ပွဲများရယူနိုင်ခဲ့၍ ရတနာပုံအသင်းမှာ အမှတ်ကွာဟမှု ကျဉ်းမြောင်းနိုင်ခြင်း မရှိခဲ့သော်လည်း ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ရတနာပုံအသင်း၏ ပွဲထွက်လူစာရင်းတွင် အသင်းခေါင်းဆောင်ရန်ပိုင်ပါဝင်လာခြင်းမရှိဘဲ အောင်သူ၊ ရဲကိုဦး၊ စည်သူအောင်၊ ဝင်းနိုင်စိုးတို့ဖြင့် ပွဲထွက်လာခဲ့ပြီး Southern အသင်းသည်လည်း နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။



ရတနာပုံအတွက် အနိုင်ဂိုးကို ဝင်းနိုင်စိုး သွင်းယူလိုက်စဉ်

ရတနာပုံအသင်းသည် နိုင်ပွဲပြန်ရရေးအတွက် တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် Southern အသင်း ခံစစ်အနေအထားဖြင့် ကစားခဲ့ရသည်။ ၃၁ မိနစ်တွင် ရတနာပုံအသင်းအနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဝင်းနိုင်စိုးက သွင်းယူပေးခဲ့သည်။ ဝင်းနိုင်စိုးသည် ဂိုးသွင်းအပြီး မိနစ်အနည်းငယ်အကြာတွင် ဒဏ်ရာရပြီး လူစားလဲခဲ့ရသောကြောင့် ရတနာပုံ တိုက်စစ် အားပျော့ခဲ့ရသည်။ ဒုတိယပိုင်းတွင် Southern အသင်း ချေပဂိုးရရန် ကြိုးပမ်းလာခဲ့ပြီး ရတနာပုံအသင်းမှာ ဂိုးထပ်မံရရှိရေးထက် ဂိုးမပေးရရေးကိုသာ ဦးစားပေးကစားခဲ့သည်။ Southern အသင်းသည် မကွေးနှင့် ပွဲကို ရွှေ့ဆိုင်းထားရသောကြောင့် ခြောက်ပွဲသာကစားရသေးပြီး နိုင်ပွဲတစ်ပွဲသာ ရသေးသောကြောင့် လာမည့်ပွဲများတွင် ရုန်းကန်ရတော့မည် ဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက မောင်မောင်စိုး သွင်းယူသောဂိုးဖြင့် ချင်းယူနိုက်တက်ကို အနိုင်ရခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီအသင်းက နေပြည်တော်အသင်းကို လေးဂိုးပြတ်သွင်းပြီး နိုင်ပွဲပြန်ရခဲ့သည်။ ရောဝတီအတွက် ဂိုးများကို သီဟဇော်က နှစ်ဂိုး၊ နိုင်လင်းဦး၊ ဆီမာစတန်တို့က သွင်းယူပေးခဲ့သည်။ သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် ဇွဲကပင်က GFA ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အတွက် ဂိုးများကို ဒိုနယ်နှင့် ဒီဂျမ်တို့က သွင်းယူခဲ့ပြီး GFA အတွက် ချေပဂိုးကို မိုင်းအိုက်နိုင်က သွင်းယူခဲ့သည်။

ပွဲစဉ် (၇) အပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်က ၁၆ မှတ်၊ လက်ရှိချန်ပီယံရတနာပုံက ၁၅ မှတ်၊ ဇွဲကပင်က ၁၃ မှတ်၊ ရောဝတီ၊ ရခိုင်နှင့် မကွေးတို့က ရှစ်မှတ်စီ၊ ဟံသာဝတီက ခြောက်မှတ်၊ Southern နှင့် GFA တို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်တို့က လေးမှတ်စီရရှိထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် ဗဟိုအဆင့် ပထမအကြိမ် တွေ့ဆုံပွဲကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဗဟိုအဆင့် တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်ကားလမ်း ဂုတ်ထိပ်မှတ်တိုင်အနီးရှိ အာယုဒီဃစာသင်ပျိုးဥယျာဉ်ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အာယုဒီဃစာသင်ပျိုးဥယျာဉ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိယဝံသထံမှ သြဝါဒခံယူသည်။ ဆက်လက်၍ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုကယ်ဆယ်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး နာယကရဲမှူးချုပ် ဦးဝင်းခေါင်(ငြိမ်း)၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒေါက်တာနေဝင်း၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် ဗဟိုကော်မတီ နာယက ဦးအောင်မြင့်၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ် ဗဟို ကော်မတီနာယက ဦးလှအောင်တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုထူးချွန်တတိယအဆင့်နှင့် ထိုင်းဘုရင်၏ ဆုချီးမြှင့်ခြင်းခံရသော မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်းက ဤအသင်း၏ လူမှုကယ်ဆယ်ရေး (Myanmar Rescue) ပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားခဲ့သည်။

“ဒီအသင်းကို ဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံမှာသဘာဝဘေးအန္တရာယ်မျိုးစုံ၊ တစ်ခုခုဖြစ်ပေါ်လာမယ်ဆိုရင် ပြည်သူတွေကို အချိန်နဲ့ တစ်ပြေးညီ ကယ်ဆယ်နိုင်ဖို့နဲ့ အဖွဲ့အစည်းဆိုတာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နိုင်ငံတော်အတွက် အထောက်အကူဖြစ်အောင် ရည်ရွယ်ပြီး ဖွဲ့စည်းထားခဲ့တာပါ။ ဒီအသင်းကို ရန်ကုန်တိုင်းဒေသကြီးမှာ တွံတေးနဲ့ မန္တလေးမှာဆိုရင် ချမ်းမြသုခအသင်း နှစ်သင်းကို စတင်ပြီးတော့ မြေပေါ်၊ ရေပေါ်ကယ်ဆယ်နည်းသင်တန်း အမျိုးမျိုးသင်ကြားပေးပြီး စတင်ဖွဲ့စည်းခဲ့တာပါ။ ပြီးတော့ လူမှုကယ်ဆယ်ရေးလုပ်ငန်းတွေကိုအားလုံးစုပေါင်းပြီး တစ်သင်းတည်း ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ကူညီဆောင်ရွက်နိုင်အောင် မြန်မာတစ်ပြည်လုံးက အဖွဲ့တွေကို ပထမအကြိမ်အဖြစ် တွေ့ဆုံတဲ့ပွဲပါ။ လိုအပ်ချက်တွေရှိပေမယ့် တဖြည်းဖြည်း ဖြည့်ဆည်းဆောင်ရွက်သွားမှာပါ။ ဒီအသင်းကို ၂၀၀၄ ခုနှစ်မှာ နာရေးကူညီမှုအသင်းအနေနဲ့စတင်ဖွဲ့စည်းခဲ့ပါတယ်။ အားလုံး စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်ပြီး လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်တွေရဲ့ရင်ထဲက ရတနာသယ်ဇာတတွေကို ပြစေချင်ပါတယ်”ဟု မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောသည်။

မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်သည် ကယ်ဆယ်ရေးသင်တန်းများကို နယူးဇီလန်နိုင်ငံ၌ သင်ကြားခဲ့ခြင်းဖြစ်ပြီး မြန်မာပြည်တွင် သင်တန်းအကြိမ် ၁၃၀ ကျော်ကို အဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်နိုင်ငံ ၃၀ တွေ့ဆုံရာတွင် အချိန်တိုတွင်း လူမှုကယ်ဆယ်ရေးပညာရပ်များကို အခြားနိုင်ငံတို့ထက် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မှုအပေါ် အံ့ဩလေးစားချီးကျူးခဲ့ပြီး အိမ်နီးချင်းနိုင်ငံတို့၌ သဘာဝဘေးအန္တရာယ်ရင်ဆိုင်ခဲ့ရပါက မြန်မာနိုင်ငံမှ လူမှုကယ်ဆယ်ရေးအဖွဲ့ကို လည်း ဖိတ်ခေါ်လိုကြောင်း ထိုင်းနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့က ဖိတ်ကြားခဲ့သည်ဟု မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး အဖွဲ့ချုပ်၌ ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသော ကိုဝေဠုကျော်က ပြောသည်။

ထို့နောက် လူမှုကူညီရေးအသင်း ၁၅ သင်းကို ဂုဏ်ပြုလွှာများပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ကျေးဇူးတင်စကား ပြောကြား၍ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ အဖွဲ့ဝင် ၅၀၀ ကျော် တက်ရောက်ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-မျိုးမင်းသိန်း**

# ငြိမ်းချမ်းရေးတွဲလက်များ တာဝေးဝှီးချဲအဖွဲ့ တပ်ကုန်းမြို့သို့ ရောက်ရှိ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၆**

ရမည်းသင်းမြို့နယ်သို့ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် တာဝေးဝှီးချဲစီးနင်းသည့်အဖွဲ့ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၁၁ နာရီကရောက်ရှိရာ ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကြိုဆိုနှုတ်ဆက်ပြီး အချိုရည်နှင့် သောက်ရေသန့်ဘူးများ ဝေငှပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့ မိုယ်းကောင်းဆုတောင်းပြည့်ဘုရားကြီး ဓမ္မာရုံသို့ ရောက်ရှိလာ၍ တစ်ညတာရပ်နားပြီး ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မိုယ်းကောင်း ဓမ္မာရုံမှ နေပြည်တော်သို့ ခရီးဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းအဖွဲ့အား နေပြည်တော် ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့မ (၆) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် မြို့ခံတို့က ကြိုဆိုပြီး တည်းခိုနေထိုင်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



တာဝေးဝှီးချဲအဖွဲ့ ရမည်းသင်းသို့ ရောက်ရှိစဉ်

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်၌ ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၌ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ယနေ့နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မိုး/ဇလ)**

**Y.E.S.** Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
**International English Language Centre**
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

**Basic Spoken English**
Sat & Sun-12:30-3:30pm 4,25 Feb
Mon to Thurs-10:00-12:00am 6,27 Feb
Mon to Thurs-3:00-5:00pm 6 Feb
Mon to Thurs-7:30-9:30am 13 Feb
Mon to Thurs-5:30-7:00pm 13 Feb
Sat & Sun-3:45-6:45pm 25 Feb
Mon to Thurs-1:00-3:00pm 27 Feb
**Pre-Intermediate English**
Mon to Thurs-7:30-9:30am 13 Feb
Mon to Thurs-10:00-12:00am 13 Feb
Mon to Thurs-1:00-3:00pm 13 Feb
Mon to Thurs-10:30-12:30am 27 Feb
Mon to Thurs-5:30-7:00pm 27 Feb
**Grammar Foundation Course**
Sat & Sun - 9:00-12:00 am 11 Feb
Mon to Thurs-10:00-12:00am 13 Feb
Mon to Thurs-3:30-5:00pm 27 Feb
**Structure & Written Expression**
Sat & Sun - 3:30-6:30pm 11 Feb
Mon to Thurs-1:00-3:00pm 13 Feb
Sat & Sun - 9:00-12:00am 25 Feb
Sat & Sun - 12:30-3:30pm 25 Feb

**Vocabulary Enrichment Course**
Sat & Sun - 10:00-12:00am 25 Feb
**Intermediate English**
Mon to Thurs-1:00-3:00 pm 13 Feb
**Academic Preparation For IELTS (API)**
Mon to Thurs - 10:30 - 12:30am 13 Feb
**IELTS**(Foundation) Mon to Thurs 5 :30 to 7pm 13 Feb
**IELTS**(Test Practice) Sat&Sun 10:30 to12:30am 11Feb
**IELTS(Speaking)** Sat&Sun 1:00to3:30pm 11 Feb
**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm 11 Feb
**NEW SAT** Sat & Sun -5:00-7:00pm11 Feb
**TOEFL** Mon to Thurs-3:30-5:00pm 13 Feb
**နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ**
Level I G - 5 & 6 Mon to Thurs : 8-10am 6 Mar
Level II G - 7 & 8 Mon to Thurs : 8-10am13 Mar
Level III G - 9 & 10 Mon toThurs:8-10am 6 Mar

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7I/9934 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 5K/5809 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

**နွေရာသီ အခြေခံရေကူးသင်တန်း**
**မြို့တော်ဂေါက်ကွင်း**
သင်တန်းသူ သင်တန်းသားများ စတင်လက်ခံနေပါပြီ။
အသင်းဝင် (member) များလည်း ဝင်နိုင်ပါသည်။
**ရေကူးကန်စားသောက်ဆိုင်**
**သီရိမင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၁-၇၀၃၅၂၄၊ ၀၉-၈၆၃၇၀၅၅**

**ကန့်ကွက်နိုင်ပါသည်။**
ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်းမ၊ မြေတိုင်း(၂၃) အမှတ် (၁၂၀၁)၊ အကျယ်အဝန်း (၄၀×၆၀) ပေရှိ မြေကွက်ကို ဒေါ်ဇန်ဟွိုင်း (၁၂/အစန(နိုင်) ၀၂၃၉၄၂)ထံမှ မိမိ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးအပ်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဆုံးစန်းတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စန္ဒာထွန်း၊ အထက်တန်းရှေ့နေ (စဉ်-၂၃၄၅၂)
အမှတ်(၆၈၉)(ပ)ထပ်၊မှန်စန်း၊ပေါ်ရိပ်ရပ်ကွက်၊သဃ်န်းကျွန်း၊ရန်ကုန်မြို့။
ဖုန်း-၀၉၂၅၄၄၁၉၅၂၀

**ပျောက်ဆုံးကြောင်း**
ကျွန်တော်ဇော်လင်းထွန်း ၁၄/သပန(နိုင်)၀၇၄၈၉၉ ၏ C.D.C အမှတ် 55602 နိုင်ငံကူးအမှတ် MA 991004 နှင့် All in One တို့မှာ တက္ကစီကားပေါ်တွင် ကျန်ခဲ့ပါသောကြောင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၉၆၉၈၇၊ ၀၉-၇၇၅၃၉၃၇၅၅**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 6I/6332 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်ရန်ကြော်ငြာ**
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြနန္ဒာအိမ်ရာရှိ တိုက်အမှတ် ၇၊ အခန်းအမှတ် ၁၀၃ ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ မိခင်ဒေါ်ခင်ကြည် ၁၂/လမန(နိုင်)၀၄၂၉၃၃ မှ တစ်ဆင့် သမီးဒေါ်ခင်ပု ၁၂/လမန(နိုင်)၀၄၂၉၃၅၊ ဒေါ်နုနုကြည် ၁၂/လမန(နိုင်)၀၂၉၂၃၄ တို့က မေတ္တာဖြင့်လွှဲပြောင်းရယူပြီး ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ကံဘဲ့)၊ မြေကွက်အမှတ် (၁၂၇)၊ ဧရိယာ (၀ ဒသမ ၂၁၇) ဧက ကျယ်ဝန်းသောမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကင်းမြို့နယ်၊ ၁၄ ရပ်ကွက်၊ အရိယမဂ္ဂင်လမ်း၊ (၄) ခန်းတွဲ (၈) ထပ်တိုက်၏ တိုက်အမှတ် (၂)၊ အခန်းအမှတ် (၁၀၂)၊ မြေညီထပ်တိုက်ခန်းအကျယ်အဝန်း (၂၀ ပေ× ၆၀ ပေ) ရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာ၊ ရေမီးအပြည့်အစုံပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးလွင် (၁၂/ရကန(နိုင်)၀၄၈၉၄၀) ထံမှ မိမိက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း (မူရင်းများ) နှင့်တကွ ကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း မိမိထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ဦးသန်းထွန်း (၁၂/လသန(နိုင်)၀၀၇၆၂၇)
အမှတ် ၂၅/က၊ ကျောက်ကုန်းလမ်း၊ ၁၄-ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၂၅၃၅၃၄၄၂၃

# မူဆယ်မှ မန္တလေးသို့မောင်းနှင်လာသော ယာဉ်များပေါ်မှ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းမိ

**သိန္နီ ဖေဖော်ဝါရီ ၂၆**

သိန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် ဖေဖော်ဝါရီ ၂၅ ရက်က သတင်းအရ မူဆယ်ဘက်မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်ယာဉ်များအား တာဝန်ကျပူးပေါင်း စစ်ဆေးရေးအဖွဲ့များမှ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တားဆီးစစ်ဆေးရာ ယာဉ်အမှတ် 5E/------ (၁၂)ဘီးယာဉ် ပေါ်တွင် စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 7L/----- Hino Canter ယာဉ်ပေါ်တွင် စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 2D/ ---- အောင်ကျော်မိုး ခရီးသည်ယာဉ်ပေါ်တွင် ပါလာသည့် Speaker များ၊ ယာဉ် အမှတ် DD/ ---- Nissan ADVAN ယာဉ်ငယ်ပေါ်တွင် အဝတ်အထည်များ၊ ယာဉ်အမှတ် CC/ ---- Probox ယာဉ်ငယ်ပေါ်တွင်အဝတ်အထည်များ၊ ယာဉ်အမှတ် 6K/ ---- Nissan Lightruck ATLAS ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 4L/----Fuso Lightruck ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 1K/ ---- Nissan Lightruck ATLAS ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အမှတ် 71M/---- Fuso Canter ခြောက်ဘီးယာဉ်ပေါ်တွင် စားသောက်ကုန်ပစ္စည်းများအား အကောက်ခွန်မဲ့ပစ္စည်းများအား စစ်ဆေးတွေ့ရှိရသဖြင့် ပစ္စည်းများအား အသေးစိတ်စစ်ဆေးခြင်း၊ တန်ဖိုးဖြတ်ခြင်းများ ဆောင်ရွက်ရန် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်လှ(ပြန်/ဆက်)**



# ဆိုင်ကယ်တိမ်းရှောင်ရာမှ ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး၊ ၂၄ ဦး ဒဏ်ရာရ

**မတ္တရာ ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဘိုကုန်းကျေးရွာအနီး မန္တလေး-မိုးကုတ်ကားလမ်းတွင် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉နာရီက မတ္တရာမှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးဝင်းနိုင် မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်သည် မန္တလေး- မိုးကုတ် ကားလမ်း မိုင်တိုင်အမှတ် (၁၈/၂)နှင့် (၁၈/၃)ကြား အရောက်တွင် ရှေ့မှမောင်းနှင်နေသည့်ဆိုင်ကယ်အား ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှမောင်းနှင်လာသော ဆိုင်ကယ်အား တိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ ယာဉ်မှာ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်တွင်လိုက်ပါလာသည့်ခရီးသည် ၂၅ ဦးအနက် အမျိုးသမီး ၁၈ ဦးနှင့်အမျိုးသား ခြောက်ဦးမှာ ဒဏ်ရာများရရှိခဲ့ပြီး မတ္တရာမြို့ အမှတ်(၅)ရပ်ကွက်နေသူ ဦးကျော်လွင်မှာ အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးဝင်းနိုင်အား မတ္တရာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ခရီးသည်တင်ရေယာဉ်စက်ခန်းတွင်း ဆေးလိပ်သောက်ပြီး ပေါ့ဆစွာလွှတ်ပစ်မှုကြောင့် မီးလန့်

**မုံရွာ ဖေဖော်ဝါရီ ၂၆**

မုံရွာမြို့ ဆိပ်ကမ်းမှ ချင်းတွင်းမြစ်အထက်ပိုင်း ဟုမ္မလင်းသို့ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ထွက်ခွာလာသော မိုးဇင်ယော် အမြန်ရေယာဉ်အသင်းမှ နဒီရွှေလှိုင်း ခရီးသည်တင်အမြန်ရေယာဉ်သည် ကနီမြို့နယ် ငုတ်ချောင်းကျေးရွာ အရောက်တွင် စက်ခန်းရှေ့ စာရွက်စာတမ်းများ၊ အထုပ်အပိုးများ ထားသောနေရာမှ မီးလန့်မှု ထိုနေ့ညနေ ၅ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

ရေယာဉ်ပေါ်တွင် လိုက်ပါလာသော မင်းကင်းမြို့နယ် ကျောက်ခဲတက်ရွာမှ ခရီးသည်တစ်ဦးက သောက်လျက်ဆေးလိပ်ဘူးနှင့် မီးခြစ်ကို ဝဲဘက်တွင်ကိုင်ကာ မီးခိုးထွက်နေသော နေရာကို ရေဖြင့်ငြိမ်းသတ်နေကြောင်း ရေယာဉ်လက်ထောက်ကိုယ်စားလှယ် ကိုဇင်မင်းဦးနှင့် ရေယာဉ်လုပ်သားများ၏ စစ်ဆေးတွေ့ရှိချက်အရ သိရသည်။ အဆိုပါ မီးခိုးထွက်မီးလန့်သောနေရာတွင် မီးလောင်ကျွမ်းထားသော မင်္ဂလာမောင်မယ်မဂ္ဂဇင်း ၃၅ အုပ် မီးလောင်ထားသော ဒီဗွီဒီခွေ ၃၀ ခန့်၊ မီးလောင်ထားသောချိုချဉ်တစ်ထုပ်၊ မီးလောင်ထားသော ဖုန်းအားသွင်းကြိုးနှင့် နားကြပ်တစ်ခု၊ အမြန်ချောပို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟု ရေးထားသော မီးလောင်ထားသည့် ချည်အိတ်တစ်အိတ်၊ အမျိုးသမီးနာမည်ပါ မီးလောင်ထားသော ပါဆယ်အိတ်ခွံ တံဆိပ်ခေါင်းပါ မီးအနည်းငယ်လောင်ထားသည့် စာအိတ်တစ်အိတ်၊ မီးလောင်ထားသော ချောစာနှစ်စောင်တို့ကို တွေ့ရကြောင်း သိရသည်။



အမြန်ရေယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၆၅ ဦးတွင် ထိခိုက်ဒဏ်ရာမရရှိကြဘဲ ကနီမြို့နယ် ကင်းကျေးရွာ ရွှေမုဒေါဘုန်းတော်ကြီးကျောင်းတွင် တည်းခိုနေထိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကာ အမြန်ရေယာဉ်မှာ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ပေါ့ဆစွာ ဆေးလိပ်လွှတ်ပစ်သူ ဦးအောင်မြကို ကနီမြို့နယ် ဝင်းမနားနယ်မြေရဲစခန်း ရဲအုပ်မျိုးကျော်နှင့်အဖွဲ့က စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ပွဲခင်းအတွင်း ဓားကိုင်သွားလာနေသူကို ဖမ်းဆီးအရေးယူ

**ကောလင်း ဖေဖော်ဝါရီ ၂၆**

ကသာခရိုင် ကောလင်းမြို့မရဲစခန်းမှ နယ်ထိန်း ရဲတပ်ကြပ်ရွှေစင်အောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်ညက ကောလင်းမြို့နယ် ကျွန်းလှခုံကျေးရွာ ဘုရားပွဲတွင် ပွဲခင်းလုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ် ည ၁၁ နာရီခွဲခန့် ပြည့်ဖြိုးထွန်းဆိုသူမှာ ပွဲခင်းအတွင်း အရိုး/အသွားရှစ်လက်မခန့်ရှိ ဓားဦးချွန်းတစ်ချောင်းအား တရားမဝင် ကိုင်ဆောင်သွားလာနေသည်ကို စစ်ဆေးတွေ့ရှိရသည်။

ပွဲခင်းအတွင်း ဓားကိုင်သွားလာနေသူ ပြည့်ဖြိုးထွန်း (၂၆နှစ်)ကို အရေးယူပေးရန် ရဲတပ်ကြပ် ရွှေစင်အောင်မှတိုင်ကြားခဲ့ရာ ကောလင်းမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# နောင်ချိုတွင် စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၁၈၀ ကျော်ဖိုး သိမ်းဆည်းရမိ

**နောင်ချို ဖေဖော်ဝါရီ ၂၆**

နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ဖေဖော်ဝါရီ ၂၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) တပ်ဖွဲ့ဝင်များနှင့် နောင်ချိုမြို့မရဲစခန်း ပူးပေါင်းအဖွဲ့တို့သည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ် လားရှိုးဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းမျိုးမင်းထွန်းမောင်းနှင်လာပြီး ရှေ့ခန်းတွင် မိုဟာမက်အလီ(ခ)ဦးလီ လိုက်ပါလာသော ယာဉ်ကိုရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၄၈၀၊ အလေးချိန် ၈၅၃ ဒသမ ၂ ဂရမ်ခန့်၊ တန်ဖိုးငွေကျပ် ၁၈၉၆၀၀၀၀ ကို သိမ်းဆည်းရမိသည်။ နောင်ချိုမြို့မရဲစခန်းက မျိုးမင်းထွန်း (၃၄ နှစ်)၊ မိုဟာမက်အလီ (ခ)ဦးလီ (၄၂ နှစ်)၊ သယ်ဆောင်ခိုင်းသူတစ်ဦးနှင့် လက်ခံမည့်သူတစ်ဦးတို့အား အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**


**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/6960 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှေသာကြီး)**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးသန်းမြိုင် (၄၈၀၄) ယန္တရားမောင်း(၃)၏ဇနီး စက်ကြီးဆည်မြောင်းဝင်း၊ ပြည်မြို့နေ ဒေါ်ယဉ်ယဉ်မြင့် ၇/ပမန(နိုင်) ၁၂၅၀၄၂ နှင့် ဒေါ်ရင်ရင်မြင့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/2838 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှေသာကြီး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7I/2072 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှေသာကြီး)**




**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/9213 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ကွာရှင်းပြတ်စဲပြီးစီးခြင်း**

ကျွန်တော် ကျော်ရဲမင်း ၁၄/ဟသတ(နိုင်)၂၄၈၂၀၉ နှင့် မယဉ်ယဉ်လှိုင် ၁၄/ဟသတ(နိုင်) ၂၄၈၈၂၀တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်သောကြောင့် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်း သည်းခံပါ။** **ကျော်ရဲမင်း**


**ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ လှူဒါန်းခြင်း**



ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သလ္လာဝတီလမ်း၊ (၇)မိုင်၊ အမှတ်(9/D2)နေ ကွယ်လွန်သူမိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေး (၆၇)နှစ်အား ရည်စူး၍ ခင်ပွန်းဦးမင်းဟန်၊ သား ဦးလှမင်း-ဒေါ်ယမင်းဝင်းသန့်၊ သမီး ဒေါ်စုစုလှ၊ သမီးဒေါ်မေဇင်အေး၊ မြေး မောင်လပြည့်သစ်၊ မောင်သက်လင်းထက်၊ မောင်ထက်ရဲရင့် Golden Hawks International Ltd. မိသားစုမှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သိန်း ၅၀ တိတိ လှူဒါန်းရာ ဘဏ္ဍာရေးဒါရိုက်တာ ဒေါ်ချောကလျာမှ လက်ခံယူသည်။


**အောင်ပါဇေ**

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း

အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊ ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက

၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊ ၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)

Ph: 09 253266665, 09 250554793, 09 256263264

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်တော် ဦးရှဒကတ်ဒူလာ ၁၂/ကတတ(နိုင်)၀၁၇၈၈၈- ဒေါ်စာရေဘေဂမ် ၁၂/ကတတ(နိုင်)၀၂၁၉၁၈ တို့၏သား မောင်ကျော်ဇင်လတ် ၁၂/မဂတ(နိုင်)၀၈၉၄၂၂ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သတ်သည့် မည်သည့်ကိစ္စကိုမျှ လုံး၀(လုံး၀) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင်- ဦးရှဒကတ်ဒူလာ**

**မိခင်- ဒေါ်စာရေဘေဂမ်**

# ၂၀၁၇ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ မတ် ၁ ရက်တွင် စတင်ကျင်းပမည်



၂၀၁၆ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် MIC အသင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၇ ရာသီဖူဆယ်လိဂ်ပြိုင်ပွဲကို မတ် ၁ ရက်မှစ၍ ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲတွင် ဖူဆယ်လိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် အသင်းအရေအတွက် တိုးမြင့်လာခဲ့ပြီး ၁၀ သင်းအထိ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ MIC အသင်းအပါအဝင် ပုံမှန်ယှဉ်ပြိုင်နေသည့်အသင်းများဖြစ်သော ရန်ကုန်စီးတီးအသင်း၊ UPT အသင်း၊ VUC အသင်း၊ မြို့မအသင်း၊ PU အသင်းတို့ အပြင် အသင်းသစ်အဖြစ် ရာမညအသင်း၊ Titan XII အသင်း၊ UM အသင်းနှင့် White Colour အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို မတ် ၁ ရက်မှ ဧပြီ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို အပတ်စဉ် စနေနေ့များတွင် ပုံမှန်ကျင်းပမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် တစ်ပတ်ခြားကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲကို မြန်မာဘရူဝါရီလီမိတက်က အမေရိကန်ဒေါ်လာ ၆၀၀၀၀ စပွန်ဆာပေးထားပြီး ဆုကြေးများအဖြစ် ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ်သိန်း ၂၀၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသည့်အသင်းမှာ ယခုနှစ်အတွင်းကျင်းပမည့် ၂၀၁၇ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ဖူဆယ်လိဂ်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး လိဂ်ပြိုင်ပွဲစတင်ကျင်းပစဉ်က ACE အသင်းက အောင်မြင်မှုများရယူနိုင်ခဲ့သော်လည်း လက်ရှိတွင် MIC အသင်းက ချန်ပီယံဆုကို နှစ်ကြိမ်ဆက်တိုက် ရယူထားနိုင်သည်။ မတ် ၁ ရက်တွင် ကျင်းပမည့် ပထမနေ့၌ နံနက် ၈ နာရီခွဲတွင် ရာမညအသင်းနှင့် Titan XII အသင်း၊ နံနက် ၁၀ နာရီခွဲတွင် PU အသင်းနှင့် UM အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြို့မအသင်းနှင့် White Colour အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် လက်ရှိချန်ပီယံ MIC အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ညနေ ၄ နာရီခွဲတွင် VUC အသင်းနှင့် UPT အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# နဝမအကြိမ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲ ကျင်းပ၊ စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ ပါဝင်ဆင်နွှဲ



**မန္တလေး ဖေဖော်ဝါရီ ၂၆**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန် စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီးစီး အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိသော နဝမအကြိမ် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီက ၂၆ လမ်း နှင့် ၇၃ လမ်းဆုံ၊ မင်္ဂလာတံတားထိပ် စုရပ်နေရာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က စက်ဘီးစီးအားကစားသမားများ၊ ဝါသနာရှင်ပြည်သူများနှင့်အတူ စုပေါင်း စက်ဘီးစီးနင်း ပါဝင်ဆင်နွှဲခဲ့သည်။

စုပေါင်းစက်ဘီးစီးနင်းပွဲတွင် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက် သည်နှင့်တစ်ပြိုင်နက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်သော စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူ ၂၇၀ ကျော် ခန့်သည် စုရပ်မှ ၂၆ လမ်းအတိုင်း ၇၈ လမ်း၊ ထိုမှ တံခွန်တိုင် မီးပွိုင့်လမ်းဆုံမှတစ်ဆင့် အမရပူရမြို့နယ် တောင်သမန်အနီးရှိ တောင်လေးလုံးကျောင်းတိုက်သို့ စုပေါင်းစက်ဘီးစီးနင်းကြသည်။ ထို့နောက် ဦးပိန်တံတား၌ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြပြီး စေတနာရှင်၊ အလှူရှင်များက စက်ဘီးစီး အားကစားဝါသနာရှင်ပြည်သူများကို မားမားခေါက်ဆွဲ၊ ကောက်ညှင်းပေါင်း၊ အကြော်နှင့် Royal D အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။

အဆိုပါ ပြည်သူလူထု စုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ်လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အသက်အကန့်အသတ်မရှိ၊ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်စီးနင်း ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


# စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့သစ်၊ (၃၀)ရပ်ကွက်၊ နှင်းဆီနီလမ်း၊ အမှတ်(၁၀၅/၁၀၆)နေ
ဦးအောင်သန်းဦး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)-ဒေါ်အေးမြင့်(Director, Nineseas Group of Companies)တို့၏ တစ်ဦးတည်းသောသား
**ဒေါက်တာ မျိုးခန့်ကိုကို**
**M.B.,B.S(Ygn)**
**Executive Director (Nineseas Travels and Tours)**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့ပတ်လမ်းနေ ဦးကြည်ဝင်း-ဒေါ်ခင်စန်းဝင်း(အထက၊ လှည်းကူး)တို့၏သမီးငယ်
**ဒေါက်တာစုမြတ်မောင်မောင်**
**M.B.,B.S(Ygn)**
**Second Year M.Med.Sc(Radiology) ဆေးတက္ကသိုလ်-၂၊ ရန်ကုန်**

တို့၏ ၂၅-၂-၂၀၁၇ရက်တွင် ရန်ကုန်မြို့ Novotel Yangon Max ဟိုတယ်၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ဘိသိက်သွန်းလောင်းပေးသော သရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန့်စင်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးသော်တာမွန်းနှင့် ဇနီးဒေါက်တာနော်သဲလ်စေ(ပါမောက္ခ/ဌာနမှူး)၊ ဓာတ်မှန်ပညာဌာန၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်တို့အားလည်းကောင်း၊ ကိုယ်တိုင် ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ(၂)ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ နော်ရွှေလွှမ်းတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဗိုလ်ချုပ်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ UNFCCI CEC/EC များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် CEC/EC များ၊ မြန်မာနိုင်ငံဆန်စက်ပိုင်ရှင်များအသင်း၊မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ CEC/EC များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများဖြင့် ပေးပို့ချီးမြှင့်ကြသော လူကြီးမင်းများအားလည်းကောင်း၊မင်္ဂလာဧည့်ခံပွဲ အခမ်းအနားမှူး/မင်္ဂလာ ဘိသိက်အဖြစ် ဆောင်ရွက်ပေးပါသော စန္ဒရားဗိုလ်မြင့်သန်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော ရွှေယမင်းဦးနှင့် တီးခတ်ဖျော်ဖြေပေးပါသော မြန်မာမှုတေးဂီတ အလင်္ကာဝတ်ရည်အဖွဲ့၊ မြန်မာမှုဆိုင်းဖြင့် ဖျော်ဖြေတီးခတ်ပေးပါသော ရွာစားလေးထက်အာကာ၊ မင်္ဂလာပန်းကြဲပေးပါသော ဒေါက်တာမေဖြူခင်၊ ဒေါက်တာ ဟေမာအောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာသိမ့်သိမ့်အောင်၊ မင်္ဂလာအောင် စံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော ဒေါက်တာ ဝင့်ယမုံကျော်သူ၊ မင်္ဂလာသတို့သားအရံ ဒေါက်တာမိုးဇော်ဟိန်းနှင့် ဒေါက်တာရန်နောင်စိုး၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာယဉ်မှူမှူမြင့်နှင့် ဒေါက်တာမြတ်သီရိ၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော မင်းသက်စံ(Sweet and Smart Fashion Collection)၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးပါသောလင်းလင်း(Make Up Artist)၊ ပန်းအလှဆင်ပေးပါသောမာမီကျော်(မလေးရှား)၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော(Exposure Photo studio)၊မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော ခရမ်းစိန်ရွှေရတနာဆိုင် ဗိုလ်ချုပ်စျေး၊ တက်ရောက်ချီးမြှင့်ပေးပါသော မိတ်ဆွေအပေါင်းအသင်းများ၊ Novotel Yangon Max ဟိုတယ်မှ အစားအသောက်နှင့် အစစအရာရာ ကူညီပံ့ပိုးပေးပါသော management team နှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ကဏ္ဍအသီးသီးမှ အစစအရာရာ အားတက်သရော ကူညီပံ့ပိုးပေးပါသော မိတ်ဆွေများနှင့် ဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါသည်။ ၂၅-၂-၂၀၁၇ရက်တွင် Western Park Royal ၌ ပြုလုပ်ခဲ့သော ညနေပိုင်းဧည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုကျော်ထက်အောင်၊ ရှေ့ထွက်ပန်းကိုင် မောင်ထက်မြတ်မောင်နှင့် မရွှေရူပါမင်းသန့်၊ မင်္ဂလာပန်းကြဲပေးပါသော မအိစံပါယ်ဖြူနှင့် မအိသဇ္ဇာအေး၊ မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသောမာမီကျော်(မလေးရှား)၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော လင်းလင်း(Make Up Artist)၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Peter Bridal Garden၊ Designer ဖြိုးပြည့်၊ တေးဂီတဖြင့် ဖျော်ဖြေပေးပါသော ROS Band၊ မင်္ဂလာကိတ်ချီးမြှင့်ပေးပါသော Cake For You၊ အစားအသောက်နှင့် အစစအရာရာ ကူညီပံ့ပိုးပေးပါသောWestern Park Royal မှ ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲကို လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော မိတ်ဆွေများအားလုံး၊ လူကြီးမိဘများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများကို နှစ်ဖက်မိဘများနှင့်တကွ ကျွန်တော်/ကျွန်မတို့မှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**ဒေါက်တာ မျိုးခန့်ကိုကိုနှင့် ဒေါက်တာ စုမြတ်မောင်မောင်**

# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၈ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဖြစ်သော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးကို ဆိုသည်။

(င) **ဆိပ်ကမ်းများ** ဆိုရာတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများ နှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ်ဆိုက်ကပ် နိုင်သော ဆိပ်ကမ်းများ ပါဝင်သည်။ ထို့အပြင် ဆိပ်ကမ်းလုပ်ငန်းများ နှင့် ဆက်စပ်သော နယ်မြေများလည်း ပါဝင်သည်။

(စ) **ရေယာဉ်** ဆိုသည်မှာ ရေကြောင်းသွားလာရာ၌ စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင် တို့လည်း ပါဝင်သည်။

(ဆ) **စက်ရုံ၊ အလုပ်ရုံ** ဆိုသည်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများ ကို ဆိုသည်။

(ဇ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့်လုပ်ငန်း ကိုဆိုသည်။ အစိုးရအဖွဲ့က ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါ အားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။ ယင်း စကားရပ်တွင် ရေယာဉ်ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီး သွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများ လည်း ပါဝင်သည်။

(ဈ) **စီမံခန့်ခွဲရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးစီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ည) **ဦးဆောင်ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်း များနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် အဓိက ကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဂ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲ မှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရေရှည်ရပ်တည်နိုင် သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ထိရောက်လျင်မြန် စွာဆောင်ရွက်နိုင်ရန်၊

(ဃ) ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**အခန်း(၃)**

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ (က) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကို အစိုးရအဖွဲ့ကအတည်ပြုထား သည့် ဖွဲ့စည်းပုံနှင့်အညီ တည်ထောင်ထားရှိရမည်။

(ခ) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဝန်ထမ်းများအတွက် ရပိုင်ခွင့် နှင့် အကျိုးခံစားခွင့်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ လုပ်ငန်းတာဝန် များကို အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များ အပ်နှင်း ခြင်းခံရသော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း ဖြစ်သည်။

(ခ) နိုင်ငံတော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရင်းနှီးငွေများကို လည်းကောင်း၊ ပိုင်ဆိုင်မှုပစ္စည်းတွင်ပါဝင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ဆက်ခံရမည်။

(ဂ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက် မပြတ် ဆက်ခံဆောင်ရွက်ခွင့်၊ တရားစွဲဆိုခွင့်နှင့် စွဲဆိုခံပိုင်ခွင့်၊ နိုင်ငံတော်က သတ်မှတ်ပေးထားသောပိုင်ဆိုင်မှု ပစ္စည်းများအားလုံး တို့ကို ရယူခွင့်၊ လက်ဝယ်ထားရှိခွင့်နှင့် ပိုင်ဆိုင်ခွင့်များရှိသည်။

၆။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ရေယာဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးဌာနက သတ်မှတ်ထားသော မြစ်ကြောင်းများနှင့် မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်တွင် ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) သင်္ဘောကျင်းများနှင့် ရေယာဉ်တည်ဆောက် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်း ကိရိယာများနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပ ပုဂ္ဂလိကနှင့်အဖွဲ့ အစည်းပိုင် ရေယာဉ်များကို မွမ်းမံပြင်ဆင်ခြင်း၊ ရေယာဉ်အသစ် တည်ဆောက်ရောင်းချခြင်းနှင့် အခြားလုပ်ငန်းများကို လက်ခံ ဆောင်ရွက်ခြင်း၊

(င) အစိုးရအဖွဲ့က ဖြစ်စေ၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ ပေးအပ် သော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) အမျိုးသားအကျိုးစီးပွား၊ အမျိုးသားလုံခြုံရေးအတွက် အစိုးရအဖွဲ့၊ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

၅၉။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ် ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၀။ မည်သည့် အသိအမှတ်ပြု ဆရာဝန်မဆို ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၁။ မည်သည့် စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူမဆို ပုဒ်မ ၄၃၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း မဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သည့် အလုပ်ရှင်မဆို -

(က) ပုဒ်မ ၅၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဂ)တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်ဒဏ်ချမှတ်ခြင်း ခံရပြီးနောက် ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ပါက နောက်ထပ်ဆက်လက်၍ ဖောက်ဖျက် ကျူးလွန်သည့် နေ့ရက်အသီးသီးအတွက် ထိုသူကို တစ်ရက်လျှင် ကျပ်တစ်သိန်းစီဖြင့် ငွေဒဏ် ချမှတ်ရမည်။

၆၄။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၅၁၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ (စ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၆။ ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်သည့် မည်သည့် ပုဂ္ဂိုလ်မဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက် မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၆)**

**မတော်တဆထိခိုက်မှု ကာကွယ်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်း**

၆၈။ အမျိုးသားကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပြီး အောက်ပါလုပ်ငန်း များကို ဆောင်ရွက်ရမည်-

(က) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်စေမည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းများ၊

(ခ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများနှင့် ပညာပေးလုပ်ငန်းများ၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး မြှင့်တင်ရန် ဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု များ။

**အခန်း (၁၇)**

**အထွေထွေ**

၆၉။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ ဖြစ်ပေါ်နေလျှင် ပြည်ထောင်စုအစိုးရ အဖွဲ့သည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့်လုပ်ငန်းခွင်ကိုမဆို သင့်လျော် သည့် ကာလအပိုင်းအခြားအတွင်း စည်းကမ်းချက်များ သတ်မှတ်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက် အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ကာလအပိုင်းအခြားသတ်မှတ်၍ သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၇၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကောင်စီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားကောင်စီအဖွဲ့ဝင်များသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုသောစရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၇၂။ အမျိုးသားကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၇၃။ ဤဥပဒေအရ လိုအပ်၍ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် စပ်လျဉ်း သည့် ကုန်ကျစရိတ်နှင့် ရုံးအဖွဲ့ ကုန်ကျစရိတ်အဝဝကို ဝန်ကြီးဌာန ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၇၄။ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သော စစ်ဆေးရေးအရာရှိကို တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၅။ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် များနှင့် လုပ်ထုံးလုပ်နည်းများပါ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာ ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။

၇၆။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကောင်စီနှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သည့် အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြား ချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-သိခ်**

ဖေဖော်ဝါရီလ အခုအပတ်မှာ ပြည်ပကို အဓိက တင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) နဲ့ မတ်ပဲ (FAQ/RC) ဈေးနှုန်းတွေ ဆက်တိုက် ကျဆင်းနေပါတယ်။ နှမ်းရောင်စုံဈေးတွေလည်း ကျဆင်းနေပြီး ကြက်သွန်နီဈေးတွေကလည်း ကျဆင်းနေပါတယ်။ ဆန်ဈေးနှုန်းတွေကတော့ ဒီတစ်ပတ်လုံးမှာ အပြောင်းအလဲမရှိ တည်ငြိမ်နေပေမယ့် ဒီရက်သတ္တပတ်ကတော့ သီးနှံမျိုးစုံက အကျဈေးမှာ ဖြစ်နေပါတယ်။

**မတ်ပဲ (FAQ/RC) ဈေး ဆက်တိုက် ကျဆင်း**

အခုတစ်ပတ်ရဲ့ တစ်တန်ကို ငွေကျပ် ၉၁၆၀၀၀ နဲ့ ဈေးစဖွင့်ခဲ့ပေမယ့် သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် ၉၄၆၀၀၀ နဲ့ ဈေးပိတ်ခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာလည်း ဈေးအတက်အကျ အပြောင်းအလဲများစွာရှိခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းကတော့ မတ်ပဲ (FAQ/RC) တစ်တန်ကို ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့ပေမယ့် လက်ရှိမှာတော့ စံချိန်တင်ဈေးကျဆင်းနေပါတယ်။

**ပဲစင်းငုံနီ (RC) ဈေးနှုန်း အနည်းငယ်တက်**

ပြည်ပတင်ပို့တဲ့ ပဲအမျိုးအစားတစ်ခုဖြစ်တဲ့ ပဲစင်းငုံနီ (RC)ကတော့ ဒီအပတ်ရဲ့ တနင်္လာနေ့က ငွေကျပ် ၇၃၁၀၀၀ ရှိခဲ့ပြီး သောကြာနေ့မှာ ငွေကျပ် ၇၄၃၀၀၀ ဈေးရှိခဲ့ပါတယ်။

**နှမ်းမျိုးစုံဈေး ကျဆင်း**

ဒီတစ်ပတ်မှာတော့ နှမ်းမျိုးစုံဈေးကအတက်အကျ အနည်းငယ်ရှိနေပါတယ်။ နှမ်းနက်စမုံက တစ်အိတ်ကို ငွေကျပ် ၁၄၃၀၀၀ အထိ မြင့်တက်လာပေမယ့် သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၁၃၅၀၀၀ အထိ ဈေးလျော့ကျခဲ့ပါတယ်။

နှမ်းနက်ကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၉၂၀၀၀ ကနေ ၉၃၀၀၀ ရှိပေမယ့် သောကြာနေ့မှာတော့ ငွေကျပ် ၈၈၀၀၀ ကနေ ငွေကျပ် ၉၃၀၀၀ ပေါက်ဈေးရှိပါတယ်။

နှမ်းညိုကလည်း ပြီးခဲ့တဲ့ တနင်္လာနေ့ မှာတော့ တစ်အိတ်ကို ငွေကျပ် ၈၂၀၀၀ အထိ မြင့်တက်နေပေမယ့် သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၇၂၀၀၀ ကနေ ငွေကျပ် ၇၅၀၀၀ အထိဈေးကျဆင်းသွားပါတယ်။

ပန်းနှမ်းကလည်း တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၇၈၀၀၀ ရှိခဲ့ပေမယ့် သောကြာနေ့မှာတော့ ငွေကျပ် ၇၅၀၀၀ ကနေ ငွေကျပ် ၇၆၀၀၀ အထိ တစ်အိတ်ကို ငွေကျပ် ၃၀၀၀ နီးပါး ဈေးကျဆင်းခဲ့ပါတယ်။

နှမ်းဖြူကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးဈေး ငွေကျပ် ၉၃၀၀၀ မှ ငွေကျပ် ၉၅၀၀၀ ပေါက်ဈေးရှိခဲ့ပေမယ့် သောကြာနေ့မှာတော့ တစ်အိတ်ကို ငွေကျပ် ၉၅၀၀၀ ကနေ ငွေကျပ် ၁၀၃၀၀၀ အထိ ဈေးမြင့်တက်လာပါတယ်။





**ဆန်ဈေးနှုန်း တည်ငြိမ်**

အလားတူ ဆန်ဈေးနှုန်းတွေလည်း ယခုတစ်ပတ်လုံးမှာ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ ပေါ်ဆန်းမွှေးဆန် (နယ်စုံ၊ ဆန်သစ်) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၃၇၀၀၀၊ ညှော့မထဆန် တစ်အိတ် ငွေကျပ် ၁၈၀၀၀၊ ငစိန်ဆန်ကတော့ တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၈၀၀၀၊ မြီးဒုံးဆန် တစ်အိတ် အမြင့်ဆုံး ငွေကျပ် ၂၀၀၀၀၊ မိုးသုခဆန် တစ်အိတ် ငွေကျပ် ၂၅၀၀၀၊ နွေသီးထပ်ဆန် တစ်အိတ် ငွေကျပ် ၂၀၀၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ် ဖြစ်နေပါတယ်။

**ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဈေးဆက်တိုက်ကျ**

ဆိပ်ဖြူ၊ တောင်တွင်း၊ မြင်းခြံ၊ မြစ်သားနယ်တွေက ထွက်ရှိတဲ့ ကြက်သွန်နီ ဈေးတွေကတော့ ဒီတစ်ပတ်ရဲ့တနင်္လာနေ့မှာ တစ်ပိဿာကို အနိမ့်ဆုံးဈေး ငွေကျပ် ၅၀၀ ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၁၉၀၀ ဈေးရှိခဲ့ပြီး သောကြာနေ့မှာတော့ အမြင့်ဆုံးဈေး တစ်ပိဿာ ငွေကျပ် ၁၇၀၀ ရှိပါတယ်။

ကြက်သွန်ဖြူ ကြူကုတ်၊ တောင်ကြီး၊ အောင်ပန်းကလည်း ထို့အတူပါပဲ။ တနင်္လာနေ့မှာ တစ်ပိဿာကို ငွေကျပ် ၄၈၀ ကနေ အနိမ့်ဆုံးဈေး ငွေကျပ် ၃၀၀၀ ရှိခဲ့ပေမယ့် သောကြာနေ့မှာတော့ တစ်ပိဿာကို ငွေကျပ် ၄၇၀၀ ကနေ အနိမ့်ဆုံးဈေး ငွေကျပ် ၂၇၀၀ အထိ ဈေးကျဆင်းသွားပါတယ်။

# မြန်မာ့သနပ်ခါးအား အသေးစားသစ်တောထွက် ပစ္စည်းစာရင်းမှပယ်ဖျက်ပေးရန် အရာတော်သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းက တောင်းဆိုသွားမည်

**ဖြိုးလွင်အောင် (AMIA) – – – – –**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် အရာတော် သနပ်ခါး စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်းက မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် များစွာစိုက်ပျိုးကြသော မြန်မာ့သနပ်ခါးပင်များအား အသေးစား သစ်တောထွက် ပစ္စည်းစာရင်းမှ ပယ်ဖျက်ပေးရန် တောင်းဆိုသွားမည် ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

မြန်မာနိုင်ငံ သစ်တောဥပဒေအရ သနပ်ခါးသည် အသေးစား သစ်တောထွက်ပစ္စည်း အမျိုးအမည်ထဲတွင် တစ်ခုအပါအဝင် ဖြစ်သောကြောင့် မြို့နယ်တစ်မြို့မှ တစ်မြို့နယ်သို့ သယ်ယူ ရောင်းဝယ်ဖောက်ကားကြရာ၌ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်နေမှုများ ရှိနေသောကြောင့် သနပ်ခါးစိုက် တောင်သူများအနေဖြင့် ယင်းကဲ့သို့ အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း အရာတော်သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးထံမှ သိရသည်။

"မြန်မာ့သနပ်ခါးကို အသေးစား သစ်တောထွက်ပစ္စည်း စာရင်းမှ ပယ်ဖျက်ပေးဖို့အတွက် ကျွန်တော်တို့ အသင်းကြီး နှစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားမှာ အသင်းသားတွေနဲ့ ဆွေးနွေးပြီး ပယ်ဖျက်ပေးရန် တောင်းဆိုသွားဖို့ ဆုံးဖြတ်ခဲ့တယ်။ တောင်းဆိုမှုကို သက်ဆိုင်ရာ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တွေကို တောင်းဆိုသွားမယ်။ တိုင်းဒေသကြီး လွှတ်တော်ကနေ အဆင့်ဆင့်တက်ပြီး ပယ်ဖျက်ပေးဖို့ ကျွန်တော်တို့အသင်းကြီးကနေ တောင်းဆိုသွားမှာပါ "ဟု ၎င်းက ပြောသည်။

အရာတော် သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းကြီး ဖွဲ့စည်း တည်ထောင်ခဲ့သည့် နှစ်နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ယခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် အရာတော်မြို့နယ် ရွှေဘုံသာဓမ္မာရုံ၌ ကျင်းပခဲ့ပြီး အခမ်းအနား၌ အရာတော်သနပ်ခါး စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်းကြီးအနေဖြင့် မြန်မာ့သနပ်ခါးအား အသေးစားသစ်တောထွက် ပစ္စည်းစာရင်းမှ ပယ်ဖျက်ပေးဖို့ တောင်းဆိုသွားရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း၊ အရာတော်သနပ်ခါးစိုက်ပျိုး ထုတ်လုပ်ရောင်းချသူအသင်းကြီးကို တရားဝင်မှတ်ပုံတင် အသင်းအဖွဲ့အစည်းဖြစ်အောင် ပြုလုပ်ဆောင်ရွက်နေကြောင်း အဆိုပါအသင်းကြီးထံက သိရသည်။

မြန်မာ့သနပ်ခါးကို အသေးစား သစ်တောထွက် အမျိုးအစားစာရင်းထဲမှ ထုတ်ပယ်ပေးစေလိုသည့်အပြင် မြန်မာ့သနပ်ခါးကို တန်ဖိုးမြင့် ထုတ်ကုန်အဖြစ် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်လည်း သက်ဆိုင်ရာဌာနအသီးသီးက ကူညီထောက်ပံ့မှုပေးခြင်း၊ သနပ်ခါးနှင့် ပတ်သက်သော အလုပ်အကိုင် အခွင့်အလမ်းများ ညွှန်ကြားပေးခြင်း၊ နည်းပညာများဖြင့် ကူညီထောက်ပံ့ပေးမှုများ ရှိလာပါက မြန်မာ့သနပ်ခါးသည် ပြည်ပဈေးကွက်ဝင်သည့် တန်ဖိုးမြင့်ထုတ်ကုန်တစ်ခု ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ယင်းအသင်းကြီးမှ သိရသည်။

မြန်မာ့သနပ်ခါးကို ရွှေဘိုမြို့နယ်၊ အရာတော်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့တွင် အဓိက စိုက်ပျိုးလေ့ရှိပြီး သနပ်ခါးနှင့် သနပ်ခါးပျိုးပင်များကို အပူပိုင်းဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသာမက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မြို့နယ်များအတွင်းရှိ ကျေးရွာများအထိ ရောင်းချပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် မြန်မာ့သနပ်ခါးသည် အသေးစားသစ်တောထွက်မဟုတ်တော့ကြောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၌ များစွာစိုက်ပျိုးကြသည့် လယ်ယာထွက်ကုန်ဖြစ်နေကြောင်း အရာတော်သနပ်ခါး စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်းကြီးမှ သိရသည်။

# ယခုနှစ်တွင် လယ်သမားများကို ချေးပေးထားသည့် စိုက်စရိတ်ချေးငွေများထဲမှ ကျပ်သိန်း ၂၀၀ သာ ပြန်လည်ရရှိထား

**ဖြိုးလွင်အောင် (AMIA)**

ယခုဘဏ္ဍာနှစ်တွင် လယ်သမားများကို မိုးရာသီ စိုက်စရိတ်ချေးငွေအနေဖြင့် ထုတ်ချေးပေးထားသည့် ချေးငွေများထဲမှ ငွေကျပ် သိန်း ၂၀၀ ကျော်သာ ပြန်လည်ရရှိထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် လယ်သမားများကို မိုးရာသီ စိုက်စရိတ်ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၄၀၀ ကို အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းက ပြောသည်။

"ချေးထားတဲ့ ဘီလီယံ ၁၄၀၀ ထဲက ငွေကျပ်သိန်း ၂၀၀ ကျော်လောက်ပဲ ပြန်ရသေးတယ်။ မိုးရာသီ စိုက်စရိတ်ချေးငွေ ပြန်ဆပ်ရမယ့် သတ်မှတ်ကာလကတော့ ကျော်လွန်နေပြီ" ဟု ၎င်းက ပြောသည်။

ယခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်းက အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် စပါးရိတ်သိမ်းခြင်း၊ စပါးလှန်းရန် အခက်အခဲများအပါအဝင် ရိတ်သိမ်းပြီးသည့် စပါးများ အစိုပြန် အညှောက်ပေါက်လာသည့် ပြဿနာများကိုလည်း လယ်သမားများ ရင်ဆိုင်ခဲ့ရသည့်အပြင် စပါးဈေး အဆမတန်ကျဆင်းနေမှုကြောင့် သွင်းအားစုများ စရိတ်ကိုပင် ကာမိခြင်းမရှိသည့်အတွက် အစိုးရထံမှ ချေးယူထားသည့် စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ချိန်တွင် အခက်အခဲဖြစ်နေကြောင်း တင်ပြလာပါက ရက်ရွှေ့ဆိုင်းပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

"ရေနစ်မြုပ်မှုဒဏ်ကိုခံခဲ့ရတဲ့ ဒေသတွေက လယ်သမားတွေ အနေနဲ့ စိုက်စရိတ်ချေးငွေ ပြန်ဆပ်ဖို့ကာလကို နောက်ဆုတ်ပေးဖို့ တောင်းဆိုလာရင် ရက်ရွှေ့ဆိုင်းပေးမယ်လို့ ထုတ်ပြန်ထားပေမယ့် တောင်းဆိုလာတဲ့ လယ်သမားမရှိသေးဘူး" ဟု ၎င်းက ဆက်လက်ပြောပြသည်။

နှစ်စဉ် မိုးစပါးပေါ်ချိန်တွင် စပါးတင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းမှ ခြောက်သိန်းအတွင်း ပေါက်ဈေးရှိသော်လည်း ယခုနှစ် မိုးစပါးပေါ်ချိန်တွင် စပါးတင်း ၁၀၀ လျှင် ငွေကျပ် သုံးသိန်းခွဲဝန်းကျင်သာ ဈေးနှုန်းရှိခဲ့သည်။

# မျိုးစေ့ထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်လုပ်မှု အစုအဖွဲ့များထူထောင်ခြင်း သင်တန်းဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆-** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)၌ အာဆီယံနိုင်ငံများရှိ စိုက်ပျိုးရေကဏ္ဍ စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်းအဆင့်-၂ ၏ အစီအစဉ်အရ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ ထောက်ပံ့မှုဖြင့် မျိုးစေ့ထုတ်လုပ်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်တောင်သူအစုအဖွဲ့များ ထူထောင်ခြင်းသင်တန်းကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မျိုးစေ့ထုတ်မည့်တောင်သူများအပါအဝင် အစုအဖွဲ့ငယ်များအတွက် မျိုးစေ့ထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပြီး စီမံကိန်းကာလအတွင်း အာဆီယံနိုင်ငံများအတွင်းရှိ တောင်သူများ သီးနှံအထွက်တိုး၍ ဝင်ငွေတိုးတက်စေပြီး အကျိုးစီးပွားမြှင့်တင်ရန်၊ တောင်သူများနှင့် ဝန်ထမ်းများ၏ အရည်အသွေးများ မြှင့်တင်ပေးနိုင်ရန်နှင့် တောင်သူများအား အသင်းအဖွဲ့များအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်သောရလဒ်ကောင်းများရရှိရန်တို့ကို ရည်ရွယ်ကာ ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်းနှင့် သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး ၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်များရှိ မျိုးစေ့တာဝန်ခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြေယာငှားရမ်းလုပ်ကိုင်ခြင်းသည် တောင်သူများအတွက် အမှန်တကယ်အကျိုးရှိရန်လို

ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ-သီဟစည်သူ



မျိုးစေ့ထုတ် ရွှေဖရုံစိုက်ခင်းကိုတွေ့ရစဉ်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါင်းတူးကျေးရွာနယ်နိမိတ်အတွင်းရှိ ယာမြေများတွင် တရုတ်လူမျိုးပိုင် ကုမ္ပဏီတစ်ခုက မြေ ၁၃ ဧကခန့် ငှားရမ်းကာ ဖရဲ၊ သခွားမွှေး၊ ဖရုံနှင့် ကြက်ဟင်းခါး မျိုးစေ့ထုတ်လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သိရသည်။

အဆိုပါသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ခေတ်မီစက်မှုလယ်ယာပုံစံ မြေကွက်များ ဖော်ဆောင်ကာ အဆိုပါကုမ္ပဏီမှ ဖရဲ၊ သခွားမွှေး အစရှိသော သီးနှံများကို စိုက်ပျိုးရန် ယာမြေတစ်ဧကလျှင် မြေငှားခတစ်နှစ်စာ ငွေကျပ် ခုနစ်သောင်းနှုန်းဖြင့် နှစ်နှစ်စာချုပ်ချုပ်ဆိုပြီး ဒေသခံတောင်သူများထံမှ မြေကို ငှားရမ်းကာ မျိုးစေ့ထုတ်လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ကုမ္ပဏီနဲ့ ယာပိုင်ရှင် ငှားရမ်းဖို့ သဘောတူပြီးပြီဆိုရင် အရင်ဦးဆုံး ရေတွင်းတူးကြည့်ပါတယ်။ ရေတွင်းတူးလို့ အောင်တယ်ဆိုရင် နှစ်နှစ်စာချုပ်ချုပ်ပြီးတော့ ငှားရမ်းပါတယ်။ မိုးရာသီမှာဆိုရင်တော့ ကြက်ဟင်းခါး၊ ဖရဲ စတဲ့သီးနှံတွေကို စိုက်ပြီး အခုလိုနွေရာသီမှာဆိုရင်တော့ ဖရုံ၊ခရမ်း ချဉ် စတဲ့သီးနှံတွေကို ရေတင်တဲ့စနစ်နဲ့ စိုက်ပျိုးပြီးတော့ မျိုးစေ့ထုတ်လုပ်တာဖြစ်ပါတယ်။ ခန့်မှန်းခြေပုံမှန်ဆိုရင်တော့ မျိုးစေ့ ၁၀၀ ကီလိုဂရမ် တောင်းပါတယ်။ ကျွန်တော်တို့ ဆီကတော့ သူတို့ဆီကလာတဲ့ အဖို၊ အမမျိုးစေ့တွေကိုစိုက်ပျိုးပြီး ဝတ်မှုန်ကူးတာတွေ ဘာတွေလုပ်ပြီးတော့ မျိုးစေ့ထုတ်ချိန်ရောက်ပြီဆိုတာနဲ့ မျိုးစေ့ထုတ်ပြီး ကုမ္ပဏီကို ပြန်အပ်ရတာမျိုးပဲ လုပ်ရပါတယ်။ အခုလက်ရှိလုပ်ကိုင်နေတဲ့ ဧရိယာက ၁၃ ဧကလောက်တော့ရှိပါတယ်" ဟု မျိုးစေ့ထုတ်စိုက်ခင်းတွင် လုပ်ကိုင်သူ ဦးကျော်အောင်က ပြောသည်။

တစ်ဧကလျှင် ဖရဲအပင် ၄၀၀၀ နှုန်းစိုက်ပျိုးပြီး သခွားမွှေးတစ်ဧကလျှင် အပင် ၈၀၀၀ နှုန်းခန့်စိုက်ပျိုးကာ အပင်တစ်သောင်းလျှင် ၁၀၀ ကီလိုဂရမ်နှုန်း ထွက်ရှိရန်အတွက် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးကာ တစ်ဧကလျှင် ဓာတ်မြေဩဇာလေးအိတ်မှ ငါးအိတ်ခန့် အသုံးပြုကြောင်း၊ ထို့ပြင် သီးနှံတစ်ဧကအတွက် လိုလေသေးမရှိသည့် ပိုးသတ်ဆေး၊ မှိုသတ်ဆေး စသည့် သွင်းအားစုများကို ကုမ္ပဏီ၏ ညွှန်ကြားချက်အတိုင်းအသုံးပြုကာ ရရှိလာသော မျိုးစေ့များကို ကုမ္ပဏီက လာရောက်သိမ်းယူကြောင်း ၎င်းကဆက်လက်ပြောပြသည်။

"စိုက်တဲ့ပျိုးတဲ့နေရာမှာလည်း သူတို့ကုမ္ပဏီတွေမှာက ဆေးသုံးပုံသုံးနည်းက ကွာခြားချက်ရှိတယ်။ ကျွန်တော်တို့တောင်သူတွေမှာက အပင်မှာ ရောဂါကျနေတယ်ဆိုရင် အပင်ကို နုတ်ပစ်ရမှာ နှမြောကြတယ်။ နောက်တစ်ခုက ဆေးကိုလည်း သူတို့လောက် မသုံးနိုင်ဘူး။ ကျွန်တော်တို့ တောင်သူတွေမှာဆို ဒီနှစ်တစ်နှစ်တော့ ဒါလေးက အရေးကြီးတယ်ဆိုပြီး ပက်လိုက်တယ်။ နောက်တစ်ခင်းကျတော့ ရပါတယ်သေးတယ်။ ဒီလိုမျိုးနဲ့ လုပ်တာ။ သူတို့ကုမ္ပဏီမှာကျတော့ ပက်ပြီးလည်း အချိန်တန်ရင် ပြန်ပက်နိုင်တယ်ဆိုတော့ အထွက်နှုန်းကောင်းပြီးတောင် သူတို့အနေနဲ့ ဈေးကွက်ကလည်းရှိပြီးသားဖြစ်နေတော့ တွက်ခြေကိုက်ကြတယ်"ဟု အဆိုပါစိုက်ခင်းတွင် ငါးနှစ်ခန့် လုပ်ကိုင်ခဲ့သူ ဦးကျော်အောင်ကပြောသည်။

အဆိုပါ သီးနှံများမျိုးစေ့ထုတ်လုပ်သည့် ကုမ္ပဏီပိုင်ရှင်သည် မြေယာများငှားရမ်းစာချုပ်ချုပ်ဆိုသည့်အချိန်နှင့် သီးနှံများပြန်လည်သိမ်းယူသည့်အချိန်မှသာ လာရောက်ကြပြီး ကျန်အချိန်များတွင် ဒေသခံ ကွင်းတာဝန်ခံများ၊ အလုပ်သမားများ ငှားရမ်းလုပ်ကိုင်ကြောင်းလည်း သိရသည်။

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်သည် အပူပိုင်းဇုန်ဒေသအတွင်း ပါရှိသည့်အတွက် မိုးအလာကိုမျှော်၍ သမားရိုးကျ တောင်သူလုပ်ကိုင်သောသူများသည် မိုးကောင်းသည့်နှစ်တွင် အထွက်နှုန်းကောင်း၍ မိုးမကောင်းသည့်နှစ်တွင် မိမိတို့စိုက်ပျိုးသော သီးနှံစိုက်ခင်းများမှ ဘာမျှပြန်မရသည့်နှစ်များပင်ရှိကြောင်း တောင်သူ ဦးဝင်းညွန့်ကပြောသည်။ ယခုနှစ်သည် မိုးကောင်း၍ သီးနှံများအထွက်နှုန်းကောင်းသော်လည်း ပဲစင်းငုံ၊ နှမ်း၊ ခရမ်းချဉ်၊ မြေပဲ အစရှိသည့် သီးနှံများမှာ ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် တောင်သူများမှာ အရင်းကျေအောင်ပင် မနည်းရုန်းကန် နေကြရသည့် အခြေအနေတွင် ရှိနေသည်။

"မိုးကောင်းလို့ သီးနှံရတော့လည်း ဈေးက မကောင်း၊ မိုးမကောင်းလို့ သီးနှံမရတော့လည်း အကြွေးတင်နဲ့ နောက်နှစ်စိုက်ဖို့အတွက် မျိုးဝယ်ရတော့မယ်ဆိုရင် တောင်သူတွေလက်ထဲမှာ စားဖို့တောင်အနိုင်နိုင်ဖြစ်နေတော့ ကိုယ်ပိုင်တဲ့မြေကွက်ထဲမှာတောင် စိုက်ဖို့ပျိုးဖို့မတတ်နိုင်တဲ့သူတွေရှိတယ်"ဟု ၎င်းတို့၏ လက်ရှိအခြေအနေကို ရှင်းပြသည်။

ယင်းကဲ့သို့ အခြေအနေများဖြစ်နေသည့်အတွက် မြေယာငှားရမ်း၍ လုပ်ကိုင်လိုသူများကို ရရာဈေးနှုန်းဖြင့် ငှားရမ်းကာ လက်ရှိအသုံးလိုနေသော ကွက်လပ်များကို ဖြည့်တင်းရန် မျက်စိစုံမှိတ်၍ ငှားရမ်းနေကြရသည့် တောင်သူများလည်းရှိသည်။ မိမိတို့ မြေယာများပေါ်တွင် အခြားသူများက လာရောက်စိုက်ပျိုးကာ စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့အကျိုးစီးပွားအတွက် နှစ်နှစ်တာ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရန် ကြိုးပမ်း၍ အကျိုးအမြတ်သက်သက်ရရှိရေး လာရောက်လုပ်ကိုင်၍ နှစ်နှစ်တာစာချုပ်ပြည့်ပါက မူလတောင်သူမှာ ရေတွင်းတစ်တွင်းသာ ပိုင်ဆိုင်ပြီး မိမိတို့ လယ်ယာကို ပြန်လည်လုပ်ကိုင်နေကြရသည်။ ထိုသို့ နှစ်နှစ်တာလုပ်ကိုင်စဉ်အတွင်း မြေကွက်များ၌ ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲမှုကြောင့် တောင်သူများ သမားရိုးကျ ပြန်လည်လုပ်ကိုင်သည့်အခါ တစ်နှစ်ခန့်စိုက်ပျိုးအပြီး နောက်နှစ်အခါများတွင် ပုံမှန်အတိုင်း သီးနှံများ မဖြစ်ထွန်းတော့ကြောင်း အချို့တောင်သူများက ပြောသည်။

# ရာသီဥတုပြောင်းလဲမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းပေးနိုင်မည့် ပညာရေးအစီအစဉ် သင်တန်းဖွင့်

ဇူလိုင်မိုး(မြန်မာ့အလင်း)၊
ဓာတ်ပုံ-ချစ်သမီး

အရှေ့တောင်အာရှဒေသဆိုင်ရာဘွဲ့လွန်သင်တန်းနှင့် စိုက်ပျိုးရေးသုတေသနဌာန (SEARCA)နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ ပူးပေါင်း၍ စိုက်ပျိုးရေးတက္ကသိုလ်တွင် စားနပ်ရိက္ခာဖူလုံရေးဖြေရှင်းပေးနိုင်မည့် ပညာရေးဆိုင်ရာ အစီအစဉ်သင်တန်းကို ဖေဖော်ဝါရီလတတိယပတ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုအစည်းအဝေးခန်းမ၌ ငါးရက်တာ သင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

စားနပ်ရိက္ခာဖူလုံရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးသည် အရေးပါသည့်အခန်းကဏ္ဍတွင်ပါရှိကြောင်း၊ တိုင်းပြည်အတွက် ဘယ်နေရာတွေမှာ လိုအပ်ချက်တွေရှိနေမလဲဆိုသည့် အချက်အပေါ်အခြေခံထားပြီး စားနပ်ရိက္ခာဖူလုံရန်အတွက် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာဖူလုံမှုမရှိတော့လျှင် သင်ကြားရေးအပိုင်းအနေဖြင့် စားနပ်ရိက္ခာဖူလုံရန်အတွက် မည်သည့်ပုံစံမျိုးဖြင့် လုပ်ဆောင်သွားရမည်ဆိုသည့် အပိုင်းများကို စိုက်ပျိုးရေးတက္ကသိုလ်မှ ပြန်လည် သင်ကြားပေးနိုင်ရန် အရှေ့တောင်အာရှတွင်ရှိသည့် နည်းပညာဌာနမှ ပညာရှင်များက သုတေသနပြုလုပ်ပြီး လာရောက်သင်ကြားပို့ချပေးလျက်ရှိသည်။ ယခုသင်တန်းမှ ပို့ချမှုများသည် ဆရာ ဆရာမများအတွက် သင်ကြားမှုစွမ်းရည်တိုးတက်စေရန်၊ ပညာရေးဆိုင်ရာအတွေးအခေါ်ကောင်းများ ရရှိစေရန်၊ သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးဆွဲဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စားနပ်ရိက္ခာဖူလုံရေးဖြေရှင်းပေးနိုင်မည့် ပညာရေးဆိုင်ရာ အစီအစဉ်များပါဝင်သည့်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြောပြသည်။

ဖိလစ်ပိုင်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်တစ်ဦးက စိုက်ပျိုးရေးတက္ကသိုလ်တွင် စားနပ်ရိက္ခာ ဖူလုံရေး ဘာသာရပ် သင်ရိုးညွှန်းတမ်းသင်ကြားရန်အတွက် လူမှုရေးဆိုင်ရာ သင်ကြားမှုစနစ်နှင့် ဆိုင်သည့် အတွေးအခေါ်များ၊ စာတမ်းဖတ်နည်းများ၊ သင်ကြားပို့ချနည်းများ၊ တီထွင်ဆန်းသစ်ဖန်တီးမှုများကို ၎င်းတို့နိုင်ငံရှိ ကျင့်သုံးနေသည့် နည်းစနစ်များအတိုင်း သင်တန်းတွင်ပို့ချခဲ့ကြောင်း သိရသည်။

"ဒီသင်တန်းမှာ ကျောင်းက ဆရာ ဆရာမတွေ ကျောင်းသားတွေကို ဘယ်လိုသင်ရမယ်။ ဘယ်လိုမေးခွန်းတွေထုတ်ရမယ်။ ကျောင်းသားတွေရဲ့ အတွေးအခေါ်ကို ဘယ်လိုဖွင့်ပေးရမယ် စတဲ့အချက်တွေအပြင် သင်ကြားပို့ချမှုနည်းဗျူဟာတွေကို ပို့ချတဲ့သင်တန်းဖြစ်ပါတယ်။ ယခု ကျောင်းသားအတော်များများက အင်္ဂလိပ်လိုသင်တဲ့အခါမှာ နားလည်မှုမရှိဘဲ အင်္ဂလိပ်စာကို အလွတ်ကျက် (Road Learning) မှတ်တဲ့စနစ်ကို ဖျောက်ပစ်ကာ ကျောင်းသားတွေကို အတွေးအခေါ်တွေဖွင့်ပေးတဲ့ သင်ကြားနည်းတွေပါမယ်။ အတွေ့အကြုံကို အခြေခံပြီး သင်တန်းသားရဲ့ Knowledge ပေါ်မှာကြည့်ပြီး ကျောင်းသားကို သင်မယ်"ဟု ဒေါက်တာမျိုးကြွယ်က ဆက်လက်ပြောပြသည်။

အချို့နိုင်ငံများတွင် စိုက်ပျိုးတိုးချဲ့ပညာရေးကို သင်ကြားပြီး အဆိုပါဘာသာရပ်မှာ မဆီလျော်လျှင် ဖြုတ်ချပစ်လေ့ရှိကြောင်း သိရသည်။ Plant Pethology၊ Entromology စသည့်ဘာသာရပ်များတွင် မိမိတို့နှင့် လိုအပ်သည် မလိုအပ်သည် မသိဘဲ နှစ်စဉ်ကျောင်းသားဦးရေကို မွေးထုတ်ပေးနေရမှုများရှိကြောင်း၊ အခြားနိုင်ငံများတွင် မလိုအပ်သည့်ဘာသာရပ်များဆိုလျှင် ဖြုတ်ချထားခဲ့ကြောင်း၊ ၎င်းတို့အပြောအရ Foresty ဆိုလျှင် ၎င်းတို့နိုင်ငံမှာ ဘွဲ့ကြိုသင်တန်း မသင်ဘဲ ဘွဲ့လွန်သင်တန်းသာသင်ပြီး အခြားဘာသာရပ်ကို ဆက်သွားကြောင်း၊ အဲဒီမှာ အတွေးအခေါ်များနှင့် ပတ်သက်၍ သင်ရိုးကို စနစ်ဟောင်းကြီးအတိုင်းမသွားဘဲ ကျောင်းသား ကိုယ်တိုင်တွေးခေါ်ပုံတွေကို သင်ကြားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

"မြန်မာနိုင်ငံကစိုက်ပျိုးရေးနိုင်ငံဖြစ်တယ်။ လူတိုင်းအသက်ရှင် ရပ်တည်နိုင်ဖို့အတွက် နေ့စဉ်အစားအသောက်မှီဝဲစားသုံးကြရသဖြင့် Food Safety လိုအပ်တယ်။ Food Safety အတွက်ဆို Food Science ဆိုတဲ့ဘာသာရပ်သင်ဖို့လိုတယ်။ အဲဒီဘာသာရပ်အတွက် မြန်မာနိုင်ငံမှာ မရှိသေးဘူး"ဟု ၎င်းက ဆက်လက်ပြောပြသည်။ အဆိုပါသင်တန်းတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (JICA TCP) မှ ပါမောက္ခ Dr. Tanaka၊ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ( ACARE) မှ Resident Advisor Dr. S.L Mehta၊ Dr. DaylindaCabanilla(facilitator, retired professor from UPLB)၊ Dr. Maria Cristeta N. Cuaresma(SEARCA)၊Ms. Blessie P. Saez(SEARCA)တို့ တက်ရောက်၍ နည်းပညာများ ပို့ချခဲ့ကြောင်းသိရသည်။ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် (JICA TCP) မှ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် သုတေသနလုပ်နည်း၊ အင်္ဂလိပ်စာပညာ၊ အတွေးအခေါ်ပညာ စသည့်သင်တန်းများကို လာမည့်နှစ် တွင် သင်ကြားပို့ချပေးမည့် အစီအစဉ်များရှိကြောင်း သိရသည်။ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တွင် စိုက်ပျိုးနည်းစနစ်များအစဉ်တိုးတက်နေစေရန် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ စိုက်ပျိုးရေး တက္ကသိုလ်များမှ ပညာရှင်များနှင့် တွဲဖက်၍ သုတေသနလုပ်ငန်းများ လုပ်ကိုင်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"ဒီသင်တန်းက General Education လို့သာပြောလိုက်တာ တကယ်သင်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့ ကျောင်းမှာ သင်ကြားနေတဲ့စနစ်ရဲ့အားနည်းချက်တွေကို ပိုကောင်းလာအောင် ပံ့ပိုးပေးတယ်လို့ မြင်ပါတယ်။ ဥပမာပြောရရင် ကိုယ်ရလာတဲ့အဖြေပေါ်ကိုအခြေခံပြီး ဘယ်လိုသင်ကြားရမလဲဆိုတဲ့နည်းစနစ်ကို ထောက်ပြသွားတယ်။

ကျွန်တော်တို့ဆီမှာကျတော့ ဘွဲ့ရကျောင်းသား ဘယ်နှယောက် မွေးထုတ်ပေးလိုက်တယ်။ မာစတာကျောင်းသားဘယ်နှယောက် မွေးထုတ်ပေးလိုက်တယ် စသဖြင့် ဦးရေအရေအတွက်ကိုသာ ဦးစားပေးထုတ်လိုက်တာ။ အဲဒီဘွဲ့ရကျောင်းသားတွေကို တကယ်အပြင်မှာ အသုံးတည့်မတည့်ကို ဆန်းစစ်ထားမှုမရှိဘူး။ တကယ်တမ်း ဖြစ်သင့်တာက အဲဒီကျောင်းသားတွေ ဘွဲ့ရသွားပြီးရင် လုပ်ငန်းခွင်မှာ တကယ်အသုံးတည့်တဲ့သူ ဘယ်နှယောက်ပါလဲ။ ***စာမျက်နှာ ၁၈ သို့***



# စစ်ကိုင်းတိုင်းဒေသကြီး၏ မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် ပေါက်အင်းစိုက်ကွင်း

သိမ့်သိမ့်မိုး(မြန်မာ့အလင်း) ၊ ဓာတ်ပုံ-သိန်း၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ

**ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်ဈေးကောင်းရသည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးဖြန့်ဖြူးခြင်းဖြင့် တောင်သူများအကျိုးအမြတ် သိသာစွာခံစားနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်းကြီးများ ထူထောင်ဆောင်ရွက် လျက်ရှိရာစစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်းမှာ ဒေသအတွင်း ဂျုံနှင့် ကုလားပဲမျိုးများကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်၍ ဖြန့်ဖြူးပေးလျက်ရှိသော စိုက်ကွင်းကြီးတစ်ခုဖြစ်သည်။**



ပေါက်အင်းစိုက်ကွင်း၌ စံပြမျိုးကောင်းမျိုးသန့် ကုလားပဲများ ရိတ်သိမ်းနေစဉ်

အဆိုပါစိုက်ကွင်းတွင် ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီအတွင်း ဆောင်းသီးနှံ ဂျုံ၊ ကုလားပဲ၊ စပ်မျိုးနေကြာ သီးနှံများကို မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ခြင်း၊ စံပြကွက်များစိုက်ပျိုးပြသခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို စိုက်ပျိုးရေးဦးစီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောပြသည်။

"လက်ရှိပေါက်အင်းစိုက်ကွင်းမှာ ဂျုံ ဧက ၇၀၀၊ ကုလားပဲ ၁၄၀၀ ဧက စုစုပေါင်း ဧက ၂၁၀၀ စိုက်ပျိုးနေပါတယ်။ အဲဒီလောက် ဧကအများကြီး စိုက်ပျိုးနိုင်ဖို့ ကျွမ်းကျင်ပညာရှင်၊ ငွေအရင်းအနှီး၊စက်ကိရိယာပြည့်စုံလုံလောက်ပြီး အချိန်ကိုက်၊ ရာသီမီ စိုက်ပျိုးဖို့လိုအပ်ပါတယ်။ ဒီစိုက်ကွင်းအနေနဲ့ ဧက ၂၁၀၀ ကို နှစ်စဉ် အကျိုးအမြတ်ရှိအောင် စိုက်ပျိုးနိုင်တဲ့ စံပြစိုက်ကွင်း တစ်ကွင်းဖြစ်ပါတယ်။ ပေါက်အင်းစိုက်ကွင်းအနေနဲ့ အကျိုးအမြတ်သာမက စိုက်စနစ်နဲ့ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုတို့မှာလည်း စစ်ကိုင်းတိုင်းဒေသကြီးရဲ့ စံပြကွင်း တစ်ကွင်းဖြစ်ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှာ တောင်သူပညာပေးနိုင်တဲ့တောင်သူတွေ စိတ်ဝင်စားတဲ့ ကွင်းတစ်ကွင်းဖြစ်ပါတယ်။

"ပေါက်အင်းစိုက်ကွင်းက အကျိုးအမြတ်အနေနဲ့ကြည့်ရင်လည်း ထိထိမိမိအကျိုးသက်ရောက်မှုရှိတယ်။ပြီးရင် ဘယ်တောင်သူမဆိုလာရောက်ကြည့်ရှုရင် သဘောကျကြပါတယ်။ပေါက်အင်းစိုက်ကွင်းကနေ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို မျိုးဖြန့်ဝေပေးနိုင်တယ်။ ဂျုံနဲ့ပတ်သက်ပြီး တောင်သူတွေ တော်တော်များများ စိုက်နေပါပြီ။ ပေါက်အင်းစိုက်ကွင်း ပတ်ဝန်းကျင်ကတော့ ကုလားပဲကိုပိုစိုက်ပျိုးကြတယ်။ ဒါကြောင့် ပေါက်အင်းစိုက်ကွင်းအနေနဲ့ မျိုးကောင်းမျိုးသန့်တွေကို အဓိကထားထုတ်လုပ်နေပါတယ်။ မျိုးထုတ်ပြီး စိုက်ကွင်းမှာလည်းသုံးပါတယ်။ ပတ်ဝန်းကျင်တောင်သူတွေကိုလည်း မျိုးဖြန့်ပါတယ်။ အဓိကမျိုးဖြန့်ဝေပေးနေတာကတော့ ရွှေဘို၊ အရာတော်၊ မြင်းမူ၊ ချောင်းဦး ပတ်ဝန်းကျင်မြို့နယ်တွေ၊ ဘုတလင်၊ ဒီပဲယင်းတို့ တန့်ဆည်တို့မှာ ကုလားပဲမျိုး၊ ဂျုံမျိုးတွေ ဒီစိုက်ကွင်းကနေယူပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်တော်တော်များများ စိုက်ပျိုးပါတယ်။ မျိုးလည်းပေးနိုင်ပါတယ်။ နေကြာကတော့ အခုမှ စမ်းစိုက်တာဖြစ်ပါတယ်။ ၂၀၁၇ ဒီဇင်ဘာလ စိုက်ပျိုးချိန်မှာ မျိုးဖြန့်ဝေပေးလို့ရပါပြီ"ဟု ၎င်းကဆက်လက်ပြောပြသည်။

ပေါက်အင်းစိုက်ကွင်းတွင် မျိုးသစ်များကိုလည်းစမ်းသပ်စိုက်ပျိုးလျက်ရှိရာ စမ်းသပ်ချက်အရ ကုလားပဲရေဆင်း (၁၁) မျိုးမှာ ဒေသမျိုးများထက် အထွက်နှုန်းကောင်းပြီး ပင်ညှိုးရောဂါဒဏ်၊ သီးလုံးဖောက်ပိုးနှင့် သိုလှောင်ပိုးဒဏ် ခံနိုင်ရည်ရှိပြီး အထွက်နှုန်းကောင်းမွန်သည့်အတွက် တောင်သူများ မျိုးပြောင်းလဲစိုက်ပျိုးရန် ပညာပေးကွင်းသရုပ်ပြပွဲများ ပြုလုပ်၍ အဆိုပါမျိုးကို ပိုမိုစိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ အပူဒဏ်ခံ ဂျုံမျိုးများအနက် စိုက်ပျိုးရေး သုတေသနမှ ရရှိသည့် လက်ရှိပေါက်အင်းစိုက်ကွင်းတွင်စိုက်ပျိုးထားသော $12^{th}$ SAWYT- 44 မျိုးမှာ ဒေသမျိုးများထက် အထွက်နှုန်းကောင်းပြီး ဒေသနှင့်ကိုက်ညီမှုရှိကာ အရွက်ပေါ်တွင် ဖယောင်းလွှာပါသည့်အတွက် နိုက်ထရိုဂျင် ဆုံးရှုံးမှုနည်းပြီး ကလိုရိုဖီးလ်များ၍ အစာချက်လုပ်မှု အားကောင်းကြောင်း၊ အနံ့မှာ အနံ့မွှေးပါသည့်အတွက် ပိုးမွှားကျရောက်မှုနည်းကြောင်း၊ မျိုးကွဲများ မပါဝင်ကြောင်း၊ အခြားဂျုံမျိုးများတွင် အုတ်၊ ဘာလီ မျိုးကွဲများပါတတ်ကြောင်း၊ အခြားဂျုံမျိုးများမှာ တင်း ၂၀ မှ ၂၅ တင်းထွက်ရှိပြီး လက်ရှိပေါက်အင်းစိုက်ကွင်းတွင် စိုက်ပျိုးထားသော $12^{th}$ SAWYT-44 မျိုးမှာ တင်း ၄၀ မှ ၄၅ တင်း ထွက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါမျိုးကို ရေဆင်း (၁၁)မျိုးအမည်ဖြင့် ထုတ်လုပ်သွားရန် စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ (NSC)သို့ တင်ပြထားပြီးဖြစ်ကာ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူး ပေးသွားမည်ဖြစ်သည်။

"အခုစမ်းသပ်စိုက်ပျိုးထားတဲ့ စပ်မျိုးနေကြာ ရေဆင်းတစ်မျိုးမှာ ရေ၊ မြေ၊ ရာသီဥတုအပေါ်မူတည်ပြီးတော့ တစ်ဧကတင်း ၅၀ နှုန်းထွက်ပါတယ်။ တစ်တင်းကို ဆီ လေးပိဿာကနေ ငါးပိဿာလောက်ထွက်ရှိပါတယ်။ ဒေသတွင်းလက်ရှိ စိုက်ပျိုးနေတဲ့ အခြားနေကြာမျိုးတွေရဲ့အထွက်နှုန်းက ၂၅တင်းရှိပြီး ဆီထွက်က နှစ်ပိဿာလောက်ရှိပါတယ်။ ပေါက်အင်းစိုက်ကွင်းမှာ စပ်မျိုးနေကြာက တစ်ဧကအထွက်နှုန်းနဲ့ ဆီထွက်နှုန်းက အခြားဒေသတွင်းနေကြာမျိုးတွေထက် နှစ်ဆလောက်ပိုထွက်တဲ့အတွက် နောင်လာမယ့်နှစ်တွေမှာ ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှာရှိတဲ့ နေကြာစိုက်ပျိုးထုတ်လုပ်သူတောင်သူများကို ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။

ပေါက်အင်းစိုက်ကွင်းတွင် ကုလားပဲသီးနှံကို ရိတ်သိမ်းလျက်ရှိပြီး မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ် စိုက်ခင်းများမှ ထွက်ရှိလာသည့် ဂျုံ၊ကုလားပဲ၊ စပ်မျိုးနေကြာ မျိုးစေ့များကိုလာမည့်နှစ်တွင် တိုင်းဒေသကြီးတစ်ခုလုံးအတွက် မျိုးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးအတွက် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကာ အထွက်နှုန်းကောင်း ရာသီဥတုဒဏ်ခံနိုင်သည့် ဂျုံ ၊ ကုလားပဲ၊ စပ်မျိုး နေကြာမျိုးများကို စိုက်ပျိုးလိုသည့် တောင်သူများ၊ ကုမ္ပဏီများအနေဖြင့် ကော်ဖီ-ရာသီသီးနှံဌာနခွဲ ပေါက်အင်းစိုက်ကွင်းတွင် ဆက်သွယ်စုံစမ်း ဝယ်ယူနိုင်ပြီး စိုက်ပျိုးနည်းပညာများ သိရှိလိုပါကလည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။



ယမန်နှစ်က ဂျုံစံပြကွက်အား ရိတ်သိမ်းခြွေလှေ့စဉ်

စာမျက်နှာ ၁၇ မှ

အဲလိုဖြစ်အောင် ဘာတွေပံ့ပိုးပေးရမလဲ။ အဲဒီဘွဲ့ရတဲ့သူတွေ Effective ဖြစ်အောင် ဘယ်လိုမျိုး သင်ကြားပေးရမလဲဆိုတဲ့ အခြေခံတွေကို အဓိကထား ပြောသွားပါတယ်။ ဒီသင်တန်းပြီးရင် ဌာနမှာရှိတဲ့ ဆရာဆရာမအငယ်တွေကို လက်ဆင့်ကမ်း ဖြန့်ဝေပြီးတော့မှ ဘယ်လိုသင်ကြားရင် အကောင်းဆုံးဖြစ်မလဲဆိုတာကို ပြောလို့ရပါမယ်။

"နိုင်ငံတစ်နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံအောင်ဆောင်ရွက်ရာမှာ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုကောင်းရန်မှာ အဓိကကျသည်။ ထုတ်လုပ်တော့ ထုတ်လုပ်မယ်။ ဒါပေမယ့် ထုတ်လုပ်သူကိုယ်တိုင်က အကျိုးအမြတ် နည်းနေမယ်ဆိုရင် မထုတ်လုပ်နိုင်ပါဘူး။ အဲဒီမှာ ထုတ်လုပ်သူတွေရေရှည်ရပ်တည်နိုင်ဖို့အတွက် ခိုင်မာတဲ့ဈေးကွက် ရှိရမှာဖြစ်ပါတယ်။ ဈေးကွက်ဖန်တီးပေးနိုင်ရင် ဖော်ဆောင်မယ့်မြေတွေလည်းရှိတယ်။ နည်းပညာပံ့ပိုးပေးမယ့်သူတွေလည်းရှိတယ်။ မျိုးတွေလည်းရှိတယ်။ ဒါတွေအားလုံးရှိနေရက်နဲ့ မလုပ်ဖြစ်တာက ခိုင်မာတဲ့ဈေးကွက်မရှိလို့လို့ မြင်ပါတယ်"ဟု အပင်မျိုး မွေးမြူရေးဇီဝကမ္မဗေဒနှင့် ဂေဟဗေဒဌာနမှ ဒေါက်တာ စိုးဝင်းက ပြောသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုးရေးတက္ကသိုလ်အတွက် လိုအပ်နေသည့် စိုက်ပျိုးရေးလူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးရန်အတွက် နိုင်ငံတကာနှင့်ပူးပေါင်း၍ အစားအသောက်သိပ္ပံနည်းပညာ၊ အစာအာဟာရပညာ၊ တိုးချဲ့ပညာပေးရေး၊ တောင်သူ စိုက်ပျိုးပညာပေးရေးကဏ္ဍများအပါအဝင် စိုက်ပျိုးရေးအင်ဂျင်နီယာသင်တန်းများကိုလည်းတိုးချဲ့ကာ စိုက်ပျိုးရေးကဏ္ဍအတွက် လစ်ဟာမှုမရှိစေရအောင် အကောင်းဆုံး ပံ့ပိုးပေးသွားမည့် သင်တန်းတစ်ခုဖြစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## စိုက်ပျိုးရေးနှင့်ပတ်သက်သည့် Call Center မတ် ၂ ရက်တွင် ဖွင့်မည်

ဖြိုးလွင်အောင် (AMIA)

စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်သွယ်မေးမြန်းနိုင်မည့် Call Center တစ်ခုကို မတ် ၂ ရက် (တောင်သူလယ်သမား များနေ့)တွင် စတင်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

တောင်သူများမှ သိလိုသည့် စိုက်ပျိုးရေးနည်းပညာ အခက်အခဲများကို ဖုန်းဖြင့်ဆက်သွယ်မေးမြန်းနိုင်ပြီး အမေးအဖြေကဏ္ဍပုံစံ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက်အမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်းက ပြောသည်။

ဦးမျိုးတင့်ထွန်းက "တောင်သူတွေကနေ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ ဖုန်းဆက်ပြီး လှမ်းမေးလို့ရမယ်။ အပင်ပိုးမွှား အကြောင်း၊ ဓာတ်မြေသြဇာကျွေးတဲ့ အနေအထား ၊ မြေချဉ်ငန်ဓာတ် အားလုံးကို မေးလို့ရပါတယ်"ဟု AMIA ကိုပြောသည်။

အဆိုပါ Call Center ကို နံနက် ၁၀ နာရီမှ ညနေ ၃ နာရီ ရုံးချိန်အတွင်းမှာသာ ဖွင့်လှစ်သွားမှာဖြစ်ပြီး စိုက်ပျိုးရေးအကြောင်းအရာများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင် ဦးရေ ၅၀ ခန့်က ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရုံးချိန်အတွင်းမှာ ဆက်သွယ်မေးမြန်းလို့ရပါတယ်။ ရေဆင်းတက္ကသိုလ်ပညာရှင် ၅၀ အလှည့်ကျ သက်ဆိုင်ရာကဏ္ဍတွေကို ဖြေကြားပေးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောပြသည်။ အဆိုပါ Call Center ကို နေပြည်တော်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖုန်း-၀၁-၂၃၉၉၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရ သည်။

## ရဲအရာရှိများအား လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပို့ချ

**မကွေး ဖေဖော်ဝါရီ ၂၆**

ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က အလုပ်ရုံသင်တန်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာတွင် လိုက်နာကျင့်သုံးနေသော လုပ်ထုံးလုပ်နည်းဆိုင်ရာများကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။ သင်တန်းတွင် အထွေထွေလူ့အခွင့်အရေးသဘောတရားများ၊ ရဲတပ်ဖွဲ့ဝင်များ သိရှိထားရမည့် လူ့အခွင့်အရေးဆိုင်ရာ သဘောတရားများ အပါအဝင် လူမှုအဖွဲ့အစည်းတွင် စေ့စပ်ပေးခြင်းနှင့် အပြုသဘောဆောင်သည့် လုပ်ရပ်များဖြင့် ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ခြင်း၊ စုံစမ်းစစ်ဆေးစဉ်ကာလအတွင်း လူ့အခွင့်အရေးဆုံးရှုံးမှုမရှိအောင် ကာကွယ်ပေးခြင်းစသည့် အကြောင်းအရာများကို ပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။

**ညီညီမောင်(မကွေး)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းသင်တန်းဖွင့်

**ဇန်းမော် ဖေဖော်ဝါရီ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား)သင်တန်းကို ကချင်ပြည်နယ် ဇန်းမော်မြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးရုံး စိုက်ပျိုးလေ့ကျင့်ပညာပေးခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်မီးသတ်၊ မြို့နယ်ပြည်သူ့ ကျန်းမာရေး ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ NGO အဖွဲ့အစည်းများမှ သင်တန်းနည်းပြများက သဘာဝဘေးအန္တရာယ်များအကြောင်း၊ ရှာဖွေကယ်ဆယ်ရေး၊ ကြိုတင်သတိပေးစနစ်များအကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုစနစ်အကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်ခြင်း၊ ရပ်ရွာအခြေပြု သဘာဝဘေးစီမံခန့် ခွဲမှု စသည့်အကြောင်းအရာများကို သင်ကြားပို့ချခဲ့ကာ သင်တန်းသို့ စေတနာ့ဝန်ထမ်း သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

## မှုခင်းသတင်းတိုများ

### မြဝတီ၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

မြဝတီခရိုင် သဃ်န်းညီနောင်နယ်မြေရဲစခန်းအပိုင်အတွင်း ဆိုင်ကယ်စီးနင်းလာသူ လူတစ်ဦးအား မသင်္ကာ၍ ခေါ်ယူစစ်ဆေးရာမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိပြီး ၎င်းအားစစ်ဆေးချက်အရ ဆေးပြားရောင်းချသူနှစ်ဦးကို ဖေဖော်ဝါရီ ၂၂ ရက်က ထပ်မံဖမ်းမိခဲ့ကြောင်း သိရသည်။ သဃ်န်းညီနောင်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ညီမင်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၀ ရက် ညပိုင်းက မြို့သစ်ရပ်ကွက်အတွင်း ဆိုင်ကယ်တစ်စီးနှင့် လူတစ်ဦးအား မသင်္ကာ၍ စစ်ဆေးရာ ရဲမြင့်ဖြစ်ကြောင်းသိရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃ ပြား ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ဆေးပြားများကို မြဝတီမြို့ အမှတ်(၄) ရပ်ကွက်နေ မျိုးလှိုင်ဆိုသူထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ရဲမြင့်က ဝန်ခံထွက်ဆိုသဖြင့် မျိုးလှိုင်၏နေအိမ်သို့ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၂ နာရီခန့်က သွားရောက်ဖမ်းဆီးခဲ့ရာ မျိုးလှိုင်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားကို ထပ်မံဖမ်းမိခဲ့ကြောင်း၊ မျိုးလှိုင်အား စစ်ဆေးရာ ဆေးပြားများမှာ မျိုးလှိုင်၏အိမ်သို့ ကျောက်သွေး လုပ်ငန်းလုပ်ကိုင်ရန် ရောက်ရှိနေသူ ပြည်ကျော်ဟန်ထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ပြည်ကျော်ဟန်အား လိုက်လံရှာဖွေရာ နံနက် ၃ နာရီတွင် ထပ်မံဖမ်းမိပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆ ပြားကို ထပ်မံဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိသူ မျိုးလှိုင်၊ ပြည်ကျော်ဟန်နှင့် ရဲမြင့်တို့အား အမှုဖွင့်ထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

### ရေးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

ရေးမြို့နယ် ကော့လှိုင်ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖေဖော်ဝါရီ ၂၂ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ရေးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဒါးရှင်းခိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ မူးယစ်တပ်ဖွဲ့စု(၃၉)မှ တပ်ဖွဲ့ဝင်များနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ကော့လှိုင်ကျေးရွာနေ မကရင်မ၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ မကရင်မနှင့် သောင်းမြင့်တို့အား နေအိမ်တွင် တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇ ပြားကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကာ ၎င်းတို့နှစ်ဦးအား ရေးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

### ကသာမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လမ်းခွကျေးရွာအနီး မောင်းတံဂိတ်တွင် ဖေဖော်ဝါရီ ၂၃ ရက်က မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ် တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်နိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါး သတင်းအရ လမ်းခွကျေးရွာအနီး မောင်းတံဂိတ်၌ စောင့်ဆိုင်းရှာဖွေစဉ် ကသာဘက်မှလာသည့် ဆိုင်ကယ်တစ်စီးမှာ အစစ်ဆေးမခံဘဲ မောင်းပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ကသာ-အင်းတော်ကားလမ်း (၈)မိုင်တွင် ဖမ်းမိခဲ့ကြောင်း၊ ဆိုင်ကယ်မောင်းလာသူ ချစ်စမ်းမောင်နှင့် ဇနီးဖြစ်သူ မိစိန်တို့အား ရှာဖွေရာ ၎င်းတို့ထံမှ ဘိန်းဖြူ အမှုန့် ၂၂ ဂရမ်ကို ဖမ်းဆီးရမိသဖြင့် ကသာမြို့မရဲစခန်း၌ ဒုရဲမှူးမြင့်နိုင်ဦးက တရားလိုပြုလုပ်၍ အမှုဖွင့်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကျေးလက်ဒေသသုံးထင်းရှားပါးမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလျက်ရှိနေ

**ရေတာရှည် ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း သစ်တောကြိုးဝိုင်းဒေသ အများအပြားရှိသော်လည်း အိမ်သုံးထင်းရရှိနိုင်ရန် ပိုမိုခက်ခဲလျက်ရှိကြောင်း ကျေးလက်ဒေသ



နေသူများက ပြောကြားသည်။ အိမ်ထောင်စုအလိုက် ထမင်းဟင်း နေ့စဉ်ချက်ပြုတ်ရန် ထင်းအသုံးပြုမှု ပိုမိုများပြားလာသော်လည်း သစ်တောကြိုးဝိုင်းများအတွင်း ကျွန်းစိုက်ခင်းများ ထူထောင်ခြင်းအပြင် ကျွဲ၊ နွားနှင့် လှည်းရှားပါးခြင်းကြောင့် ထင်းတစ်ခေါက်ရရှိနိုင်ရန် မလွယ်ကူတော့ကြောင်း ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

"သစ်တောကြိုးဝိုင်းနားမှာ နေတဲ့ရွာတွေက တောထဲက ထင်းတွေကို ခုတ်ပြီးပုံရောင်းတယ်။ ကျွန်တော်တို့ တောတက်သွားရင် ဟန့်တားတာမျိုးတွေကြုံရတာလည်းရှိတယ်။ ထင်းခုတ်ဖို့နေရာ အတော်ရှားသွားပြီ၊ လှည်းတစ်စီးတိုက် ထင်းပုံကိုဝယ်ရင် လေးသောင်းလောက် ကျတယ်"ဟု အထက်ပါဒေသခံက ဆက်လက်ပြောကြားသည်။ ကျေးလက်တောရွာများတွင် အိမ်ထောင်စုဦးရေနှစ်စဉ်တိုးပွားလာသည်နှင့်အမျှ မီးဖိုချောင်အတွက် ထင်းသုံးစွဲမှုမှာ ပိုမိုများပြားလျက်ရှိကာ အချို့ကျေးရွာများ၌ မိမိတို့နေအိမ်ဝိုင်းအတွင်းရှိ အရိပ်ရသစ်ပင်များ၊ သရက်ပင်၊ မကျည်းပင်၊ ကုက္ကိုပင်များကိုပင် ထင်းအဖြစ် ခုတ်လှဲသုံးစွဲကြခြင်းကြောင့် နွေရာသီရောက်လျှင် အပူဒဏ်ကို အလူးအလဲခံစားနေကြရကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**

## နယ်စပ်ခရီးသွားမြှင့်တင်ရေး Water Scooter စီးနင်းမှု သရုပ်ပြ

**ကော့သောင်း ဖေဖော်ဝါရီ ၂၆**

မြန်မာ(ကော့သောင်း)-ထိုင်း(ရနောင်း) နှစ်နိုင်ငံ နယ်စပ်ခရီးသွားလုပ်ငန်းမြှင့်တင်မှုအတွက် ရည်ရွယ်၍လည်းကောင်း၊ ကော့သောင်းနယ်မြေခံ ခရီးသွားလုပ်ငန်း ကုမ္ပဏီတစ်ခုဖြစ်သည့် Grand Andaman Travel & Tour ကုမ္ပဏီလီမိတက်၏ Tourism Promotion အစီအစဉ်အဖြစ် လည်းကောင်း Jetski(Water Scooter) စီးနင်းခြင်း သရုပ်ပြပွဲကို ကော့သောင်းမြို့ မြို့မဘောတံတားရှေ့၌ ဖေဖော်ဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။



သရုပ်ပြပွဲတွင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်၊ ရနောင်းမြို့အုပ်ချုပ်ရေးမှူး မစ္စတာထနိ၊ Grand Andaman Travel & Tour ပိုင်ရှင် ဦးကျော်လွင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ YAMAHA ကုမ္ပဏီ Jetski (Water Scooter) အသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး Water Scooter စီးနင်းသရုပ်ပြအစီအစဉ်ကို ခရိုင်အုပ်ချုပ်ရေးမှူးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ နှစ်နိုင်ငံ တာဝန်ရှိသူများအား YAMAHA ကုမ္ပဏီ Water Scooter အဖွဲ့က Water Scooter များ စီးနင်းမောင်းနှင်သရုပ်ပြခဲ့သည်။

သရုပ်ပြစီးနင်းသည့် အစီအစဉ်တွင် YAMAHA ကုမ္ပဏီ၏ Water Scooter 22 စီးကို သရုပ်ပြသူ ၄၀ ခန့်က စီးနင်းသရုပ်ပြပြီး ကော့သောင်းခရိုင် အက်ဒမန်ပင်လယ်ပြင်အတွင်းရှိ သာယာလှပသည့်ကျွန်းများ ပတ်ဝန်းကျင်အထိ တစ်နေ့တာ စီးနင်းသရုပ်ပြခဲ့ကြကြောင်း သိရသည်။

Water Scooter စီးနင်းမှု သရုပ်ပြပွဲကို မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများမှ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးရေးနှင့် ခရီးသွားလာမှုလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံရှင်းလင်း

**တွံတေး ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဆောင်ရွက်မည့် ရန်ကုန်မြို့ ၃၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေး အငှားချစီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လူထုတွေ့ဆုံ ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် လျှပ်စစ်ဓာတ်အားပေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အကျိုးတူပူးပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီလေးခုဖြစ်သည့် National Infrastructure Holdings(Myanmar), MCM Pacific Pte. Ltd (Singapore), APR Engergy (USA) နှင့် Ace Resources Group Pte. Ltd (Singapore) တို့၏ ကိုယ်စားလှယ်ကုမ္ပဏီ Perpetual Power Solution မှ အထွေထွေမန်နေဂျာ ဦးအောင်ထွန်းမြင့်၊ ဦးတင်မောင်မောင်စိုးနှင့်ဒေါ်မြတ်မွန်ဆွေတို့က စီမံကိန်း တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်ကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ လေ၊ ရေ အရည်အသွေး ထိခိုက်သက်ရောက်မှုနှင့် လျော့ချနိုင်သည့် နည်းလမ်းများ၊ ဆူညံသံနှင့် တုန်ခါမှု၊ အမှိုက်စွန့်ပစ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများကို လျော့ချနိုင်မည့်နည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့ပြီး ဒေသခံများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## တောင်တန်းဒေသစီမံကိန်းနှင့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ် မိတ်ဆက်

**ဟားခါး ဖေဖော်ဝါရီ ၂၆**

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် ချင်းပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် တောင်တန်းဒေသစီမံကိန်းနှင့် မိခင်နှင့် ကလေးများအား ငွေကြေးပံ့ပိုးမှုအစီအစဉ်အကြောင်း မိတ်ဆက်ရှင်းလင်းပွဲကို ဟားခါးမြို့ ကာဆင်ခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

မိတ်ဆက်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ Roland Kobia က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Lift Fund အဖွဲ့မှ စီမံကိန်းဒါရိုက်တာ မစ္စတာ Andrew Kirkwood က မြန်မာနိုင်ငံရှိ Lift ၏ စီမံကိန်းများနှင့် ချင်းပြည်နယ်ရှိ Lift ၏ စီမံကိန်းများအကြောင်းကိုလည်းကောင်း၊ USH မှ Ms.Teresa Mcghie က ဘဝအစ ရက်ပေါင်း ၁၀၀၀ ၏ အရေးကြီးပုံကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေးနှင့် UNICEF မှ မစ္စတာ Samman Thapa တို့က ပြည်နယ်အတွင်း ဆောင်ရွက်မည့် မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးမှု အစီအစဉ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသော ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မိခင်များအား အာဟာရပြည့်ဝသော စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြပြီး ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဇင်းဘောင်ချောင်းတူးဖော်ခြင်းလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နေ

**ဖျာပုံ ဖေဖော်ဝါရီ ၂၆**
ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ စိုက်ပျိုးဧရိယာများ ရေကြီးနစ်မြုပ်မှုမရှိစေရေး၊ ကျွန်းတွင်းပိုလျှံရေများကို ထုတ်နုတ်မှု ကောင်းမွန်စေရေးနှင့် သီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် ဇင်းဘောင်ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဒီဇင်ဘာ ၁၄ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ချိန်အတွင်း လုပ်ငန်းများပြီးစီးရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါချောင်းတူးခြင်းလုပ်ငန်းကို ဖျာပုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေပေါ်ဘောခုံတင်(Backhoe on Pon toon) မြေတူးစက် ခုနစ်စီး၊ ရွှံ့နွံတူး မြေတူးစက် (Amphibious Excavator) နှစ်စီး၊ မြေထိုးစက် တစ်စီးဖြင့် ချောင်းအရှည် ၃ ဒသမ ၇၈ မိုင်တွင် ပျမ်းမျှအကျယ် ၉၅ ပေ၊ ပျမ်းမျှအနက် ခုနစ်ပေ ရရှိအောင် တူးဖော်လျက်ရှိကြောင်း သိရသည်။

ဇင်းဘောင်ချောင်းသည် ငါးမိုင်ခန့် အရှည်ရှိသဖြင့် တူးဖော်ရန်ကျန်ရှိသည့် အပိုင်းများကိုလည်း လုပ်ငန်းခွင့်ပြုမိန့် ရရှိမှုအပေါ် မူတည်၍ ဆက်လက်တူးဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင် ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

ဒီဇင်းဘောင်ချောင်းတူးဖော်ပေးတာကြောင့် ဇင်းဘောင်ကျွန်းပတ်တာနဲ့ ကျွန်းအပြင်က မိုးစပါး စိုက်ကွေတွေ မိုးတွင်းရေမြုပ်ပြီး နှစ်ခါပြန် သုံးခါပြန် ပြန်စိုက်ရတဲ့ အရင်တုန်းကလို အဖြစ်မျိုးက ကင်းမယ်။ မျိုးစပါးတွေ ထပ်ထပ်ပြီး ဝယ်ယူရတဲ့ဒုက္ခကလည်းသက်သာတော့မှာပါ။ မိုးစပါးပျက်ပြီး လယ်သမားတွေ မျိုးစပါးနဲ့ လုပ်အားခ ဆုံးရှုံးရတဲ့အဖြစ်ကလည်း ကင်းဝေးလာပြီး စိတ်ချလက်ချနဲ့ ကေပြည့်စိုက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီရေလမ်းကနေ စပါးသယ်၊ ဆန်သယ်ရတာလည်း အရင်ကထက် ပိုပြီးကောင်းမွန်လာမှာဖြစ်ပါတယ်”ဟု ကွန်ဒိုင်းကြီးကျေးရွာမှ လယ်သမား ဦးလှအောင်က ပြောသည်။

ဒီရေနှင့်အတူပါလာသော နုန်းမြေများကြောင့် ဒီရေဝင်ချောင်းမကြီးများ သိသိသာသာ တိမ်ကောလာသဖြင့် မိုးရာသီ ကျွန်းတွင်းမိုးရေများ ထုတ်နုတ်ရာတွင် ရေနုတ်အားမကောင်းတော့ခြင်း၊ မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခြင်း၊ မိုးစပါးများပျက်စီး၍ လယ်သမားများ ဆုံးရှုံးနစ်နာခြင်း မဖြစ်စေရေးအတွက် ဒေသခံတောင်သူများ၏ လိုအပ်ချက်ကို တင်ပြတောင်းဆိုမှုအရ ဖျာပုံခရိုင်၊ ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တူးဖော်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# မြောက်ယမားဆည် ရေသောက်စနစ် ဧရိယာအတွင်းသို့ ဆည်ရေစတင်လွှတ်ပေးလျက်ရှိ

**ပုလဲ ဖေဖော်ဝါရီ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားဆည်၏ ရေသောက်စနစ် ဧရိယာအတွင်းမှ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေများကို ဖေဖော်ဝါရီ ၂၀ ရက်မှ စ၍ လွှတ်ထားပေးလျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာထက်နိုင်ထွန်းက “ဒီနှစ်နွေရာသီမှာ တောင်သူများအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံများကို စိုက်ပျိုးရေ လုံလုံလောက်လောက်နဲ့ စိုက်ပျိုးနိုင်အောင် ဖေဖော်ဝါရီ ၂၀ ရက်က စတင်ပြီး ဆည်ရေကို လွှတ်ပေးထားပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပုလဲမြို့နယ်ဟာ မိုးခေါင်ရေရှားဒေသဖြစ်ပေမယ့် မြောက်ယမားဆည်ကြောင့် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးရေ လုံလောက်စွာနဲ့ စိုက်ပျိုးလျက်ရှိပါတယ်။ ဒီဆည်က ပုလဲမြို့နယ်အတွင်းမှ တောင်သူများသာမက ယင်းမာပင်မြို့နယ်အတွင်းရှိ တောင်သူများအတွက်ပါ အကျိုးပြုပါတယ်။ မနှစ်က နွေရာသီမှာ ပုလဲမြို့နယ်မှာရှိတဲ့ နွေစပါး စိုက်ဧက ၁၀၀၀ နဲ့ အခြားသီးနှံ စိုက်ဧက ၉၀၀၊ ယင်းမာပင်မြို့နယ်မှာရှိတဲ့ နွေစပါးစိုက်ဧက ၄၀၀ နဲ့ အခြားသီးနှံ စိုက်ဧက ၁၀၀၊ စုစုပေါင်း စိုက်ဧက ၂၄၀၀ လျာထားရာမှာ တောင်သူများအနေနဲ့ နွေစပါးနဲ့ အခြားသီးနှံ စုစုပေါင်း ဧက ၂၉၇၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီမြောက်ယမားဆည်အနေနဲ့ ရေပေးနိုင်တဲ့ စိစစ်ဧရိယာ ဧက ၁၁၃၂၀ ရှိရာမှာ အမှန်ရေပေးနိုင်တာက ၅၉၆၂ ဧကပဲ ရှိပါတယ်။ တောင်သူများအနေဖြင့် ယာမှုလယ်ပြောင်းစနစ်ဖြစ်တဲ့ ဆည်ရေသောက်စနစ် ပြုပြင်နိုင်မယ်ဆိုရင် ၄၁၂၀ ဧကအထိ တိုးချဲ့ပြီး ရေပေးနိုင်မှာ ဖြစ်ပါတယ်။ ကျန်တဲ့ ၁၂၃၈ ဧက ကတော့ ကုန်းမြေမြင့်မှာ တည်ရှိတဲ့အတွက် ရေပေးဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တောင်သူတွေသာ အမှန်တကယ် စိုက်ပျိုးကြမယ်ဆိုရင် ပုံတောင်ခြေ ဖလံပင်ကျေးရွာအနီးမှာ တည်ရှိတဲ့ ကေပေတစ်သိန်းကျော် ရေလှောင်နိုင်တဲ့ မြောက်ယမား ရေကူတမံရှိတာကြောင့် မြောက်ယမားဆည်ကနေ စိုက်ဧက ၁၀၀၈၂ ဧကအထိ စိုက်ပျိုးရေကို လုံလုံလောက်လောက်နဲ့ ပေးနိုင်ပါတယ်”ဟု ပြောသည်။



**မင်းခန့်စိုး(ဧယျာမြေ)**

# မြိတ်မြို့၌ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေး ကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၂၆**
မြိတ်ခရိုင်၏ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့မြန်ဆန်ရေး၊ ကမ္ဘာအလိုက် ပြည်ပပို့ကုန် ပိုမိုထုတ်လုပ် တိုးတက်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်း အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်က မြိတ်ခရိုင် ကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်လင်းအောင်က အမှာစကားပြောကြားပြီး နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလန်းဆန်းဦးက ကုန်သွယ်မှု၊ ပို့ကုန် သွင်းကုန် လုပ်ငန်းလျာထားချက်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းက မြိတ်ခရိုင် ကုန်သည်လုပ်ငန်းရှင်များအသင်း၏ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ အသင်းနှင့် ညီနောင်အသင်းအဖွဲ့များ၏ စုပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ဌာနဆိုင်ရာများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တစ်နှစ်လုံး ကုန်သွယ်မှုပမာဏ လျာထားချက်အနေဖြင့် ပို့ကုန်လျာထားချက်မှာ အမေရိကန်ဒေါ်လာ သန်း ၁၄၀ နှင့် သွင်းကုန်လျာထားချက်မှာ အမေရိကန်ဒေါ်လာ သန်း ၄၀ ဖြစ်ရာ တစ်နှစ်မပြည့်မီ ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၀၄၂ သန်းနှင့် သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၆၄၅ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှု ဆောင်ရွက်ပြီးစီးမှု ရာခိုင်နှုန်းမှာ ၁၀၀ ဒသမ ၉၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးစခန်း(မြိတ်)မှ သိရသည်။

**ခိုင်ထူး(မြိတ်)**



## သတင်းတိုများ

### ချင်းအမျိုးသားနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

လင်တန်လူငယ်မိသဟာယအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် (၆၉)နှစ်မြောက်ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများကို ချင်းပြည်နယ် ရိခေါ်ဒါရ်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်က စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။ ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲများကို First Division နှင့် Second Division စသည်ဖြင့်စီစဉ်ထားပြီး ပြိုင်ပွဲနှစ်မျိုးစလုံး၏ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ဘောလုံးပြိုင်ပွဲတွင် အသင်း ၂၂ သင်းပါဝင်ပြီး ဘော်လီဘောပြိုင်ပွဲတွင် ၁၅ သင်းပါဝင်ကာ ဆုများအဖြစ် ပထမဆု ကျပ်ခြောက်သိန်း နှင့် ဒိုင်းဆု၊ ဒုတိယဆု ကျပ်သုံးသိန်းနှင့် ဆုဖလား၊ တတိယဆု ကျပ်တစ်သိန်းတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

### တားမြစ်အစားအသောက် ရောင်းချခြင်းမရှိစေရန် စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့မြို့မဈေးကြီးအတွင်း ရောင်းချနေသော အစားအသောက်များကို ကသာခရိုင် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီမှ လက်ထောက်ဦးစီးမှူး ဦးပြည့်စုံ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့များ ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဈေးသည်များကိုလည်း တားမြစ်ထားသော အစားအစာများ၊ ရက်လွန်နှင့် မှိုတက်အစားအစာများ၊ ဆိုးဆေး အလွန်အကျွံအသုံးပြုထားသော စားသောက်ကုန်များ ရောင်းချခြင်းမပြုရန် အသိပညာပေးခဲ့ကာ ဆိုင်အချို့တွင်ရောင်းချနေသည့် တားမြစ်ထားသော တရုတ်နိုင်ငံလုပ် ခေါက်ဆွဲအစိမ်းထုပ်များကို စံပြအဖြစ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။ စံပြအဖြစ် သိမ်းဆည်းခဲ့သော အဆိုပါ စားသောက်ကုန်များကို ကသာခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြပြီးလမ်းညွှန်ချက်များအတိုင်း ဖြေရှင်းဆောင်ရွက်သွားမည်ဟု အင်းတော်မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကြည်နိုင်ဦးက ပြောကြားသည်။
**လူအောင်(ကသာ)**

### လမ်းဖောက်လုပ်ပြီးစီး၍ ဒေသခံများအဆင်ပြေ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ခအုံးတာကျေးရွာမှ မန္တလေး-မြစ်ကြီးနား မဟာဗျူဟာလမ်းအထိ ဆက်သွယ်သည့် မြေသားလမ်းကို ယမန်နှစ် အောက်တိုဘာလအတွင်းက စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ လုပ်ငန်းများပြီးစီးသွားပြီဖြစ်၍ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။ အဆိုပါလမ်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် ၁၀ သိန်း၊ ကျေးရွာလူထုထည့်ဝင်ငွေ ကျပ် ၃၉ သိန်းကျော်နှင့် ဒေသခံများ၏ စုပေါင်းလုပ်အားဖြင့် ဖောက်လုပ်ခဲ့ကာ မြေသားလမ်းအရှည် နှစ်မိုင်၊ အကျယ် ပေ ၆၀ ရှိပြီး လမ်းဘေးဝဲယာတွင် လှည်းလမ်းနှင့် ရေမြောင်းများပါ ဖောက်လုပ်ထားကြောင်း သိရသည်။ ခအုံးတာကျေးရွာသည် အိမ်ထောင်စု ၉၀၀ နီးပါး၊ ၄၀၀၀ နီးပါးရှိပြီး ဒေသထွက်ကုန်များကို မန္တလေး၊ ရွှေဘို၊ ကန့်ဘလူနှင့် ဗီးကုန်းမြို့များသို့ တင်ပို့ရောင်းချလျက်ရှိရာ အဆိုပါလမ်းဖောက်လုပ်ပြီးစီးခြင်းကြောင့် ဒေသခံပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ရေစည်ရေကန်များကို အဘိတ်ဆေးခတ်ခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကိုရှင်းလင်းခြင်း၊ ခြင်ထောင်များကို ဆေးစိမ်အသုံးပြုနည်းများ လက်တွေ့ပြသခြင်းတို့ကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးက ဦးဆောင်၍ စည်ပင်သာယာ၊ ကျန်းမာရေးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှလှ**

### သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းများတူးဖော်ပေးလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ခုဘဏ္ဍာရေးနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျွန်းတော(တ)ကျေးရွာ၊ နဂါးတွင်းကျေးရွာ၊ ပလ္လင်ခတ်ကျေးရွာ၊ ဆပ်သွားကျေးရွာနှင့် အေးငြိမ်းသာယာကျေးရွာတို့တွင် အနက်ပေ ၆၀၀ ရှိ လေးလက်မ စက်ရေတွင်းများကို ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Monywa Stars ကုမ္ပဏီက တာဝန်ယူ တူးဖော်လျက်ရှိကြောင်း သိရသည်။ ရေတွင်းများ တူးဖော်နေမှုနှင့် ဆပ်သွားကျေးရွာတွင် ဂါလန် ၂၄၀၀ ဆံ့ ရေစင်နှင့် ရေစက်ရုံ တည်ဆောက်နေမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဇော်ထွေး၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ခင်မီမီအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကွင်းဆင်းကြီးကြပ်လျက်ရှိသည်။
**မောင်အေးချမ်း**

### စဉ့်ကိုင်တွင် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့တွင် ကျောင်းသား ကျောင်းသူများအား နွေရာသီစာဖတ်ရှိန်မြှင့်တင်ရေး ရည်ရွယ်ချက်ဖြင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ပြိုင်ပွဲအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ရာ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ပြီး စာစီစာကုံးပြိုင်ပွဲတွင် ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။
**အောင်မင်း(စဉ့်ကိုင်)**

KBZ BANK
STRENGTH OF MYANMAR

# APPLY NOW

## The New KBZ Visa Credit Card




Experience the World of Privileges and Luxuries

**KBZ Visa Platinum & Classic Credit Card**

Call Center: +951 370320

Website : www.kbzbank.com Email : hotline.cards@kbzbank.com
Facebook : www.facebook.com/KBZCards

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်


၁။ (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ မတ်လ ၁ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို “က” အက္ခရာမှ “သ”အက္ခရာထိ အက္ခရာ (၃၀)လုံး၊ အရန်ထီအဖြစ် “ဟ” အက္ခရာနှင့် “ဠ”အက္ခရာ [“အ” အက္ခရာမပါဝင်ပါ။] အက္ခရာ (၂)လုံးအပါအဝင် အရန်ထီ “ကက” အက္ခရာမှစ၍ ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့်အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၃။ အက္ခရာလုံးရေ (၃၀)ကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ အရန်ထီများကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ ခွဲဝေပေးပို့ပြီးနောက် ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန် အရန်ထီလက်မှတ်စာအုပ်များကို အနည်းဆုံး အုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1) ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာအမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၃-၃-၂၀၁၇ ရက်မှ ၂၄-၃-၂၀၁၇ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ပါသည်။


၄။ (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၅။ (၁)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် (အရန်ထီ)အတွက် နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ

၆။ ကျပ် ၅၀၀ တန်ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၀၀၀၀)၊ ကျပ်သိန်း (၅၀၀၀)နှင့် ကျပ်သိန်း (၁၀၀၀)ဆုများအပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။

၇။ (၃၃၉)ကြိမ်မြောက် ကျပ် ၂၀၀ တန် ထီလက်မှတ်များကို အက္ခရာ (၃)လုံး [(က)အက္ခရာမှ (ဂ)အက္ခရာထိ] ထုတ်ဝေ ရောင်းချသွားမည်ဖြစ်ပါသည်။ ထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၈။ ကျပ် ၂၀၀ တန်ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၅၀၀)နှင့် ကျပ်သိန်း (၁၀၀)၊ ကျပ်သိန်း (၅၀)ဆုများအပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၁၀၀၀၀၀)ဖြစ်ပါသည်။

---

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ် ၀၁/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၇-၂၀၁၈**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ အထက်နမ့်ထွမ်၊ အထက်ရဲရွာ၊ သူဌေးနှင့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတို့အတွက် နိုင်ငံခြားစက်ပစ္စည်းများအား စီမံကိန်းစခန်းဂိုဒေါင်အရောက် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၂-၂၀၁၇ရက်၊ ၀၉း၀၀နာရီ
**တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၂-၃-၂၀၁၇ရက်၊ ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀၊ ၀၆၇-၈၁၀၄၁၉၁**

---

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

## ဆိုင်ခန်းငှားရန်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ (၂၄ပေ×၂၈ပေအကျယ်) စားသောက်ဆိုင် ၁၆ဆိုင်နှင့် (၁၂ပေ×၂၈ပေအကျယ်) မိတ္တူဆိုင် လေးဆိုင်တို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဆိုင်ခန်းငှားရန် တင်ဒါခေါ်ယူခြင်းကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လျှောက်လွှာစတင်ရောင်းချရက်မှာ ၁-၃-၂၀၁၇ ဖြစ်ပါသည်။

၃။ လျှောက်လွှာတင်သွင်းရန် နောက်ဆုံးရက်မှာ ၁၀-၃-၂၀၁၇ရက် ညနေ ၄နာရီထိ ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ၀၉-၂၅၀၀၇၃၉၉၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ငှားရမ်းမှုတာဝန်ခံစိစစ်ရေးအဖွဲ့**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

---

## ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို ၄၅' × ၁၅'သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၆-၃-၂၀၁၇ ရက်မှ ၁၇-၃-၂၀၁၇ ရက်နေ့အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်ဆက်သွယ်၍လည်းကောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ Website (www.ycdc.gov.mm) စီမံရေးရာဌာန(Home Page) နှင့် စီမံရေးရာဌာန ကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြည့်ရှုဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အုပ်စု(၁၁)ဝင်းရှိ သဲကွင်းမြေ(၃)ကွက်အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

Lot(1) သဲကွင်းမြေကွက်အမှတ် (A)အလျားပေ ၇၀×အနံပေ၃၀
Lot(2) သဲကွင်းမြေကွက်အမှတ် (B)အလျားပေ ၁၅၀×အနံပေ၃၀
Lot(3) သဲကွင်းမြေကွက်အမှတ် (C)အလျားပေ ၈၀×အနံပေ၈၀

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၂-၂၀၁၇ရက်မှ ၈-၃-၂၀၁၇ရက်ထိ
**အချိန်** - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
(ခ) **တင်ဒါစည်းကမ်းချက်များရှင်းလင်းခြင်း** - ၉-၃-၂၀၁၇ရက် ၁၂း၀၀နာရီ၊ ရုံးအမှတ် ၅၂၊ နေပြည်တော်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၈-၃-၂၀၁၇ရက် မွန်းလွဲ ၁၃း၀၀နာရီ
(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး စီမံရေးရာဌာနခွဲ၊ အမှတ် ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့
(င) **Deposit ပေးသွင်းနိုင်သည့်နေရာ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
(စ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၅၂၊ နေပြည်တော်
(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအမှတ် (၅၂)၊ နေပြည်တော်

၂။ အဆိုပါရန်ကုန်တိုင်းဒေသကြီးမှ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အုပ်စု (၁၁)ဝင်းရှိ သဲကွင်းမြေ(၃)ကွက်တို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

**ဖမ်းဆီးရမိသော သစ်/ခွဲသားများနှင့်ပင်ကျပ်တိုင်ရောင်းချရန်**

## လေလံကြော်ငြာ

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်သည် သစ်တောဦးစီးဌာနမှ တရားဝင် လိုင်စင်ဖြင့်ခွင့်ပြုထားသော သစ်စက်သေး၊ စက်ကြီး၊ အချောထည်စက်၊ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းဝင်များ၊ မြန်မာနိုင်ငံပရိဘောဂလုပ်ငန်းရှင်အသင်းဝင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော သစ်အခြေခံအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များအား ကသာ၊ ကောလင်း၊ ထီးချိုင့်မြို့နယ်ရှိ အောက်ဖော်ပြပါ ဖမ်းဆီးရမိသစ်/ခွဲသားနှင့်စိုက်ခင်းပင်ကျပ်တိုင်များကို တိုင်းကျော်သယ်ယူခွင့်မပြုကြောင်း ကန့်သတ်ချက်ဖြင့် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | သစ်မျိုး | ကသာ | ကောလင်း(တန်) | ထီးချိုင့်(တန်) |
|---|---|---|---|---|
| ၁ | ကျွန်းသစ်လုံး | | ၉ဒသမ၈၈၃ | ၁၂၅ဒသမ၃၄၄ |
| ၂ | ကျွန်းခွဲသား | | ၁၄ဒသမ၇၉၁ | ၁၁ဒသမ၂၀၆၆ |
| ၃ | အုပ်စု(၁)သစ်လုံး | | ၁ဒသမ၇၀၇၄ | ၅၇ဒသမ၀၄၆ |
| ၄ | အုပ်စု(၁)ခွဲသား | | ၃၃ဒသမ၈၄၇၅ | ၂၈ဒသမ၃၄၆၁ |
| ၅ | အခြားသစ် | | ၈၇ဒသမ၁၅၈ | |
| ၆ | အခြားခွဲသား | | ၁၆ဒသမ၄၈၂၅ | |
| ၇ | ပျဉ်းကတိုးပင်ကျပ်တိုင် | ၈၂လုံး | | |

၂။ လေလံတင်ရောင်းချမှုကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကသာမြို့တွင် ၈-၃-၂၀၁၇ရက် ၁၀း၀၀ နာရီအချိန်၌ ဆောင်ရွက်မည်ဖြစ်ပြီး လေလံတင်လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ကသာမြို့တွင် ၁-၃-၂၀၁၇ရက်မှ ၇-၃-၂၀၁၇ရက်အတွင်း ဝယ်ယူနိုင်ကြောင်းကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကသာခရိုင်သစ်တောဦးစီးဌာန ဖုန်း-၀၇၅-၂၅၀၈၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

---

**အကောက်ခွန်ဦးစီးဌာန**

## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနနှင့် Mobile Team (2) တို့မှ တားဆီးထားရှိပြီး လေလံအဆင့်ရောက်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်လေလံဆွဲဝယ်ယူရန် အသိပေးကြော်ငြာအပ်ပါသည်-

(က) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများ၊ ကားပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ
(ခ) **နေ့ရက်/အချိန်** - ၈-၃-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ
(ဂ) **နေရာ** - အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အလုံသစ်တောလမ်း၊ စောရန်ပိုင်နောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်
(ဃ) **လေလံပုံစံရောင်းချခြင်း** - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင်ကျပ်၅၀၀၀/- (ကျပ်ငါးထောင်တိတိ) နှုန်းဖြင့် ၆-၃-၂၀၁၇နှင့် ၇-၃-၂၀၁၇ရက် တို့တွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများ၊လေလံအတွဲစာရင်းနှင့် လေလံစည်းကမ်းချက် ဝယ်ယူလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အလုံမြို့နယ်၊ အလုံသစ်တောလမ်း၊ စောရန်ပိုင်နောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အလုံမြို့နယ် ဖုန်း-၀၁-၂၂၆၂၈၈သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

---

## မွေးသက္ကရာဇ်အမှန်

ပန်းပဲတန်းမြို့နယ်၊ မြို့မ (၂) ရပ်ကွက်နေ (ဘ)ဦးနိုင်ထန်း၏သား ဦးလောနိုင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၁-၁၉၅၉ ဖြစ်ပါကြောင်း။
**ဦးလောနိုင်း ၄/ကပလ(နိုင်)၀၀၆၃၂၃**

---

## အမည်မှန်

ကျိုင်းတုံမြို့၊ အထက(၂)၊ နဝမတန်း(E) မှ မဒေါ့ဒေါ့၏ အမည်မှန်မှာ မဘူးဒေါ့ဖြစ်ပြီး ၄င်း၏မွေးသက္ကရာဇ်အမှန်မှာ ၆-၈-၂၀၀၂ ဖြစ်ပါကြောင်းနှင့် ၄င်း၏ဖခင်အမည်မှန်မှာ ဦးအားဖာ ၁၃/ကတန(နိုင်)၀၇၉၆၀၃ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6H/5138 Toyota Vigo P/U (4×4)ယာဉ်လက်ဝယ်ရှိသူ ဒေါ်နာတီး ၁၃/တခလ(နိုင်)၀၉၈၄၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

# (၃၄) နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖိုးဖိုး ဦးဝင်းလတ် (ခ) ချိုတီး နှင့် ချစ်မာမား ဒေါ်မြင့်မြင့်သန်း (ခ) ဝီဝီ

(ကျောက်တိုင်သာကူစေ့နှင့် Kမိသားစု ရောင်းဝယ်ရေး၊ ဟသ်ာတမြို့)တို့၏

၂၇-၂-၂၀၁၇ ရက်နေ့တွင် ကျရောက်သော

(၃၄)နှစ်ပြည့် မင်္ဂလာရက်မြတ် မှသည် နောင်နှစ်ပေါင်းများစွာတိုင်

စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးများကို သယ်ပိုးရင်း

ချစ်သား၊ ချစ်သမီးများနှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းလျက်...

- ချစ်သားကြီး - Dr. ဇင်လတ်ကို (ခ) နေမင်းလတ် (လက်ထောက်ကထိက၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ် - ၂၊ ရန်ကုန်)
- ချစ်သားငယ် - Dr. ညီညီလတ် (ခ) လမင်းလတ် (Managing Director, IME Services Co.,Ltd. , IME International Co.,Ltd.)
- ချစ်သမီးကြီး - မေသူနွယ်နွယ် (ခ) စန်းပို့က် (BS in Civil Engineering and BA in Economics (Bucknell University, USA)) (2nd Year Ph.D in Civil Engineering (Johns Hopkins University, USA))
- ချစ်သမီးငယ် - မေဦးမို့မို့ (ခ) စင်ဒရဲလား (Diploma in Business (Temasek Poly), B.Sc(Hons) Business, University of London)

JAMES COOK UNIVERSITY SINGAPORE

## "ရေထွက် သဘာဝ သယံဇာတ ပစ္စည်းများ စီးပွားဖြစ် မွေးမြူလုပ်ကိုင်နိုင်ရန် စီမံနည်းဆိုင်ရာ ပညာရပ်များအကြောင်း ဆွေးနွေးပွဲ"

CROWN EDUCATION Award Winning Company



Speaker Profile

JENNIFER COBCROFT
Associate Professor, Aquaculture
James Cook University(Australia)

- မြန်မာနိုင်ငံရဲ့ ရေချို၊ ရေငန် ငါးမွေးမြူခြင်းဆိုင်ရာ ပင်လယ်စာနဲ့ ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ အလားအလာ၊ ရေထွက်ပစ္စည်းများ စီးပွားဖြစ်မွေးမြူခြင်းနှင့် ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာအကြောင်းများ
- ရေထွက်သဘာဝသယံဇာတပေါကြွယ်ဝတဲ့ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ကိုင်စရာ အခွင့်အလမ်းများအကြောင်း
- နိုင်ငံရဲ့ ရေထွက် သဘာဝသယံဇာတတွေကို စီးပွားရေးမှာ အကျိုးဖြစ်ထွန်းအောင် ဘယ်လို စနစ်တကျ ထုတ်ယူသုံးမလဲ
- JCU Singapore တွင် လေ့လာသင်ယူနိုင်မယ့် BUSINESS AND ENVIRONMENTAL SCIENCE (AQUACULTURE) ဘွဲ့ဒီဂရီအကြောင်း

CALL NOW
+95 (01) 527 838,
+95 (09) 732 732 77,
450 200 040, 450 200 080

**YANGON**
Date : 2 Mar 2016
Time : 2:00 pm - 4:00 pm
Venue : NOVOTEL HOTEL (Eureka Room)

**MANDALAY**
Date : 4 Mar 2016
Time : 10:00 am - 12:00 noon
Venue : HOTEL MANDALAY, Zabai Phyu Room

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မဟာအောင်မြေမြို့နယ်တရားရုံးတော်
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်မိမိမိုး နှင့် ၁။ ဦးကျော်ကျော်ဦး
၂။ ဒေါ်သန့်သန့်လှိုင်
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အနောက်ရပ်ကွက်၊ အကွက် ၃၇၆၊ တရားပြိုင်(၁)ဦးကျော်ကျော်ဦး၊ တရားပြိုင်(၂)ဒေါ်သန့်သန့်လှိုင်(အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိမိမိုးက ငွေကျပ် သိန်း၂၀ ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် မတ် ၁၄ ရက် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေဇင်ထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မဟာအောင်မြေမြို့နယ်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅

ဒေါ်မာမာအေး နှင့် ၁။ ဦးကျော်ကျော်ဦး
၂။ ဒေါ်သန့်သန့်လှိုင်
တရားလို တရားပြိုင်များ

အထက်ပုံစံပါအမှုမှ တရားပြိုင် (၁) ဦးကျော်ကျော်ဦး (ဘ) ဦးကြည်ဝင်း၊ (၂) ဒေါ်သန့်သန့်လှိုင် (ဘ)ဦးစိန်လှိုင် အကွက်(၃၆၇)၊ သံလျှက်မှော်အနောက်၊ ဇော်မင်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မာမာအေးက ငွေကျပ်သိန်း ၈၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် မတ်လ ၁၄ရက် (၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မဟာအောင်မြေမြို့နယ်တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဦးညီညီအောင် နှင့် ၁။ ဦးကျော်ကျော်ဦး
၂။ ဒေါ်သန့်သန့်လှိုင်
တရားလို တရားပြိုင်များ

အထက်ပုံစံပါအမှုမှ တရားပြိုင် (၁) ဦးကျော်ကျော်ဦး (ဘ) ဦးကြည်ဝင်း၊ (၂) ဒေါ်သန့်သန့်လှိုင် (ဘ)ဦးစိန်လှိုင်၊ အကွက် (၃၆၇)၊ သံလျှက်မှော်အနောက်၊ ဇော်မင်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညီညီအောင်က ငွေကျပ်သိန်း ၈၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ ခုနှစ် မတ် ၁၄ရက် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/9196 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/8685 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းသီတာခိုင် ၁၀/မလမ(နိုင်)၂၀၉၆၇၅၏ Passport (No.မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

### ပျောက်ဆုံးကြောင်း

ကျောက်တော်မြို့၊ ရှမ်းရွာရပ်ကွက်နေ ဦးကောင်းမြတ်ကျော် ၁၁/ကတန(နိုင်)၀၈၅၄၄၂၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 250397)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/9687 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၃၂၁၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7691 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၅၉၅၈ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းမောင် ၁၃/ကမန(နိုင်)၀၈၃၈၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/5667 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/1908 Toyota Corolla Axio NZE 14, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျူလီဆန် ၄/မတဝ(နိုင်)၀၃၂၀၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၈၁၅၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ဖခင်အမည်မှန်**

အထက (၂) သဃ်န်းကျွန်း နဝမ တန်းတွင် ပညာသင်ကြားနေသော မဖြိုးသီရိနွယ်၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၉/မရတ(နိုင်)၁၂၀၄၅၄ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ချောက်မြို့နယ် စလေ(အထက) နဝမတန်း(E)မှ မောင်သက်ဦးမောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၈/ခမန(နိုင်)၁၅၅၇၂၂ ဖြစ်ပါကြောင်း။ **ဦးဝင်းခိုင်**

**မွေးသက္ကရာဇ်အမှန်**

ချောက်မြို့နယ် ဥယျာဉ်အနောက် ကျေးရွာနေ ဦးမင်းသူ-ဒေါ်ဝင်းဝင်းမာ၏သမီး မကျော့ကျော့ရှင်း၏ မွေးသက္ကရာဇ်မှာ ၁၂-၄-၂၀၀၄ ဖြစ်ပါကြောင်း။ **မကျော့ကျော့ရှင်း**

**ဝမ်းတာဝယ်ကြဖြီ**

ပေါ်ဆန်းမွှေးသစ်ခြောက်သွေ့သဖြင့် ဝမ်းစာဆန်ဝယ်ကြပါပြီ၊ နယ်တွင်ဝယ်မရပါက တိုက်ရိုက်မှာယူပါ။

09-73077711 ☎ 01-682928
09-73077722 ☎ 01-686212

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

**ဝန်ထမ်းအလိုရှိသည်၊ ကျန်းမာရေးသိုးသန့်**

◆ ခြေထောက်အကြောပြင်အနှိပ်ကျွမ်းကျင် (ကျား/မ) ၁၀ ဦး

အသေးစိတ်စုံစမ်းရန် - ၀၉-၇၇၄၇၄၀၁၁၇၊ ၀၉-၅၀၅၁၅၀၀၊ ၀၉-၅၁၇၄၈၇၈

## အမည်အမှတ်အသားတံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၁လမ်း၊ ၈၁-၈၄လမ်းကြားနေ ဦးဝင်းနိုင်(၈/နမန(နိုင်)၀၀၀၆၅၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် ။

စံဟိန်း ပညာရေး

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝင်းနိုင်သည် " စံဟိန်း " အမည်ဖြင့် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်းလုပ်ငန်းကို မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၂၅/၂၀၁၃)ဖြင့် တစ်ဦးတည်းမှုပိုင် လုပ်ငန်း အမှတ်တံဆိပ်အမည် အမှတ်အသားအဖြစ် မှတ်ပုံတင်သွင်း ထားရှိပါသည်။ ယင်းအမှတ်တံဆိပ်ဖြင့် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်း အမှတ်တံဆိပ်ဖြင့် အမည်ရကျော်ဇောလျက်ရှိပါသည်။ ထို့အပြင် မန္တလေးမြို့တွင်သာမက မြန်မာတစ်နိုင်ငံလုံးရှိ အခြားသောမြို့များတွင်လည်း " စံဟိန်း " အမည်ဖြင့်ပင် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်းများကို ဖွင့်လှစ်လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ " စံဟိန်း " အမည်ဖြင့် ဘာသာရပ်သင် ကိုယ်ပိုင်အထက်တန်းကျောင်း အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပခြင်း နှင့် အမှတ်တံဆိပ်ကို ထိခိုက် နစ်နာစေမည့် ပြောဆိုမှုများ၊ မကောင်းသတင်းပြောဆိုခြင်းများ ဖြစ်ပေါ်လာပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံသတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်စန်းစန်းငယ် (LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၀၄)

▸ အကွက်(၂၄၅)၊ ၈၇ လမ်း၊ ၂၇-၂၈ လမ်းကြား၊ သီရိဟေမာအရှေ့ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။ ၀၉-၇၉၇၅၆၃၂၈၀






# ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ



တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မျိုးဆက်သစ် စက်ဘီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ရန်ကုန်မြို့ လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်းရှေ့ သုမင်္ဂလာလမ်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ဥက္ကလာပမြို့နယ် ပဒေသာကွင်းရှေ့ သုမင်္ဂလာလမ်းမှ တာထွက်ရာ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးစိုးအောင်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး သုမင်္ဂလာလမ်းမှ ပါရမီလမ်း၊ ပြည်ထောင်စုလမ်းမမှ တောင်/မြောက်လမ်းဆုံ၊ လေးထောင့်ကန်လမ်းမှ ဝေဇယန္တာလမ်းအတိုင်း သစ္စာလမ်းမှ တောင်ဥက္ကလာပဒေသကွင်းသို့ စုပေါင်းစက်ဘီးစီးနင်း၍ ပြန်လည်ပန်းဝင်ခဲ့ကြောင်း သိရသည်။

## မြန်မာနှင့်ထိုင်း အမျိုးသမီးအသင်း ခြေစမ်းကစားမည်

**သတင်း - ရဲရင့်ရှိန်း**

**မန္တလေး ဖေဖော်ဝါရီ ၂၆**

အာဆီယံဒေသတွင်း အမျိုးသမီးထိပ်သီးအသင်းများဖြစ်သည့် မြန်မာအသင်းနှင့် ထိုင်းအသင်းသည် မတ်လဆန်းပိုင်းတွင် မန္တလေးမြို့၌ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားခြေစစ်ပွဲ မတိုင်မီ ပြင်ဆင်သည့်အနေဖြင့် အာဆီယံချန်ပီယံ ထိုင်းအမျိုးသမီးအသင်းနှင့် ခြေစမ်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ထိုင်းဘောလုံးအဖွဲ့ချုပ်တို့၏ ညှိနှိုင်းမှုအရ မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး မတ် ၁ ရက်နှင့် ၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစမ်းပွဲနှစ်ပွဲစလုံးကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌

စာမျက်နှာ ၇ ကော်လံ ၁ ❍

## လက်ရွေးစင်ဟောင်းအသင်းရန်ပုံငွေ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စောမင်းအောင်က ဝမ်းစတားကို အလဲထိုးဖြင့်နိုင်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်စီစဉ်ကျင်းပသည့် မြန်မာနိုင်ငံ လက်ရွေးစင်ဟောင်းအသင်း ရန်ပုံငွေ ၂၀၁၇ ခုနှစ် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လက်ရည်စစ်ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ကျင်းပရာ ငါးချီအထူးစိန်ခေါ်ပွဲတွင် စောမင်းအောင် (တောင်ကလေး)က ဝမ်းစတား(တိုက်ဂါး)ကို အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ကျင်းပသော မြန်မာ့ရိုးရာ

စာမျက်နှာ ၇ ကော်လံ ၄ ●



ငါးချီအထူးစိန်ခေါ်ပွဲတွင် တိမ်တိုက်(ထွန်းသွင်)နှင့် ကျန်ကျောင်း(ဗမာ့သွေး)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်



## ဝမ်းပျက်ဝမ်းလျှောဖြစ်လျှင် ဓာတ်ဆားဖျော်ရည် ဘယ်လိုသုံးမလဲ

**သတင်း - မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

နွေရာသီရောက်ရှိလာပြီဖြစ်၍ လူတို့၌ဖြစ်တတ်သော ရောဂါများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်သည့်အခါ ဆေးဝါးအပြင် ဓာတ်ဆားဖျော်ရည်များကိုလည်း သောက်သုံးလေ့ရှိပါသည်။ ဝမ်းအလွန်သွားခြင်းကြောင့် ကုန်ဆုံးသွားသော အားအင်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် သောက်သုံးကြခြင်းဖြစ်ပါသည်။ သို့သော်လည်း "တန်ဆေးလွန်ဘေး" ဆိုသည့်စကားအတိုင်း ဓာတ်ဆားဖျော်ရည်ကို စနစ်တကျ သောက်သုံးခြင်းမရှိလျှင် အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ကြောင်း သိရပါသည်။

သို့ဖြစ်၍ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားသည့်အခါ ဓာတ်ဆားဖျော်ရည်ကို မည်သို့မည်ပုံ သုံးစွဲသင့်သည်ကို ကျန်းမာရေးဗဟုသုတ တိုးပွားနိုင်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကင်း ကလေးဆေးရုံကြီးမှ ပါမောက္ခဒေါက်တာကျော်ဇင်ဝေနှင့် သွားရောက် မေးမြန်းခဲ့မှုများကို စုစည်းတင်ပြအပ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

